www.burmeseclassic.com



# ဇော်ထက်

## ဖာရောဘုရင်၏ စိန်ရွှေရတနာသားဖြောင်

နှင့် နိုင်ငံတကာ
ဂမ္ဘီရဆန်းကြယ်ဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၁၁၇၀/၂၀၀၃ (ဂ) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၉၉၉/၂၀၀၃ (ဂ) |
| ပထမအကြိမ် | ၂၀၀၄ ခုနှစ်၊ မတ်လ |
| အုပ်ရေ | ၁၀၀၀ |
| မျက်နှာဖုံးဒီဇိုင်း | ပန်းချီမောင်နေကြည် |
| မျက်နှာဖုံးကာလာခွဲ | စိန်နဂါး |
| ကွန်ပျူတာ | မပေါ်၊ မသူဇာ FRIENDSHIP |
| အတွင်းဖလင် | ကိုလှဝင်း |
| စာအုပ်ချုပ် | ကိုမြင့် |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ဦးမြင့်သိန်း (ယာယီ - ၁၃၇၇)<br>Shwe Offset Printing House<br>၁၇၂(ခ)၊ ၃၁လမ်း<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးထွန်းထွန်းဦး နှင်းဦးလွင်စာပေ<br>၃၃၃၊ A (ဂ)ရပ်ကွက်၊ ပြည်လမ်း<br>ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | FRIENDSHIP စာပေတိုက် |
| စီစဉ်သူ | မောင်နှံ့နောင် |

တန်ဖိုး ၅၀၀ ကျပ်


## မာတိကာ


- ❑ စာဖတ်သူသို့ -
- ❑ မဟာရာဇာ၏ စိန်ရွှေရတနာအားကြောင်း
- ❑ ကုတန်ခါမင်း၏ ရတနာသိုက်
- ❑ နောင်တမရလွန်မှ အဆိုပ်
- ❑ ယုံလောက်သောကူးဆန်မှု
- ❑ ပရလောက တကယ်ရှိသလား
- ❑ စုန်းမ
- ❑ ဘာအူး၏ ဂမ္ဘီရဆန်သောလျှို့ဝှက်ချက်
- ❑ အလှည့်မပြန်သော တစ်ကွက်ဉာဏ်
- ❑ ကြိုးပြတ်ရွှေတွဲစိန်ကြိုး
- ❑ စုံထောက်ရှားလော့ဟုမ်း ဝင်စားလေသလား


www.burmeseclassic.com

www.burmeseclassic.com

စာဖတ်သူသို့ -

စာရေးဆရာတော်ထက်၏

ရောင်ပြန်မဂ္ဂဇင်း၊ လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်း၊ မှုခင်းရုံမဂ္ဂဇင်း၊ မနုဿရီမဂ္ဂဇင်း၊ ဂန္ဓီရမဂ္ဂဇင်း၊ ကလျာမဂ္ဂဇင်းများတွင် ဖော်ပြခဲ့ပြီးသည့် ဂန္ဓီရဆန်းကြယ်ဝတ္ထုတိုဘဝပုစ်ကို စုစည်း၍ Friendship စာပေတိုက်မှ ပုံနှိပ်ထုတ်ဝေလိုက်ပါသည်။

လျှို့ဝှက်ဆန်းကြယ်စိတ်လှုပ်ရှားဖွယ်၊ ထူးဆန်းအံ့ဖွယ် ဂန္ဓီရဆန်းကြယ်စသည့် အတွေးကွန်ရက် စိတ်ကူးနယ်ပြန့်ကြက် စေနိုင်မည့် နိုင်ငံတကာမှ ဂန္ဓီရဆန်ဆန် လျှို့ဝှက်သည်းဖို ဘာသာပြန်ဝတ္ထုတိုလေးများပင်ဖြစ်သည်။

စာဖတ်သူ -

နှစ်ခြိုက်ခံစား အကြိုက်တွေ့သွားသည်ဟု ဆိုပါလျှင်··

BURMESE CLASSIC

**FRIENDSHIP** စာပေတိုက်

ထုတ်ဝေပြီးစာအုပ်

- မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)
  စီးပွားရေးလောက ရယ်စရာဟာသ


ဆက်လက်ထုတ်ဝေမည့်စာအုပ်

- အောင်မြတ်ဦး
  အချစ်ဗေဒ အချစ်ဒဿန
- ဝင်းနိုင်ဦး (ရေနံ)
  ကမ္ဘာကျော်အဆိုအမိန့်များ
  (World Famous Quotations)
- နိုင်သစ်
  တရုတ်ပညာရှိတို့၏အဆိုအမိန့်၊ နီတိ၊ ပုံပြင်များ
- ဝင်းနိုင်ဦး (ရေနံ)
  မိုးတစ်နေ့နှင့် ကမ္ဘာကျော်လက်ရွေးစင်ဂန္ထဝင်ဝတ္ထုတိုများ
- အောင်မြတ်ဦး
  မိန်းမတို့၏လျှို့ဝှက်ချက်နှင့် မိန်းမတို့၏အတွင်းသဘော
  (ပေါင်းချုပ်)



www.burmeseclassic.com

www.burmeseclassic.com



# မဟာရာဇ၀င်
# ဝိန်ရှေ့ရတနာများမြောင်

*Peter Cheyny* ၏

*G.Man At The Yard* မှ *The Arret.*

" နှင်းဆီပန်းစည်းတွင် တပ်ဆင်ထားသည့် ပေါက်ကွဲစေတတ်သည့် အရာဝတ္ထုတစ်ခုသည် သူ့တွင်ရှိသည့် ဝါယာကြိုးစလေးနှင့် အခန်းနံရံထိတွေ့နေရာမှ ပေါက်ကွဲအား ဖြစ်ပေါ်ကာ ဝုန်းခနဲထပေါက်သည်။ သို့နှင့်အမျှ နှင်းဆီပန်းစည်းများနှင့်အတူ အရာဝတ္ထုတစ်ခုကလည်း ကြမ်းပြင်ပေါ် ပြေးလွှားကျရောက်ခဲ့သည်။ . .

Friendship Publishing House

www.burmeseclassic.com

www.burmeseclassic.com



မီးလင်းဖိုတွင် လက်ကိုဖြန့်ကားရင်း အနွေးလှုံနေသူ 'အလွန်ဗိုု' သည် 'သန်းခေါင်ယံညှေ့သည်' နှင့် စပ်လျဉ်း၍ အတွေးနက်ကြည့်မိသည်။ သူ၏သန်းခေါင်ယံ ညှေ့သည်ထံပါးတွင် ပျော်ရွှင်စရာသတင်းတစ်ခုခု ပါလာပုံရသည်ဟု အကဲရလိုက်သည်။

"ကဲ… ဂျင်နီ။ မင်း ငါ့ဆီက ရံစရာအကြွေးရှိလို့ အခုလို အချိန်မရှိကြီး ရောက်လာတာတော့ ဟုတ်မယ်မထင်ဘူးနော်။ ည၁၂ နာရီဆိုရင်တော့ ငါ့ဆီ ဖုန်းလှမ်းဆက်လေ့မရှိတဲ့ မင်းဟာ… မဟုတ်မှလွဲရော… အကြောင်းထူးကိစ္စ တစ်ခုရှိနေလို့သာ ရောက်လာတာပဲ ဖြစ်ရမယ်"

အလွန်ဗိုုက စကားလမ်းခင်းပေးလိုက်သည်။

သူ၏ သန်းခေါင်ယံညှေ့သည် 'ဂျင်နီ' မှာ နာမည်အပြည့်အစုံအားဖြင့် 'ဂျင်နီမားကျင်း' ဖြစ်ပါသည်။ မြေအောက်လောကီကမူ သူ့ကို 'လေဒီ' ဆိုသော ဘွဲ့သညာအမည်တစ်ခုနှင့် အသိအမှတ်ပြုထားကြသည်။

ဂျင်နီသည် သူ၏အပေါ်အကျီ ကြယ်သီးတို့ဖြုတ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



ထွေ့ချောက် ကျင်လည်သော လက်ချောင်းလေးများက တံတောင်ဆစ်အနီး ရောက်သွားပါမှ ငွေချောင်းစီးကရက်ဘူးကို လှမ်းကိုင်ရင်း စီးကရက်တစ်လိပ် ထုတ်သည်။

ဂျင်နီသည် ရုပ်အားဖြင့်သာမဟုတ်၊ အမူအရာအားဖြင့်ပါ လှပ ကြည့်ကောင်းသည်ဟု အလွန်ဇို မှတ်ချက်ပြုမိသည်။ မီးလင်းဖိုမှ အလင်း ရောင်တွင် ဂျင်နီ၏ဆံပင်များမှာ ကြေးနီရောင်တောက်ပနေသည်။ ယခုမှ မြေအောက်လောကီ ဒုစရိုက်သားမှန်သမျှနှင့် အချိတ်အဆက်ရှိနေသော ဂျင်နီသည် ကျက်သရေမင်္ဂလာရှိသည်ဆိုသော အခွင့်အရေးတစ်ခုကို လက်လွှတ်အဆုံးရှုံးခံနေရသည်။

ဂျင်နီက မိမိကိုယ်ပိုင်သုံး လက်နက်တစ်ခုဖြစ်သည့် ညို့မှုရာ ပြုံးလေးနှင့် အလွန်ဇိုကို ပြုံးကြည့်သည်။

" ဒီမှာ အလွန်ဇို... ရှင်နဲ့ကျွန်မဟာ တစ်ယောက်ကိုတစ် ယောက် ကောင်းကောင်းနားလည်ထားကြတဲ့ မိတ်သင်္ဂဟလို့ပဲ ကျွန်မ ယုံကြည်ထားတယ်။ ကျွန်မဟာ ရှာပီအလက်ရဲ့ လက်အောက်မှာ ငါးနှစ် တိုင်တိုင် လုပ်ကိုင်လာခဲ့သူပီပီ ရှင်နဲ့ရှာပီအလက်တို့ရဲ့ အနေအထားကို လည်း ကောင်းကောင်းသိထားတယ်။ ရှင်နဲ့ရှာပီဟာ ခွေးနဲ့ဆိတ်လို တစ်ဦးပေါ်တစ်ဦး မတည့်ခဲ့ကြဘူးဆိုတာလည်း ကျွန်မသိထားတယ်"

သို့နှယ် အစချီကာ ဂျင်နီသည် ကိုယ်ကိုကိုင်းလိုက်သည်။ မျက်နှာအမူအရာကလည်း လေးနက်တည်ကြည်သွားသည်။

"ရှာပီဟာ ကျွန်မကို သူ့လက်အောက်ကနေ နှင်ထုတ်လိုက်ပြီ လေ။ ဝိုက်ားထဲကို မနူးမနပ်နဲ့ရောက်လာတဲ့ မျက်လုံးပြာပြာ ကောင်လေး တစ်ယောက်ကြောင့်ပဲ။ ကျွန်မကို သူ လက်တွဲဖြုတ်လိုက်တယ်။ နှစ်ပေါင်းများစွာ လက်တွဲလာပြီးမှ အခုလို ဖြုတ်ပစ်လိုက်တာဟာ ကျွန်မ





အဖို့ ဘာဝဆိုးတာပါပဲ။ အဲဒါနဲ့ ရှင့်ဆီကိုလာဖို့ ကျွန်မ အကြံရလာခြင်း အခုလို ကောက်ကာငင်ကာ လာခဲ့တာပါပဲ။ ရှာပီသာ ပြန်လက်ခံမယ်ဆို ရင် ကျွန်မပြန်သွားချင်ပါတယ်။ သူ့အတွက်လည်း အကျိုးရှိမယ်။ ကျွန်မ အတွက်လည်း မနစ်နာမယ့် အလုပ်မျိုးကို လုပ်ပေးချင်ပါတယ်--- ဒါပေမဲ့ သူကလက်မခံခဲ့ဘူး"

"မင်းပြောတာကို နားထောင်ကြည့်ပြီး နားလည်သလောက် ပြောရမယ်ဆိုရင် မင်းဟာ ငါ့ဆီမှာ တပည့်သစ္စာခံဖို့ ရောက်လာတာလို့ပဲ ငါတော့နားလည်လိုက်တယ်။ အေး... အဲဒီလိုသာ ဟုတ်မှန်ရင်တော့ မင်းရဲ့အကြံဟာ အချည်းနှီးဖြစ်သွားပြီလို့ပဲ ငါပြောပါရစေ။ မင်းအတွက် နေရာပေးဖို့ ငါ့ဆီမှာ ဘာတစ်ခုမှမရှိဘူး။ အလုပ်လစ်လပ်မှု ရှိရင်တောင် မှ ငါနဲ့ တစောင်းစေးနဲ့မျက်ချေးလို ဖြစ်နေတဲ့ ရှာပီ့တပည့် မင်းလိုလူကို တော့ လက်ခံဖို့ဝေလာမှဝေးပဲ... ဂျင်နီ"

သူက အပြုံးမပျက်ပင် ငြင်းဆန်သည်။

ဂျင်နီက သဘောကျသလို တဟင်းဟင်း ရယ်လိုက်သည်။

"ကိုယ်ထင်ရာ တစ်ယူသန်ဆွဲတွေးပြီး အရှူးကျမနေစမ်းပါနဲ့ အလွန်ဇို။ တစ်နှစ်ကို ငွေတစ်သန်း ပေးပါမယ်ဆိုရင်တောင်မှ ရှင့်လိုလူနဲ့ ကျွန်မလက်မတွဲပါဘူး။ ရှင်ဟာ ကျွန်မကို မှန်မှန်ထူထူနဲ့ တစ်ယူသန်တွေ တွေးနေမယ်ဆိုတာ ကျွန်မသိသားပဲ။ နောက်ပြီး... တကယ်တမ်း အရေးတကြီး လုပ်ရှားရမယ့် အခွင့်အရေးကြီးတစ်ခု ရှိနေရင်တောင် လက်တုံ့နှေးတတ်တဲ့ ရှင့်လိုလူနဲ့ လက်တွဲရရင် ကျွန်မအဖို့ ဝတ်မှိုပဲ ရှိတော့မယ်။ ရှင်ဟာ ကံကောင်းလို့လား၊ လိမ္မာပါးနပ်လို့လားတော့ မသိဘူး။ သူများမြုပ်နှံထားတဲ့ အဆိပ်တုံးကို တစ်ခါမှမျိုမချမိသေးဘူး။ ကျွန်မ အခုလာတာ အကြောင်းကိစ္စတစ်ခုရှိလို့ပဲ။ ရှင်ဂရုမစိုက်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



လက်လွတ်စပယ်နဲ့လုပ်ရင် အဲဒီအလုပ်မျိုးက ထောင်ထဲငါးနှစ်လောက် တန်းဝင်သွားနိုင်တယ် သိလား"

"အောဝါး…တယ်ဆိုတဲ့စာပါလား။ ကဲ… ပြည့်ပြည့်စုံစုံ ပြောပြစမ်းပါဦး"

အလွန်စိုက မခိုးမခန့်ပြုံး၍ လေတစ်ချက် ချွန်လိုက်သည်။

"ရှင့်ကို ကျွန်မသာ အငြိုးအတေးထားခဲ့ရိုးမှန်ရင်၊ ကျွန်မသာ တတာယ်တမ်း ရာပီရဲ့လက်အောက်မှာ ပြန်လုပ်ရိုးမှန်ရင် ကျွန်မဆီမှာ ပေါ်လာတဲ့သတင်းကို အခုလို တကူးတက ရှင့်ဆီပေးနေမှာမဟုတ်ဘူး… အလွန်စို"

စကားပလ္လင်ခံကာ ထိုင်ခုံနောက် မှီလိုက်ပြန်သည်။

"တန်ဒိုနိုင်ငံမှာရှိတဲ့ မဟာရာဂျာရဲ့ သံတမန်လူဖြစ်တဲ့ မစ္စတာရမ်းဆင်းဆိုတဲ့လူ။ လွန်ခဲ့တဲ့ နှစ်လလောက်က အိန္ဒိယပြည်ကနေ အလည်အပတ်ရောက်လာတာကို တစ်တိုင်းပြည်လုံး သိနေကြတယ် မဟုတ်လား။ မဟာရာဂျာ မအားလပ်တာနဲ့ သူ့ကိုယ်စား ရောက်လာတဲ့ ရမ်းဆင်းဟာ နိုင်ငံရဲ့အထိမ်းအမှတ် ပစ္စည်းတစ်ခုဖြစ်တဲ့ ဓားမြှောင်တစ်လက်ကို ရောင်းချဖို့ အစီအစဉ်ရှိနေတယ်။ ဓားမြှောင်တစ်ခုလုံးဟာ ရွှေသားစစ်စစ်ကော၊ ဘုရင်မင်းမြတ်တွေ ရွေးချယ်သီကုံးထားတဲ့ အဖိုးတန် စိန်တုံးစိန်ခဲတွေနဲ့ကော မွမ်းမံပြုလုပ်ထားတဲ့ အဖိုးထိုက်ပစ္စည်း ရတနာတစ်ခုပဲ… အလွန်စို။ ရာပီကို အနိုင်ယူချင်တဲ့ ရှင်ဟာ အဲဒီပစ္စည်းကို ရအောင်ယူပြီး အနိုင်ယူကြွားဝါပြလိုက်ရုံပဲ မဟုတ်လား။ ရာပီကလည်း ထင်နေတယ်။ ရှင်လည်းပဲ မဟာရာဂျာရဲ့ လူယုံတော်ဖြစ်တဲ့ သံတမန်ကြီးရမ်းဆင်းရဲ့ အဖိုးတန်ဓားကို ဖောက်ထွင်းယူတော့မှာပဲလို့။ ရှင်ဦးမသွားခင် သူကလက်ဦးဖို့၊ မနက်ဖြန်ညကျရင် သွားဖောက်ထွင်းဖို့





အစီအစဉ် ရှိထားတယ်ဆိုပါတော့။ ရမ်းဆင်းတည်းခိုတဲ့ နိုက်ဘရစ်မင်ရှင် ဂေဟာရဲ့ အပေါ်ထပ်မှာနေတဲ့ လူကတော့ ရှင့်ရဲ့ 'လွန်ဖာရာ' ပဲပေါ့။ အလွန်စို… ရှင့်အနေနဲ့ အမြန်ဆုံးလက်ဦးအောင် လုပ်ရှားဖို့ပဲလိုတော့တယ်။ တိကျသေချာမှလုပ်တတ်တဲ့ ရာပီဟာ နိုက်ဘရစ်မင်ရှင်ဂေဟာရဲ့ စကီလင်တန် သော့ဝိစ္စာသော့တူကိုတောင် အဆင်သင့်ပြုလုပ်ထားပြီးပြီ။ အဲဒီသော့ကတော့ အကြောင်းအားလျော်စွာ ကျွန်မရဲ့အိတ်ထဲကို ရောက်လာခဲ့ရတယ် ဆိုပါတော့ရှင်။ ဒါဆိုရင်တော့ ရှင်သဘောပေါက်နိုင်ပါပြီ"

"အင်း…တွေးကြည့်ရင်တော့ ခပ်လန်းလန်းပဲ"

အလွန်စိုက ညည်းညူသံနှင့်ဆိုသည်။

ဂျင်နီ ပြုံးလိုက်သည်။

"ရှင့်အနေနဲ့ မိနစ်ပိုင်းအတွင်းမှာ လှုပ်ရှားဖို့လိုလိမ့်မယ်။ ဒီညတွင်းချင်းမှာပဲ ဓားမြှောင်ကို အလစ်သုတ်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့ဖို့ အရေးကြီးတယ်။ သော့နှစ်ချောင်းထဲမှာ မီးအာမခံ၊ လုံခြုံသေတ္တာဖွင့်သော့လည်း ပါတယ်သိလား။ ကျွန်မ သတင်းရထားတာကတော့ ဒီည မစ္စတာရမ်းဆင်းဟာ ကပွဲတစ်ခုကို တက်ရောက်နေတယ်။ နံနက်နှစ်နာရီကျမှ နိုက်ဘရစ်မင်ရှင်ဂေဟာကို ပြန်လာလိမ့်မယ်။ အဲဒီအတွင်းမှာတော့ ဂေဟာထဲမှာ အစောင့်ကလွဲလို့ တစ်ယောက်မှ မရှိဘူးတဲ့။ ရှင့်အတွက် အားလုံးရေကန်အသင့်၊ ကြာအသင့်ပဲ။ လမ်းလျှောက်သွားပြီး အခြေအနေကောင်းတာနဲ့ ဝင်လှုပ်ရှားရုံပဲ။ တကယ်လို့ အောင်မြင်သွားလို့ ရှိရင် ကျွန်မကို ပြန်ကြည့်တဲ့အနေနဲ့ ရှင့်စေတနာရှိသလောက် ပေးနိုင်တယ်။ မပေးလည်း ကိစ္စမရှိဘူး။ ကျွန်မအဖို့တော့ ရာပီ့ကို ရှင်အနိုင်ရသွားရင် ကျေနပ်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"တဲ…ဂျင်နီ…မင်းလက်ထဲက စီးကရက်ကို ဖွာရှိုက်လိုက် ခင်းဝါဦး မင်းအတွဲပေးတာကို ငါလုပ်သင့်မလုပ်သင့် စဉ်းစားလိုက်ဦးမယ်"

သူတို့နှစ်ယောက်သည် အတွေးကိုယ်စီနှင့် ငြိမ်သက်သွားသည်။

ဂျင်နီက စီးကရက်ကို အငမ်းမရ ဖွာရှိုက်နေသလို အလွန်နို သည် မီးလင်းဖိုမှမီးရောင်ကို အကြောင်းမဲ့စိုက်ကြည့်နေသည်။ သူ၏ ရှုတ်နှာတွင် အပြုံးတစ်ခုခိုတွဲနေသည်။

သည်စဉ်အခိုက်မှာပင် ဖြစ်သည်။ တက်ကြွကြွနှင့် မြည်ကျူးလာသော တယောသံသည် လမ်းမအပြင်မှ ပျံ့လွင့်လာ၏။ အထူးရေပန်းစားခဲ့သော ရှေးခေတ်ဟောင်း အဆိုတော်တစ်ယောက်၏ တယောလက်သံမျိုးဖြစ်သည်။ သို့သော် လန်ဒန်မြို့၏ ရှုပ်ထွေးဆူညံမှုအကြားတွင် မြုပ်ချိုပေါ်ချိုဖြစ်နေသော ယင်းတယောလက်သံကို ဂျင်နီတစ်ယောက် သတိချပ်မိပုံမရ။ ထိုအသံကို သတိချပ်မိသူမှာ အလွန်နို။

ထိုအသံကြောင့် အလွန်နိုသည် တစ်ကိုယ်လုံး တင်းတောင့်သွားသည်။ စိတ်လှုပ်ရှားသွားသည်။ တယောလက်သံရှင်ကို အလွန်နို ကောင်းစွာမှတ်မိပါသည်။ တေးသွားကိုလည်းသိ၏။ တယောထိုးနေသူမှာ မန်းကီးဂရင်း ဖြစ်သည်။ မန်းကီးဂရင်းသည် လမ်းမပေါ်သွားလာရင်း တယောထိုး တောင်းရမ်းစားသောက်နေသော မုန်းတောင်းယာစကာ တစ်ယောက်။ တစ်နည်းအားဖြင့် လမ်းဘေးဂီတပညာရှင်တစ်ယောက် ဖြစ်သည်။ ပြည်သူ့အိုးအိမ်များ တည်နေရာ လိုင်း(မ်)ဟောက်(စ်)လို နေရာတွင် တောင်းရမ်းစားသောက်နေသော မန်းကီးဂရင်းသည် အားလ်တရားရုံးစိုက်ရာ ဤလိုနေရာတွင် ဘာကြောင့်လမ်းသလားပါလိမ့်။





တယောသံသည် အလွန်နိုအား တစ်ခုခုနှင့်စပ်လျဉ်း၍ တယ်လှန် သတိပေးနေသည့်နှယ်ရှိသည်။

အလွန်နိုသည် တံခါးပေါက်ဆီသို့ သုတ်သီးသုတ်ပျာ ထသွားမိသည်။ တံခါးဝအရောက်မှာပင် ဂျင်နီဘက်လှည့်၏။

"လမ်းဘေးဂီတပညာရှင်ကြီးကို ငါ တစ်သျှိုလင်လောက်သွားလှူဒါန်းလိုက်ဦးမယ် ဂျင်နီ။ ပြီးတော့ချက်ချင်းပြန်လာခဲ့မယ်" သွက်လက်သောခြေလှမ်းများနှင့် အလွန်နို လှေကားမှပြေးဆင်းသွားသည်။ အောက်ဆုံးအထစ်အရောက်မှာတော့ အပြင်မထွက်ဘဲ လှေကားတက်သည့် အပေါက်ဝ မှောင်ရိပ်ကပင် ရပ်တန့်၍စောင့်ဆိုင်းသည်။ လမ်းတစ်ဖက်မျက်စောင်းထိုးရှိ လမ်းမီးတိုင်အောက်တွင် မန်းကီးဂရင်းကို တွေ့လိုက်ရသည်။ မန်းကီးဂရင်း၏ အကြည့်များသည် အလွန်နိုပေးသည့် ဒင်္ဂါးကို အိတ်ထဲထည့်ရင်း…

"အရာရာသတိရှိပါ အလွန်နို။ ဒီစာကို သေသေချာချာဖတ်ပြီး ညွှန်ကြားချက်ကို ဂရုတစိုက်လိုက်နာပါ"

မန်းကီးဂရင်းက မည်သူ့မျှလှမ်းမကြည့်မီ စာအိတ်တစ်အိတ်ကို လှစ်ခနဲပေးသည်။ ထို့နောက် ပြုံးပြကာ တယောကို ဏှာခြေမပျက်ထိုး၍ ခရီးတစ်ခုကိုဆက်သွားသည်။

သူ့ကိုကြည့်ရင်း အလွန်နို ခေါင်းတစ်ချက်ညိတ်လိုက်မိသည်။ စာအိတ်ကိုတော့ လှေကားမှ လှမ်းအတက်မှာပင် ဖောက်ဖတ်ဖြစ်သည်။ လှေကားတစ်ထစ်ချင်း လှမ်းရင်းတက်လာသည်။ ဤသည်မှာ အလွန်နို လုပ်နေကျဖြစ်သည်။ ပထမထပ်သို့ ခြေချမိစဉ် စာကိုအဆော့ဖတ်လိုက်သည်။ မန်းကီးဂရင်း၏ လက်ရေးများသည် ကြောင်ခြစ်သလို



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ထွေးနေ၏။ သို့သော် အလှန်နို့အတွက်တော့ အဖိုးတန်သည်။ ဂျင်နီ သူ့ထံ ဘာကြောင့်ရောက်လာသည်ကို ထိုစာကြောင့် သိလိုက်ရသည်။ အလှန်နို့သည် တစ်ချက်ပြုံးလိုက်ပြီး စာကိုအိတ်ထဲထည့်သည်။

ဂျင်နီသည် မီးလင်းဖိုထဲမှ မီးများကို ထိုင်ကြည့်နေသည်။ အလှန်နို့ သူ့အနီးရောက်လျှင် ဖျတ်ခနဲမော့ကြည့်၍…

"ကဲ… အလှန်နို့…။ ရှင့်မှာ ဆုံးဖြတ်ဖို့ အချိန်သိပ်မရှိတော့ဘူးနော်။ ရှင်လုပ်မှာလား… မလုပ်ဘူးလား"

"ကောင်းပြီ ဂျင်နီ။ ဒီကိစ္စကို ငါလှုပ်ရှားဖို့ ဆုံးဖြတ်လိုက်ပြီ။ ငါအချိန်မဆွဲဘဲ လှုပ်ရှားတော့မယ်။ မင်းလက်ထဲကသော့ကိုသာ ငါ့ကို အပ်တော့။ သံအမတ်ရမ်းဆင်း ပြန်မလာခင် နာရီဝက်လောက်အလိုမှာ အဲဒီ စိန်ရွှေရတနာများမြောင် ငါ့လက်ထဲ ရောက်နေစေရမယ်။ အခု… ဆယ့်နှစ်နာရီခွဲပြီလေ"

ဂျင်နီမားကျင်းက စိတ်ကျေနပ်မှုရသွားသလို အပြုံးနှင့်-

"ရှင့်အတွက် ကံကောင်းမှာပါ။ ဟောဒီမှာ သော့နဲ့စာရွက်တစ်ရွက်။ အဲဒီစာရွက်ကို ပျောက်မသွားစေနဲ့။ အာမခံသော့ကိုဖွင့်ဖို့ ပုံစံနမ်းတွေ ရေးထားတဲ့စာရွက်လေ။ ဒီညဟာ ရှင့်အတွက် ကောင်းသောညတစ်ညဖြစ်ပါစေလို့လည်း ဂျင်နီ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်"

ဂျင်နီက သော့ဝိစ္စာနှစ်ချောင်းနှင့်အတူ စာရွက်ပိုင်းကလေးတစ်ခုကို စားပွဲပေါ်ချပေးသည်။

ဂျင်နီသည် တံခါးကို ပိတ်ပေးထားခဲ့ပြီး လှေကားမှဆင်းသွားသည်။ အလှန်နို့ မီးလင်းဖိုနား မိနစ်အနည်းငယ်မျှရပ်ရင်း ပြုံးနေမိသေးသည်။ စိတ်ထဲမှာပျော်ရွှင်သလို ခံစားနေရသည်လေ။ ထို့နောက်





တယ်လီဖုန်းကိုကောက်ကိုင်ပြီး ရမ်းဆင်း၏ ဂေဟာအပေါ်ထပ်မှ မိမိလူ လွှန်ဖာရာထံ အဆက်အသွယ်လုပ်သည်။ လွှန်ဖာရာ နိုက်ဘရစ်မင်ရှင် ဇာဟာအပေါ်ထပ်တွင်နေထိုင်သည်မှာ ဘာမျှမကြာသေး။ သုံးပတ်တောင်မပြည့်တပြည့်။ အလှန်နို့က အစီအစဉ်နှင့်ပတ်သက်၍ လိုအပ်ချက်လောက်ကို လွှန်ဖာရာထံ အသိပေးထားလိုက်သည်။ ပြီးသည်နှင့် အပေါ်အင်္ကျီကို ကောက်ဝတ်၍ အခန်းထဲက ချက်ချင်းထွက်ခဲ့သည်။

နိုက်ဘရစ်မင်ရှင် ရှေ့သို့အရောက်တွင် အလှန်နို့သည် ဝင်ပေါက်တံခါး၏ မှန်သားပြင်မှတစ်ဆင့် အတွင်းသို့လှမ်းကြည့်သည်။ အစောင့်ချုပ်ဂိုလ်သည် တစ်နေ့တာ၏ အနားယူချိန်ကို လုယူနေသည့်အလား ထိုင်လျက်ကြီး အိပ်ငိုက်နေရှာသည်။

အလေ့အကျင့်ရှိထားသော အလှန်နို့က အသံမထွက်အောင် တံခါးအသာတွန်းဖွင့်သည်။ အိပ်ငိုက်နေရှာသူ အစောင့်၏နံဘေးမှပင်ဖြတ်၍ ဒုတိယထပ်သို့ တက်ခဲ့သည်။ ဒုတိယထပ်တွင် အဆင်သင့်ထွက်ကြိုနေသော လွှန်ဖာရာကို အလှန်နို့ တွေ့ရသည်။

"ကဲ…လွှန်ဖာရာ…မင်းလုပ်ဖို့ကတော့ မင်းရဲ့အိမ်ပြတင်းပေါက်ကနေ ငါ့အတွက် အခြေအနေကို စောင့်ကြည့်နေပေးဖို့ပဲ…"

သူက ထိုမျှသာ ညွှန်ကြားထားပြီး လှေကားမှ တရွေ့ရွေ့ဆင်းလာခဲ့သည်။

ရမ်းဆင်း စံတည်းချသည့် ဂေဟာရှေ့တွင်ရပ်ကာ အသံဗလံကိုနားစွင့်ရသေးသည်။ အခြေအနေကောင်းပုံရနေသည်နှင့် သူက ဂျင်နီလမ်းညွှန်ထားသလို အတွင်းတစ်နေရာသို့ ဝင်ခဲ့သည်။ သို့နှင့် သူသည် မီးခံသေတ္တာကို ရှာရှာရှာဖွေပြင်ဖွင့်၍ အတွင်းမှအရာကို ထုတ်ယူနိုင်လိုက်သည်။



www.burmeseclassic.com

အလွန်ဖိုသည် လုပ်တန်သည်ကိုလုပ်ပြီး နောက်ဆယ့်ငါးမိနစ်ခန့် အကြာတွင် လွန်ဖာရာနှင့် လှေကားထိပ်မှာ ပြန်ဆုံသည်။ ညစောင့်သည် ထိုင်အိပ်မောကျရင်း အိပ်မက်တွေဝေဆာလို့ ကောင်းနေဆဲ။ သူ့အနီးမှ အလွန်ဖိုတို့ ထွက်သွားသည်ကိုပင် မသိရှိလိုက်။

"နောက်ပြောင်တမ်း ကစားနေတာလား အလွန်ဖို"

အလွန်ဖို၏လုပ်ရပ်ကို နားမလည်နိုင်သည့်နှယ် လမ်းတွင် လွန်ဖာရာက မေးသည်။

"ရမ်းဆင်းရဲ့အိပ်ခန်းထဲ ခင်ဗျားဝင်သွားတယ်ဆိုရင်ပဲ စီအိုင်ဒီ စုံထောက်လိုလို လူနှစ်ယောက် နိုက်ဘရစ်မင်ရှင်ဂေဟာဘက်ကို တစောင်းစောင်းတမြောင်းမြောင်း ကြည့်နေတာကို ကျွန်တော်သတိပြုမိလိုက်တယ်။ အခုတောင်မှ ကျွန်တော်တို့နောက်ကနေ နောက်ယောင်ခံလိုက်နေပြီလို့ ကျွန်တော်တော့ထင်တယ်"

ကိုယ့်အယူအဆနှင့်ကိုယ် အလွန်ဖိုက ဟားတိုက်ရယ်မောမိလိုက်သည်။

နံဘေးမှဖြတ်သန်းသွားသည့် အငှားတက္ကစီ ယာဉ်တစ်စီးကို တား၍ မိမိနေထိုင်ရာအခန်းဆီသို့ လွန်ဖာရာကို ခေါ်လာခဲ့သည်။

နောက်ထပ် ဆယ်မိနစ်ခန့်အကြာတွင် သူတို့သည် ထိုင်ခုံပေါ်တွင် အေးအေးသက်သာထိုင်မိကြသည်။ သူက မီးသေစပြုနေသော မီးလင်းဖို အနီးတွင်ဖြစ်သည်။ လွန်ဖာရာကို စီးကရက်ဘူးနှင့် လှမ်းဧည့်ဝတ်ပြုရင်း-

"အဖြစ်ကတော့ ဒီလိုကွ…။ ဒီနေ့ည သန်းခေါင်ယံလောက်မှပဲ ငါ့ဆီကို ဂျင်နီမားကျင်းဆိုတဲ့ ဟာမလေးရောက်လာတယ်လေ။ သူကိုယ်သူ ဆရာရှာပီအလက်က- ပထုတ်လိုက်တယ်ဆိုတဲ့ အကြောင်းပြချက်





တစ်ခုနဲ့အတူ သတင်းစကားတစ်ခုလည်း လာပါးတယ်ဆိုပါတော့ကွာ။ ရမ်းဆင်းဂေဟာထဲက တန်ဖိုးနိုင်ငံရဲ့ အထိမ်းအမှတ်ပစ္စည်းဖြစ်တဲ့ စိန်ရွှေရတနာစားမြောင်တစ်လက်ကို ဖောက်ထွင်းဖို့နဲ့ ငါ့ပြိုင်ဘက်ဖြစ်တဲ့ သူ့ဆရာရှာပီအလက်ထက် လက်ဦးဖို့၊ အမြန်လုပ်ရှားဖို့ ငါ့ကို တိုက်တွန်းလာတာပါပဲ လွန်ဖာရာ။ ဒါတင်မကသေးဘူး။ သူ့ဆရာ အထူးပြုလုပ်ထားတဲ့ မီးခံသေတ္တာဖွင့် သော့တူကိုလည်း ငါ့လက်ထဲ အပ်ပါရောလား…။ သူ့ဆရာ က မနက်ဖြန်ညကျရင် အဲဒီစားမြောင်နဲ့ ပတ်သက်ပြီး လှုပ်ရှားဖို့ အကြံအစည်ရှိနေကယ်တဲ့လေ။ ဒါပေမဲ့ ဂျင်နီလို ဖျံမလေးဟာ သူကိုယ်တိုင် လှုပ်ရှားနိုင်ရဲ့သားနဲ့ ငါ့ကိုလာခွယ်တာကိုတော့ ငါ့စိတ်ထဲမှာ သိပ်ဘဝင်ကျတာ မဟုတ်ဘူး။ အဲဒီအချိန်မှာပဲ ဆိုပါတော့ကွာ…။ တယောဆရာကလေး မန်းကီးဂရင်းရဲ့ တယောသံကို အပြင်ကကြားလိုက်ရတယ်။ ငါ့စိတ်ထဲမှာ ထူးခြားတာနဲ့ သူ့ကိုသွားဆင်းတွေ့တယ်။ ဒင်္ဂါးပြား တစ်သျှီလင် ပေးလိုက်တယ်ဆိုရင်ပဲ သူ့ညွှန်ကြားချက်ကို ဂရုတစိုက်ရှိဖို့ ပြောရင်းနဲ့ သူ့အိတ်ထဲကနေ စာအိတ်ကလေးတစ်အိတ် ထုတ်ပေးလာတယ်။ စာထဲမှာ ဘာရေးထားသလဲ လွန်ဖရာ။ တခြားတော့မဟုတ်ဘူး…။ လွန်ခဲ့တဲ့နှစ်ရက်လောက်က မန်းကီးဂရင်း ပန်းသီးပွင့်ကပွဲဆိုင်မှာ ရောက်နေတဲ့အခိုက်မှာပဲ ဂျင်နီမားကျင်းဆိုတဲ့ဟာမလေးရယ်၊ သူ့ဆရာရှာပီအလက်ဆိုတဲ့ ငနဲရယ်၊ အဲဒီစားမြောင်နဲ့ ပတ်သက်ပြီးရောက်နေတဲ့ ရမ်းဆင်းကိုယ်တိုင်ရယ် ဆိုပါတော့ကွာ…။ ငါ့နာမည်တပ်ပြီး တစ်ခုခုဆွေးနွေးနေတာကို သူကြားလိုက်ရတယ်တဲ့လေ။ အဲဒါနဲ့ သူတို့တစ်တွေဟာ ငါဆိုတဲ့အလွန်ဖိုကို တစ်ခုခု 'ထောင်'ဖို့ တိုင်ပင်နေတာဖြစ်ရမယ်ဆိုပြီး မန်းကီးဂရင်း စိတ်ထဲမှာတွေးမိရာက ငါ့ကိုစာနဲ့လာသတိပေးတာပဲ။ ဒါလောက် ချောချော့လွယ်ကူနေတဲ့ကိစ္စကို ငါမလုပ်ဘဲနေမှာမဟုတ်ဘူးလို့ ဂျင်နီမားကျင်းဆိုတဲ့ ကောင်မလေးက ယူဆခဲ့ပုံ

www.burmeseclassic.com



ရတယ်။ ဒီကောင်မလေးက မဆီမဆိုင် ရဲဘက်ကိုတောင် အလုပ်ရှုပ်သွားအောင် လုပ်လိုက်သေးတယ်။ ရဲစခန်းက ဂရက်တန်ကို ငါ ဒီညတော့ စိန်ဓားမြှောင်ကို ခိုးယူမှာပဲဆိုတဲ့ သတင်းမျိုး လှမ်းပို့ပေးခဲ့ဟန်တူတယ်…။ စောစောကနှစ်ယောက်ဟာ ဂရက်တန်ရဲ့ လူနှစ်ယောက်ပဲဖြစ်ရမယ်။ ငါ တကယ်လှုပ်ရှားသလား၊ မလှုပ်ရှားဘူးလားကို လာကင်းထောက်တာပဲ ဖြစ်ရမယ်။ သိပ်မကြာဘူး…ကြည့်နေ၊ သက်သေခံပစ္စည်းနဲ့အတူ ငါ့ကိုဖမ်းမိဖို့ ဥပဒေဘက်ကလူတွေ ငါ့အခန်းကို ရောက်လာကြလိမ့်မယ်…။ ရဲဘက်ကတော့ ဓားမြှောင်ဟာ ငါ့ဆီမှာ ရှိနေတယ်လို့ ထင်နေတော့မှာပဲ"

"အနို့…အဲဒီဓားမြှောင်ကကော ဘယ်မှာမို့လို့လဲ။ ခင်ဗျားယူမလာဘူးလား"

သည်တော့ အလွန်နီက ပြုံးရင်း…

"ပါမလာပါဘူး…လွန်ဖာရာ။ ဘာမှကြောက်မနေပါနဲ့…။ နိုက်ဘရစ်မင်ရှင် အဆောက်အအုံမှာရှိတဲ့ ရေသွန်ပိုက်လုံးကြီးထဲမှာ အဲဒီဓားမြှောင်ရောက်နေပါပြီ…။ ရေသွန်ပိုက်လုံးကြီးက အဆောက်အအုံရဲ့ ရှေ့မျက်နှာစာမှာ သွယ်တန်းတပ်ဆင်ထားတာ မဟုတ်လား…။ ပိုက်ရဲ့အောက်ခြေက ပလက်ဖောင်းနဲ့ တစ်ညီတည်းဖြစ်နေတယ် မဟုတ်လား…။ အေး…အဲဒီပိုက်လုံးထဲကို ငါထည့်ထားလိုက်တယ်။ အခုဆိုရင် ပိုက်လုံးအောက်ခြေမှာ ရှိနေလောက်ပြီ…။ ငါတို့တစ်တွေ ယူချင်တဲ့အချိန်မှာ အချိန်မရွေး သွားယူလို့ရနေပြီ"

သည်အခိုက်မှာပင် လူခေါ်ခေါင်းလောင်းသည် တစီစီနှင့် မြည်လာလေသည်။ အလွန်နီ မျက်စပစ်ပြလိုက်သည်နှင့် လွန်ဖာရာက တံခါးကိုသွားဖွင့်သည်။ အပေါက်ဝတွင် စုံစမ်းထောက်လှမ်းရေးမှူးကြီး





ဂရက်တန်နှင့်အတူ ယူနီဖောင်းဝတ် ရဲသားလေးယောက်။

အလွန်နီက ထ၍နှုတ်ဆက်ရာက…

"ကျွန်တော့်အနေနဲ့ ဘာများ အကူအညီပေးရမလဲ ခင်ဗျာ"

"လာပြီး လေချိုသွေးမနေပါနဲ့ အလွန်နီ။ နိုက်ဘရစ်မင်ရှင်ရမ်းဆင်းရဲ့ အိမ်ထဲက စိန်ဓားမြှောင် ဒီည အခိုးခံလိုက်ရတာနဲ့ ပတ်သက်လို့ မင်းဆီတို့ရောက်လာခဲ့တာလေ…။ ငါ့ကိုမှန်မှန်ဖြေစမ်း။ အဲဒီ ဓားမြှောင်ဘယ်မှာလဲ…"

စုံထောက်အင်စပက်တော်ကြီးက လာရင်းကိစ္စကို တုံးတိတိပင် ပြောသည်။

"ခင်ဗျားပြောနေတာကို ကျွန်တော် လုံးလုံးသဘောမပေါက်ရပါလား။ ကဲ…ထားလိုက်ပါလေ…ကျွန်တော့်အပေါ် မသင်္ကာကြဘူးဆိုလည်း ခင်ဗျားတို့တစ်တွေ ဝင်ပြီးရှာဖွေလိုက်ကြရုံပဲ မဟုတ်လား"

သတင်းကအတိအကျမို့ ဥပဒေဘက်တော်သားငါးဦးသည် ရှာဖွေခြင်းအလုပ်တို မလွဲမရှောင်သာ လုပ်ကြရရှာလေတော့သည်။ စိတ်အထင်နှစ်နာရီခန့်မျှ ကြာပေလိမ့်မည်။ ရှာဖွေ၍မတွေ့သည့်အဆုံးတွင် သူတို့တစ်တွေ ချွေးတလုံးလုံးနှင့် လက်လျှော့သွားရရှာတော့သည်။

စုံထောက်အင်စပက်တော် ဂရက်တန်က သက်ပြင်းမောတစ်လုံး ဟင်းခနဲချလိုက်ရာက…

"သတင်းကတော့ တိတိကျကျပဲ။ ဒါပေမဲ့ ဘယ်လိုဖြစ်သွားသလဲ ဆိုတာတော့ ကာယကံရှင်မှပဲ သိတော့မယ်"

"ကဲ…ရဲအရာရှိကြီးခင်ဗျာ။ စိတ်မောလူမော ဖြစ်သွားပြီဆိုလည်း ပြန်ပြီးအနားယူလိုက်ပါဦး ခင်ဗျာ။ မနက်ကျမှပဲ အဲဒီဓားမြှောင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာရှိနေသလဲဆိုတာကို ကျွန်တော်ကိုယ်တိုင် စုံစမ်းခဲ့ပြီး လှမ်းသတင်းပို့ပါ့မယ်။ အရာရှိကြီးတို့ ရောက်လာတာလည်း ကျွန်တော့်လို နာမည်ပျက်ရှိနေတဲ့ ရှာပီအလက်တို့ရဲ့ စနက်နဲ့မကင်းဘူးလို့ ကျွန်တော်ထင်ပါတယ်"

"ကောင်းပြီလေ…မနက်ဖြန် ဆယ်နာရီဆိုရင် ငါရုံးခန်းမှာ ရှိနေလိမ့်မယ်။ ကိုင်း…သွားကြမယ်"

"ဌတ်နိုက်ပဲ အင်စပက်တော်။ ဒီတစ်ကြိမ်မှာ ကံမကောင်းသေးမယ့် နောက်တစ်ကြိမ်မှာဆိုရင်တော့ 'အင်စပက်တော်တို့ ကံကောင်းကြမှာပါ'"

နောက်တစ်နေ့ နံနက်ဆယ်နာရီ။ အလွန်နိုသည် စကော့တလန်ယာဒ်စုံထောက်ဌာနတွင် သတင်းပို့စရာရှိသည်ကိုပို့ပြီး 'ကွန်ဟီးလ်'မှာရှိသည့် အာမခံကုမ္ပဏီတစ်ခုသို့ ခရီးဆက်ခဲ့၏။ အာမခံကုမ္ပဏီ၏ အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံရန်ဖြစ်သည်။

အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံခွင့်ရစဉ်မှာပင်…

"အာမခံလုပ်ထားတဲ့ စိန်ဓားမြှောင်၊ ညက အဖောက်အထွင်းခံရတာနဲ့ပတ်သက်ပြီး လျော်ကြေးလှမ်းတောင်းတဲ့ မစ္စတာရမ်းဆင်းဆီက တောင်းခံလွှာစာကို ခင်ဗျားတို့ လက်ခံရရှိလိမ့်မယ်လို့ ကျွန်တော်ယူဆမိပါတယ်။ ဒါပေမဲ့ အဲဒီဓားမြှောင်ဟာ လူတွေရဲ့လက်ထဲ မရောက်သေးဘဲ တစ်နေရာမှာ ရှိနေတဲ့အကြောင်း ကျွန်တော်သတင်းပို့ချင်လို့ လာခဲ့တာပါ"

အလွန်နိုရဲ့ သတင်းစကားကြောင့် မန်နေဂျာအုပ်ချုပ်ရေးမှူးကြီးသည် ထိတ်လန့်တကြား ပြူးကြည့်လာသည်။ ပြီးနောက်….





"ကောင်းပြီ။ အဲဒီသတင်းကို စကော့တလန်ယာဒ် စုံထောက်ဌာနကိုပဲ သတင်းပို့ပေးလိုက်ပါ အလွန်နို။ ပို့တဲ့သတင်းအတိုင်း အမှန်တကယ် မှန်ရင်တော့ ကျွန်တော်တို့ကုမ္ပဏီကပဲ ခင်ဗျားကို ဆုငွေအဖြစ် ဒေါ်လာတစ်ထောင်တိတိ ချီးမြှင့်ပါမယ်"

မန်နေဂျာကြီးက၊ သူတို့ ကုမ္ပဏီက အမြဲ့ထုတ်ထားသည့် ဆုငွေကြေညာလွှာစာရွက်ကလေးကို အလွန်နိုလက်ထဲ လှမ်းပေးသည်။

အလွန်နို စာရွက်ကလေးကို အိတ်ထဲထည့်ဆောင်ထားလိုက်ပြီး အာမခံကုမ္ပဏီက ပြန်လာခဲ့သည်။

မိမိအိမ်ရောက်စဉ် အလွန်နိုသည် အတွေးကိုပန္နက်ရိုက်၍ အစီအစဉ်တစ်ခုကို ရေးဆွဲသည်။ ထို့နောက် ဂျင်နီမားကျင်း စတည်းချရာ စပလင်းဒိုက်ဟိုတယ်မှ အစေအပါး လုလင်တစ်ယောက်ကိုခေါ်၍ နှင်းဆီပန်းအစည်းကြီးတစ်ခု ဂျင်နီ၏အခန်းကို ပို့ပေးစေသည်။ မိမိနာမည်နှင့်မဟုတ်ဘဲ လူကြီးလူကောင်း တစ်ဦးတစ်ယောက်ထံမှ ပေးပို့သောပုံစံနှင့် ပို့ပေးခိုင်းသည်။

နှင်းဆီပန်းစည်း ရောက်သွားလောက်သည့် အချိန်ကိုခန့်မှန်း၍ ဂျင်နီထံ ဖုန်းလှမ်းဆက်သည်။

ဂျင်နီသည် ဖုန်းသံ စီစီလောင်လောင်မြည်လာသည်နှင့် ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟဲလို… ဂျင်နီ။ နှင်းဆီပန်းစည်းကို မင်းကြိုက်နှစ်သက်လိမ့်မယ်လို့ ငါမျှော်လင့်ပါတယ်။ နောက်တစ်ချိန်ကျမှပဲ မင်းကံကောင်းပါစေ"

တယ်လီဖုန်းထဲမှ အလွန်နိုအသံ ပေါ်ပေါက်လာပြီး ချက်ချင်း ဖုန်းပြန်ချသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျင်နီ အုံ့အားသင့်နေစဉ်မှာပင် ဖြစ်သည်။ နှင်းဆီပန်းစည်းတွင် တပ်ဆင်ထားသည့် ပေါက်ကွဲစေတတ်သည့် အရာဝတ္ထုတစ်ခုသည် သူ့တွင် ရှိသည့် ဝါယာကြိုးစလေးနှင့် အခန်းနံရံထိတွေ့နေရာမှ ပေါက်ကွဲအားဖြစ်ပေါ်ကာ ဝုန်းခနဲထပေါက်သည်။ သို့နှင့်အမျှ နှင်းဆီပန်းစည်းများနှင့်အတူ အရာဝတ္ထုတစ်ခုကလည်း ကြမ်းပြင်ပေါ် ပြေးလွှားကျရောက်ခဲ့သည်။ ဂျင်နီတစ်ယောက် အံ့သြလွန်း၍ အသံပင် ယောင်ယမ်းလွှတ်ထုတ်သွားမိသည်။ တောက်ပသော နေရောင်အောက်တွင် တွေ့မြင်ရသည့် အရောင်တလက်လက်နှင့် တန်ဖိုး၏အထိမ်းအမှတ် ဓားမြှောင်တစ်လေး။

ဂျင်နီသည် စိန်ရွှေရတနာ ဓားမြှောင်လေးကို အပြေးအလွှားကောက်ယူမိသည်။ ဂျင်နီ ဓားမြှောင်ကလေးကိုင်ရင်း အံ့အားသင့်လို့မဆုံးမီ အခန်းတံခါးချပ် ဒိုင်းခနဲပွင့်လာပြီး အင်စပက်တော် ဂရက်တန်နှင့် တပည့်နှစ်ဦး အခန်းတွင်းသို့ ဝင်ရောက်လာတော့သည်။ ရောက်ရောက်ချင်းပင် စုံထောက်အင်စပက်တော်ဂရက်တန်၏ မျက်လုံးက ဂျင်နီလက်ဝယ်ရှိ စိန်ရွှေရတနာဓားမြှောင်ပေါ်သို့ ကျရောက်နေ၏။

"ကိုင်း…ဂျင်နီ။ ငါတို့တစ်တွေဟာ အလွန်နီရဲ့သတင်းပို့ပေးချက်အရ မင်းဆီကို ရောက်လာကြတာပါပဲ။ သူ့ကို ထောက်ချောက်ဆင်ဖမ်းမယ့် ဓားမြှောင်ဟာ မင်းတို့လက်ထဲမှာ ရှိနေတယ်လို့ အလွန်နီက ပြောလို့ ငါတို့လာခဲ့ကြတာ။ အခုတော့ လက်ပူးလက်ကြပ်မိလို့ပါပဲလား"

"မဟုတ်ဘူး… မဟုတ်ဘူး။ အဲဒီဓားမြှောင်ကို ကျွန်မ ဖောက်ထွင်းတာ မဟုတ်ပါဘူး။ ကျွန်မကို အလွန်နီ နှင်းဆီပန်းစည်းကြီးနဲ့ ထောင်ချောက်ဆင်ပြီး ပို့လိုက်တာ"

"ကဲပါလေ… ဒါတွေကို နောက်မှပဲရှင်းတော့…။မင်းကိုတော့





မင်းဆရာ ရှာပီအလက်ကိုကော လူတစ်ဖက်သားအပေါ် မကောင်းကြံမှုအတွက် ဖမ်းဆီးအရေးယူကြရတော့မယ်။ မင်းဆရာ ရှာပီကိုလည်း ငါတို့ဖမ်းထားကြပြီးပြီလေ"

နောက်တစ်နာရီခန့်အကြာတွင် ဖြစ်ပါသည်။ အလွန်နီသည် မြို့ထဲရှိ အာမခံကုမ္ပဏီတိုက်ခွဲတစ်ခုမှ သူ့အတွက် ရသင့်သည့်ဆုငွေကို ထုတ်ယူပြီး ရုံးခန်းထဲမှ ထွက်လာခဲ့သည်။ သူ့အိတ်ထဲတွင် ဒေါ်လာတစ်ထောင်တိတိ။ ဤသည်မှာ 'တရားသဖြင့်' ရရှိသော ဆုလာဘ်တွေသာဖြစ်သည်။ အလွန်နီ့အဖို့ ဒီနေ့ဒီရက်သည် အပျော်ဆုံးသောနေ့ရက်ဟု သတ်မှတ်ရမည်လား မပြောတတ်။


လူတစ်ဖက်သားအပေါ် အငြိုးအတေးထား၍ မကောင်းခဲ့သော ဂျင်နီမားကျင်းနှင့် ရှာပီအလက်တို့အဖို့မူ ဒီနေ့ဒီရက်သည် စိတ်ညစ်စရာကောင်းသော နေ့ရက်များ ဖြစ်လေမည်လား ဆိုသည်မှာ ကာယကံရှင်များ ကိုယ်တိုင်ပင် သိကြပေလိမ့်မည်တည်း။ ။

*ကလျာမဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၁၉၈၅။*



www.burmeseclassic.com

www.burmeseclassic.com



# တုတန်ခါမင်၏ ရတနာသိုက်

*Did cuise kill after 5,000 year*

" ရှေးအီဂျစ်အတတ်များသည် ကျွန်တော်တို့တစ်တွေ ဒီကနေ့ထိတိုင် ခန့်မှန်း၍မရနိုင်သော ထူးဆန်းမှုများဖြင့် ပြည့်မှမ်းလျက် ရှိနေပါသည်။ 'သင်းတို့တစ်တွေ'၏ စေစားဖန်တီးနိုင်သော 'မမြင်စွမ်းအား'မျိုးသည် ကျွန်တော်တို့အကြားတွင် ကိုယ်ပြောက်အသွင် တည်ရှိနေပါသည်။ . .

Friendship Publishing House

www.burmeseclassic.com

www.burmeseclassic.com



သဲနုမြေဝါတို့ လွှမ်းခြုံကြက်သောနေ၊ 'နိုင်းလ်' တောင်ကြား တစ်နေရာတွင် ရာစုနှစ်ပေါင်းများစွာ 'တုတန်ခါမင်' ၏ သင်္ချိုင်းပြာသာဒ်ထဲမှ အုံ့မှုယ်ရတနာသိုက်ကြီး။ တစ်နေ့သ၌ အင်္ဂလိပ်အမျိုးသားတစ်ဦးသည် လျှို့ဝှက်ဝင်ပေါက်တစ်ခုမှဝင်လျက် ရှေးအီဂျစ်နတ်ဘုရင်၏ အဆီးအတား ကျိန်စာနယ်မြေအတွင်း ခြေလှမ်းခဲ့မိသည်တွင်...။

ရတနာသိုက်ရှာပုံတော်

"အသင်သူသည် 'တုတန်ခါမင်' ၏ ကျိန်စာကို ဖီဆန်ဝံ့သည် ရှိသော် နတ်ဘုရားအပေါင်းတို့၏ ဘုရင်သည် အသင်သူ၏ နောက်ပါးသို့ အရိပ်သဖွယ် လိုက်ပါစေသား။ မတ် (Mut) သည် အသင်သူ၏ နှီးမယားထံသို့ တကောက်ကောက်လိုက်နေစေ။ ခွန်စု (Khonsu) သည် အသင်သူ ရင်သွေးငယ်တို့၏ ချောက်ချားရိပ်သဖွယ်ရှိနေစေ။ ထို့အတူ နာကြည်းမှု ကင်းပစေ။ သို့နှင့်အမျှ ရေအာဟာရကဲ့သို့ ပြင်းထန်သော ချင်ခြင်းတပ်မက်မှုမျိုး မပြယ်စေသား"

www.burmeseclassic.com



အထက်ပါဝါကျများ၏ မူရင်းမှာ အီဂျစ်ဘာသာရပ် ဖြစ်သည်။ ရှေးနတ်ဘုရားအပေါင်းတို့၏ နှုတ်မိန့်သဖွယ်ဖြစ်သည်။ နှစ်ပေါင်းများစွာ ကြာလာသည်နှင့်အမျှပင် 'လော့ဒ်ကာနာဗွန်' (LORD CARNARVON) လို မဟာဦးနှောက်ရှင်ကြီး၏ မှတ်ဉာဏ်တွင် ကျွမ်းလောင်ပြာကျ မေ့လျော့သွားဟန်ရှိသည်။

ပြောမည်ဆိုလျှင်...

ဘီစီ ၁၄ရာစုနှစ်က အီဂျစ်ပြည်တွင် ၆နှစ်ကိုင်တိုင် စိုးမိုးအုပ်ချုပ်ခဲ့သော ဘုရင်တူတန်ခါမင် (King Tutankhamen) နောက်ဆုံးလျောင်းစက်ရာ ဒဏ္ဍာရီရတနာသိုက် သင်္ချိုင်းမြေဂူကို သဲနုမြေဝါ နိုင်းလ်တောင်ကြား THE VALLY OF THE NILE တစ်ဝိုက် ရှာရှာဖွေဖွေ လုပ်ခဲ့သည့်ကာလမှာ ဆယ့်ခြောက်နှစ်ပင် ရှိခဲ့ပြီဖြစ်သည်။

ထိုဘုရင် 'တူတန်ခါမင်'သည် ဘုန်းကြီး၍ အသက်မရှည်။ အသက်ဆယ့်ရှစ်နှစ်တွင် နတ်ရွာစံသည်။ ကျောက်စာအကွရာများ၏ အလိုအရ ဘုရင်မင်းမြတ် တူတန်ခါမင်၏ သက်မဲ့ခန္ဓာကို 'မမ်မီ'ဆေး စိမ်ရုပ် ပြုလုပ်လျက် အတိုင်းအဆမဲ့ ရတနာသိုက်တို့နှင့်အတူ ခမ်းခမ်းနားနားမြှုပ်နှံ အုတ်ဂူပြုလုပ်ခဲ့သည်ဟု သိခဲ့ကြရသည်။

သို့နှင့်အမျှပင်...။

နတ်ရွာစံ ဘုရင်မင်းမြတ်ကလေး၏ ဘုန်းမီးနေလသည် အလျှံတညီးညီးတောက်၍ သဘာဝလွှမ်းစုန်းအတတ်ကဲ့သို့ ပညာများ စိုးမိုးတတ်မြောက်ခဲ့ကာ ဝန်တိုဒေါသမျိုး၊ အခဲမကျေ လက်စားချေစိတ်ရှိမှုမျိုး ထန်ပြင်း၍ သူပိုင်မြေဥစ္စာများအပေါ် ကျူးကျော်စာထားမှုမျိုးလုပ်ခဲ့မည် ကေန်ဟု ရာစုနှစ်ပေါင်းများစွာပင် အများတကာ လက်ခံလာခဲ့ကြသည် အမှန်ပင်။





"လော့ဒ်ကာနာဗွန်" ရတနာသိုက် ရှာပုံတော်ဖွင့်သည့်ကာလအတွင်း အင်္ဂလန်မှ ဧနီးထံ အလည်အပတ်ပြန်နားနေခိုက် သူနှင့် ရှာဖွေဖော်ရှာဖွေဖက် ထင်ရှားသောကျောက်စာပညာရှင် 'ဟိုးဝပ်ကာတာ'ထံမှ ပေးပို့လိုက်သည့်စာကို နိုဝင်ဘာ ၄ရက်၊ ၁၉၂၂တွင် လက်ခံရရှိလိုက်ပေသည်။ ရတနာသိုက်တည်နေရာကို ဖော်ထုတ်နိုင်ခဲ့သည့်အကြောင်း လှမ်းသတင်းပို့ခြင်းဖြစ်သည်။

ဟိုးဝပ်ကာတာ၏ စာထဲတွင် ဤသို့ပါရှိသည်။

*"အလုပ်နားလိုက်လုပ်လိုက်နဲ့ စိတ်ဓာတ်ကျလှလှ အချိန်မှာပဲ ကျောက်ဆောင်ကြားထဲမှာနေ လှေကားထစ်လိုလို ချိုင့်ထားတာ စတွေ့လိုက်ရတာပါပဲ။ အဲဒါနဲ့ သာမန်သဘောထက် ထူးခြားပြီဆိုတာ ချက်ချင်းနားလည်လိုက်ရတယ်။ ထူးတဲ့လူတွေကို စိတ်မာန်တင်းပြီး အမြန်လှုပ်ရှားဖို့ တိုက်တွန်းလိုက်တာနဲ့ပဲ ဆိုပါတော့ဗျာ..."*

## အသေပိတ်ထားသောတံခါးမကြီး

*"သုံးရက်လည်း ကြာသွားရော ကျောက်ဆောင်ကြားက နောက်ထပ် လှေကားထစ်ပေါင်း ဆယ့်ခြောက်ထစ်တိတိ တွေ့လိုက်ရပြန်တယ်။ သိပ်မကြာခင် အသေပိတ်ထားတဲ့ တံခါးမကြီးတစ်ခုကို တွေ့တော့မှပဲ ကျုပ်နဲ့ခင်ဗျား နှစ်ပေါင်းများစွာမက်ခဲ့ရတဲ့ အိပ်မက်တော့ မကြာခင် အကောင်အထည်ပေါ်တော့မှာပဲလို့ စိတ်လှုပ်ရှားနိုင်တော့တယ်ဗျို့"*

*"ကာနာဗွန်ခင်ဗျာ...ကျုပ်တော်တို့တစ်တွေ ဘုရင်တူတန်ခါမင်ရဲ့ ရတနာသိုက်သင်္ချိုင်းဂူကိုတွေ့ဖို့ သိပ်မဝေးတော့ဘူး သိလားဗျ။ ခင်ဗျား ဒုန်းစိုင်းပြီး အမြန်သာပြေးလာခဲ့။ ခင်ဗျားရောက်တော့မှပဲ ပိတ်နေတဲ့ တံခါးကြီးကိုဖွင့်အောင် ကြိုးစားကြတာပေါ့ ဟုတ်လား"*



www.burmeseclassic.com

www.burmeseclassic.com



"ဝင်ဆေါတ်တံခါးပေါ်မှာ ထွင်းထုထားတဲ့ အက္ခရာတွေရဲ့ မိတ္တူ ထော်သီတို့တော့ တိုင်ရိုမှာရှိတဲ့ ပြတိုက်က စကားပုက်ရှာဖွေမှု သုတေသန ဌာနကိုပေးထားပြီးပြီ။ ခင်ဗျားရောက်လာတဲ့ အချိန်ဆိုရင်တော့ အကျိုး အကြောင်းသိရမယ် မျှော်လင့်တာပဲ"

"ဒီကြားထဲမှာ တူးကြတာကို ခဏနားထားပြီး 'သူခိုးမျက်လုံး' အကြည့်က ကင်းကင်းရှိအောင် ပုံစံမပျက် ပြန်ဖုံးထားရမှာပဲ။ ဒါပေမဲ့ ဒါလောက်ထိ သတိထားနေလောက်အောင် အကျိုးမှရှိပ့ါမလားလို့ စိတ် ထဲမှာ ဒွိဟဖြစ်မိတာ အမှန်ပဲဗျ။ ဒီနယ်သား အီဂျစ်လုပ်သားတွေ အဖို့ တော့ သချိုင်းဂူတွေနေတာတောင် စခန်းပောင်းကြီးတစ်ခုတွေသလို၊ သဆော်ပေါ်က ခုန်ဆင်းလာတဲ့ ကြွက်တွေတွေနေရသလို ဘာမှဆန်းကြယ် တဲ့ဟန်မပြကြဘူး။ တကယ်တော့ သူတို့ဟာ သာမန်အသိလောက်ပဲရှိ နေခဲ့ကြသူတွေဆိုတော့ ကျိန်စာတိုက်တာတို့၊ ဘာတို့ကို ဆန့်ကျင်လုပ်ကိုင် ရဲကြဟန်လည်း မရှိပါဘူး"

သို့နှင့်ပင်…

'လော့ဒ်ကာနာဗွန်'သည် အင်္ဂလန်မှ ပထမဦးဆုံးသင်္ဘောထွက် သည့်အခေါက်ဖြင့်'လူဇာ' သို့ ရေလမ်းခရီးမှ ထွက်ခွာလာခဲ့သည်။ သူ့သင်္ဘောမှအဆင်း ကုန်းမြေလွှာပေါ်မှ မြေမချရသေး၊ ကိုင်ရိုမှပေးပို့ လိုက်သည့် မိတ်ဆွေတစ်ယောက်၏စာကို လက်ခံဖတ်ရှုလိုက်ရပေသည်။ ထိုမိတ်ဆွေသည် လက္ခဏာပညာရှင်တစ်ဦး ဖြစ်သည်။ မှူးမတ်ကြီး လူးဝစ်ဟာမွန်၏ သားဖြစ်၍လည်း လူဝင်ဆံ့အောင် ကျော်ကြားသူဖြစ် သည်။ ထို့ပြင် သူကိုယ်၌က ဂမ္ဘီရလို အထူးအဆန်းများ ဝါသနာပါ လိုက်စားလျက် ဦးနှောက်ဉာဏ်အရာမှာ သာမန်ထက်ထူးခြားခဲ့သူပင်…။





သူ့စာထဲတွင်…

"မိတ်ဆွေကြီး လော့ဒ်ကာနာဗွန်ခင်ဗျား။ ဘုရင်တူတန်ခါမင်၏ အိပ်နှံပြန်တမ်းကို လျှစ်လျူမရှုသင့်ကြောင်း သတိပေးလိုပါသည်။ ထို့ပြင် အသက်ရှင်ရေးနှင့် စပ်ဆိုင်သောအကြောင်းမို့လည်း ဘုရင်၏ဂူအား ဖြိုခွဲ ဖြတ်သန်းသွားဖို့ မသင့်ကြောင်း၊ လူ့ဘဝတွင် သက်တမ်းရှည်နေထိုင်လိုပါ လျှင် ကျိန်စာမှ ရှောင်ကြဉ်သင့်ကြောင်း မှာကြားရခြင်းပင်ဖြစ်ပါသည်"

"ရှေးအီဂျစ်အတတ်များသည် ကျွန်တော်တို့တစ်တွေ ဒီကနေ့ထိ တိုင် ခန့်မှန်း၍မရနိုင်သော ထူးဆန်းမှုများဖြင့် ပြည့်ဝှမ်းလျက် ရှိနေပါ သည်။ 'သင်းတို့တစ်တွေ'၏ စေစားဖန်တီးနိုင်သော 'မမြင်စွမ်းအား'မျိုး သည် ကျွန်တော်တို့အကြားတွင် ကိုယ်ပြောက်အသွင် တည်ရှိနေပါသည်။ သင်းတို့၏အလိုဆန္ဒကို ဖီဆန်မတိုက်ရန်မှာ ကျွန်တော်တို့တာဝန်ပင် ဖြစ်သည်"

လော့ဒ်ကာနာဗွန်သည် သဘာဝထက် ထူးဆန်းကြယ်သော မမြင် စွမ်းအားများကို ပြက်ရယ်ပြုသူတစ်ဦး မဟုတ်ခဲ့ချေ။ အီဂျစ်တွင် နှစ် ပေါင်းများစွာ နေထိုင်ခဲ့သူဖြစ်၍လည်း သဘာဝလွန် အစွမ်းသတ္တိများကို ကိုယ်တွေ့ကြုံခဲ့ဖူးသူဖြစ်သည်။

'ဟိုးဝပ်ကာတာ'သည် ခရစ္စမတ်နံနက်ခင်းတွင် ဆိုက်ရောက် လာသည်။ 'လော့ဒ်ကာနာဗွန်'အား တွေ့လိုက်ရသည့်တစ်ခဏ မြူးရွှင် တက်ကြွစွာပင် ဆီးကြိုခဲ့ခြင်းပြုသည်။

"ကြိုဆိုပါတယ်ဗျာ။ ကြိုဆိုပါတယ်။ ခင်ဗျားပြန်တောင် ရောက် မလာမဟုတ်ဘူးလို့ ကျွန်တော်တွက်နေတာဗျ။ ကဲ…ကဲ…အဝတ်အစား တွေ လဲလိုက်ဦး။ ပြီးမှ ပြောကြတာပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သို့သော်…

တိုင်ရီမြတိုက် သုတေသီဌာနချုပ်မှ သိခဲ့ရသည့် တံခါးပေါ်ပါ စာတတ်အက္ခရာ၏ အနက်အဓိပ္ပာယ် ရှင်းမပြမီမှာပင် လက်များအကြား ခေါင်းတိုက်ထိ၍ စိတ်ဓါတ်ကျပျက်ပြသည့် လော့ဒ်ကာနာဗွန်အား ‘ကာတာ’ တွေ့လိုက်ရပေသည်။ ဪ…ဘယ်လို အမှောင့်ပယောဂများ ဝင်နေပါလိမ့်။

လော့ဒ်ကာနာဗွန်၏ ပုံစံပျက်ပန်းသည့် စိတ်လှုပ်ရှားမှုသင်္ကေတ သီသာစွာ ဖော်ကျူးလှစ်ပြနေသည်မှာအမှန်ပင်။

အဆုံးတွင်…

မမျှော်လင့်သောစကားသံက လော့ဒ်ကာနာဗွန်နှုတ်များက ထွက်လာခဲ့ပြန်ရာ ကာတာမှာ နားကြားများ မှားသွားသလား ထင်လိုက်ခဲ့ရသည်။

“ကိုင်း… ဟိုးဝပ်ရေ။ သင်္ချိုင်းဂူတံခါးကို ကျုပ်တို့မဖွင့်ကြဘဲ မုံးစရာရှိတာမုံးပြီး ပြန်ကြရအောင်ဗျာ” ဟုသတည်း။

## မြလှမ်း

[illegible] ဟုတ်သည်။ ‘လော့ဒ်ကာနာဗွန်’ ပြောလိုက်တာမှ ဟုတ်ပါရဲ့လား စေဝေါမြစ်ရသည်။ ကမန်းကတန်း ပြန်မေးရသည်အထိ။

“ဘယ်…ဘယ်လိုဗျ။ ပြန်ကြရအောင်တဲ့ ဟုတ်လား။ ဒါ လောက် နှစ်ပေါင်းများစွာ ဒုက္ခပေါင်းစုံ နှင်းခံလာပြီးမှ အနားရောက်ခါနီး ခင်ဗျားက ပြန်တော့မယ်ပေါ့။ ဒါဟာ ရာဇဝင်သမိုင်းမှာ တစ်ခါမှ မပေါ်ဖူးတဲ့ ရတနာပုံကြီး သိမ်းပိုက်ခွင့်ကြုံခါနီးအချိန်ဆိုတာ နားမှ လည်သေးရဲ့လား။ အိုဗျာ… ခင်ဗျားစိတ်မှမှန်ရဲ့လား၊ ခင်ဗျားပါးစပ်က





ပြောလိုက်တာမှ ဟုတ်ရဲ့လားလို့ ယုံတောင်မယုံနိုင်တော့ဘူးဗျာ”

ပြောရင်း တစ်ဆက်တည်း မချိတင်ကဲအသံဖြင့်…

“ခင်ဗျား ပညာတတ်တစ်ယောက်ပဲ ကာနာဗွန်။ အသိဉာဏ်နည်းပါးတဲ့ လူတွေရဲ့စကားကို သွားမယုံစမ်းပါနဲ့။ သိပ္ပံခေတ်ကြီးမှာ ကျိန်စာတို့၊ ဘာတို့ဆိုတာ မွဲပြစ်သွားပါပြီဗျာ”

“ဒါတော့ ကျုပ်မပြောတတ်ဘူး။ အတားအဆီး ပြုထားတဲ့ သူ့ဆန္ဒစည်းမျဉ်းကို ကျုပ် မဖောက်ဖျက်ရဲတာတော့ အမှန်ပဲ။ ဘုရင် ‘တုတန်ခါမင်’ ရဲ့ ဂုဏ်ကျိန်စာကို ကျုပ်အကြွင်းမဲ့ မယုံပေမယ့် ငြိမ်းချမ်းမှု တစ်ခုခု ပျောက်ဆုံးသွားတော့မလိုလို ကျုပ်စိတ်ထဲမှာ ခံစားနေရတယ်”

“လော့ဒ်ကာနာဗွန်”၏ ကြောက်စိတ်များကို ‘ဟိုးဝပ်ကာတာ’၏ ရှင်းပြစကားများက အဆုံးမှာ အောင်နိုင်သွားခဲ့ရသည်။ နောက်တစ်နေ့ နံနက်။ အင်အားများပြားသော ကျောက်တူးလုပ်သားများ၏ အားထုတ်မှုနှင့်အတူ ကာနာဗွန်ရော၊ ကာတာပါ ‘နိုင်းလ်တောင်ကြား’ ကို ဆီးမိုးထားသည့် ကျောက်ဆောင်ထဲမှ သင်္ချိုင်းဂူတံခါးကို ချိုးဖျက်ဝင်ရောက်ခဲ့ကြတော့သည်။ အတွင်းပိုင်း မြေထုနံရံ မျက်နှာကြက်များတွင် လျှပ်စစ်မီးရောင်များ တပ်ဆင်၏။ မီးအလင်းရောင် ဝါဝါမှိန်မှိန်က သိပ်သည်းသော အမှောင်ထုကို အလျှဉ်းဖြိုခွဲ မရသည့်အဖြစ်နှင့် ကြုံခဲ့ရသည်။ အလောင်းကိုပိတ်ထားသည့် ဂူတံခါးပေါ်က သန်းကြယ်သောရုပ်ပွင့်များနှင့် ကျိန်စာများကို လော့ဒ်ကာနာဗွန် ဓာတ်မီးထိုး၍ ဖတ်ရှုကြည့်လိုက်သည်။ အဆုံးပိုဒ်စာသားအရောက်မှာ အသံထုတ်လွှတ် ရွတ်ဆိုမိလိုက်သည် အထိပါပေ။

*“ထိုအတူ… နာကြည်းမှုကင်းပစေ။ သို့နှင့်အမျှ ရေအောဟာရ ကဲ့သို့ ပြင်းထန်သော ချင်ခြင်းတပ်မက်မှုမျိုး မပြယ်စေသား”*



www.burmeseclassic.com

www.burmeseclassic.com



ဟိုး၀ပ်ကာတာနှင့် အီဂျစ်အလုပ်သမားများကမူ ဘာအာရုံမှ မရှိဘဲ တံခါးကို တစ်ဖက်သို့ ရွေ့လျားပွင့်ထွက်သွားအောင်သာ ကြိုးမာန်အားစိုက် ၀ါယမထားနေကြသည်။

"ကျုပ်ရော၊ ခင်ဗျားပါ ချမ်းသာကြမယ့် အချိန်ရောက်ပြီဗျို့။ တံခါးပွင့်သွားတာနဲ့ ပထမဦးဆုံး၀င်ရမယ့်လူက ခင်ဗျားပဲ။ လော့ဒ်ရေ"

တံခါးပွင့်သွားနိုင်ခဲ့သည်တွင် လော့ဒ်ကာနာဗွန်သည် စကားတစ်လုံးမျှ မဆိုနိုင်ဖြစ်။ လျှပ်စစ်မီးရောင် ကျရောက်နေသော အမှောင်ပျပျ ဂူခန်းထဲသို့ ခြေလှမ်းရင်း ၀င်ဖို့ပြင်လိုက်သည်။ သည်မှာပင် ခြင်တစ်ကောင် ကိုက်လိုက်သည့်အသွင် ပါးပြင်မှာ စူးခနဲဖြစ်သွား၏။ အစင်းခြစ်အရာတစ်ခု ပေါ်ပေါက်သွားသည်ကိုပင် မသိလိုက်သည့် အဖြစ်ရယ်…။

သူ့မျက်လုံးထဲတွင်မူ သင်္ချိုင်းလိုဏ်ဂူခန်းထဲရှိ ပြာလဲ့သော၊ ရွှေရောင်၀င်းသော အရောင်တွေရယ်သာ အခန်းပြည့် မြင်နေခဲ့ရသည်။ ထို့မှတစ်ဖန် သလွန်ညောင်စောင်းနှစ်ခု ပြင်ဆင်ထားခြင်းနှင့်အတူ ဘုရင် 'မမ်မီ' ရုပ်အလောင်း၏ ကျောက်သားညောင်စောင်း တစ်ဖက်တစ်ချက်မှာ 'မမ်မီ'ဆေးစိမ် ကြောင်သေနှစ်ကောင်၏ ရင်နင့်စဖွယ်အသွင်သဏ္ဍာန်များ…။

ခေါင်းတလားအနီးမှာ ရေကြဲလို ကျောက်ဆစ်ရုပ်များ၊ မိကျောင်းရုပ်များ၊ ကြောင်လိုလို၊ ကျားလိုလို ရုပ်တုများသည် လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀ခန့်က ရိုးရာအစဉ်အလာ ဂုသွင်းသည့်ပုံစံ ဟန်ပန်မျိုး။ ဘုရင်၏ ချောမောသည့် မမ်မီရုပ်အလောင်းအနီးမှာ ရွှေနှင့်ထွင်းထုထားသော ခွက်ယောက်အိုးငယ်များ၊ ကျောက်မျက်ရတနာ ကြည်ပြာရောင်ကွက် အိုးငယ်များ ပတ်ရံထားသည်။

ထို့ထက် ဆန်းပြားအံ့သြလှုပ်ရှားခဲ့ရသည်မှာ ဘုရင့်ခေါင်းထဲတွင် အပြည့်အသိပ်ဖြစ်နေသော ရှေးဟောင်း အဖိုးထိုက်အဖိုးတန် ရတနာ





သိုက်ပင် ဖြစ်ခဲ့သည်။ အုပ်ပိတ်ထားသည့် ခေါင်းတလားအဖုံးသည်ပင် ရွှေသားစစ်စစ်ဖြစ်သည်ဆိုက မှားမည်မဟုတ်။

ထို့နောက်…

တံခါးများ နဂိုအတိုင်းပြန်ပိတ်ပြီး နေ၏အလင်းရောင်အောက်သို့ သူတို့အားလုံး ပြန်ထွက်ခဲ့ကြသည်။ နောက်တစ်နေ့နံနက် 'လော့ဒ်ကာနာဗွန်'၏ ပါးပြင်ထက်မှာ ၀က်ခြံကဲ့သို့ အဖုတစ်ဖု ထွက်လာသည်ကို ထူးထူးဆန်းဆန်း ခံစားခဲ့ရသည်။ အနာက တဖြည်းဖြည်း ကြီးပြင်းလာ၍ မှတ်ဆိတ်ကိုမနည်း ဂရုစိုက်ရိတ်ရသည်။ လည်ပင်းတွင် ပါးကျိတ်အလုံးများ ထွက်လာကြပြန်ချေသည်။ ဖျားသလိုလို၊ နွေးသလိုလိုရှိလာရာမှ တစ်ဖန် တုန်တုန်ခိုက်ခိုက်ဝေဒနာမျိုးကို လော့ဒ်ကာနာဗွန် အပြင်းအထန်ကြုံခဲ့ရပြန်သည်။ ခေါင်းများ မူးနောက်ဝေရီလာလျက် အာခြောက်သောဖြစ်ရပ်နှင့်အတူ ရေအလွန်အမင်း ငတ်ခဲ့ရချေသည်။

ခရစ်စမတ်နေ့ တစ်နေ့တွင် လော့ဒ်ကာနာဗွန် လှုပ်နိုးမရသောအဖြစ်နှင့်ဆုံရ၍ ကာတာသည် မိတ်ဆွေဖြစ်သူကို ဆေးရုံသို့အချိန်မီပို့သည်။ သွေးဆိပ်တက်နေကြောင်း ခွဲစိတ်တွေ့ရှိခဲ့ကြသည်ဆို၏။ ဝေဒနာသည် အဟုန်မြန်စွာ ကျယ်ပြန့်ကြီးမားလာနေသည်အမှန်။

၁၉၂၃ခုနှစ်၊ ဧပြီလ ၆ရက်။ လော့ဒ်ကာနာဗွန်၏ နှလုံးခုန်လှုပ်ရှားမှုမှာ လုံး၀ရပ်ဆိုင်းသွားခဲ့သည်။ သေးငယ်စွာနှင့် မြော်နေသည့်အဖြစ်နှင့် သူက…

"ရေ…ရေပေးပါ"

ဟု တောင်းခံခဲ့ကြောင်း သိလိုက်ရသည်။

သို့သော် …

ရေကို တစ်ခွက်ကုန်အောင် မသောက်နိုင်မီ လောကကြီးအား



www.burmeseclassic.com

www.burmeseclassic.com



ထာဝရကျောနိုင်း ခွဲခွာမှုပြုသွားသည့် လော့ဒ်ကာနာဗွန်ရယ်လေ။

၁၉၂၃ခုနှစ်။ လော့ဒ်၏ ညီဝမ်းကွဲတော်စပ်သူ 'လော့ဒ်ဟားဗတ်' ဆိုသူ မိမိကိုယ်ကို သေကြောင်းကြံစည်သောအမှု ပေါ်ပေါက်လာပြန်သည်။ တစ်ဖန် မိတွေးဖြစ်သူ မစ္စစ်အယ်လီယားအား ထူးဆန်းသော ပိုးတစ်မျိုးကိုက်ခဲ့၍ ကောက်ကာငင်ကာ ဆုံးပါးအနိစ္စရောက်သွားသည့် အဖြစ်အပျက်မျိုး။

အနီး…

မိသားစုထဲမှ လူသားသုံးဦး ရှေ့ဆင့်နောက်ဆင့် တိုက်တိုက်ဆိုင်ဆိုင် ဆုံးပါးသွားရသည့် အဖြစ်များကား ရျးရာစုနှစ်ပေါင်းများစွာက မှတ်ရှာစံခဲ့သော ဘုရင်ငယ်လေး၏ ကျိန်စာရှပ်နှင့် ပတ်သက်နေရော့သလားဟု စဉ်းစားစရာ…။

ဆန်းပြားသည်မှာ…

ဟိုးဝပ်ကာတာနှင့် ကျောက်တူးအလုပ်သမားများသည် ကနေ့ထက်တိုင် ဘာမျှမဖြစ်ပျက်ခဲ့ဘဲ ကျန်းမာရေး ပကတိကောင်းမွန်နေကြဆဲ ရှိနေကြခြင်းတည်း။ သူတို့သည် လော့ဒ်ကာနာဗွန်ကဲ့သို့ ပထမဦးဆုံး ဂူဝေါက်ထဲစ၍ မဝင်ခဲ့မိလေခြင်းကြောင့်လည်း ဖြစ်ကောင်းဖြစ်မည်သာ။


မည်သို့ပင်ရှိစေ…

လော့ဒ်ကာနာဗွန် အသက်ပေးလှူသွားခဲ့သော ရတနာသိုက်မှာမူ 'ဟိုးဝပ်ကာတာ'နှင့်အတူ အလုပ်သမားများ မျှဝေခံစားသွားနိုင်ခဲ့သည်မှာ 'ပြောမယုံ ကြုံဖူးမှသိ' ဆိုသည့်နှယ်ပါပင်တည်း။ ။

*Ref; T,B week ending 14th October, 1961*

*ရောင်ပြန်မဂ္ဂဇင်း၊ မေလ၁၉၉၁။*





# နောင်တာမလွန့်မှ အရိပ်

*Ghost of the white chief by Allan Pocock*

" သူဟာ သေခြင်းဆိုတဲ့ နောက်ဆုံးအချိန်ကာလတစ်ခုကို စဉ်းစားမိလေတိုင်း သူ့မှာ အတွေးတစ်ခုပေါ်ပေါ်နေတယ်။ အဲဒါကတော့ တစ်ချိန်တစ်ခါဆီက သူ့လိုလူတစ်ယောက် ဇမ္ဗူမှာရှိခဲ့တာကို နောင်းလူတွေသိစေချင်တဲ့ ဆန္ဒပဲဖြစ်ပါတယ်..



www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည် ဂျွန်ရောဘတ်ဖြစ်တယ်။ ဒါပေမဲ့ အာဖရိကတိုင်းရင်းသားတွေကတော့ လူဖြူအကြီးအကဲ (THE WHITE CHIEF) လို့ ခေါ်ဝေါ်ကြတယ်။

ယောက်ရှိုင်းယားပြည်နယ်သား တစ်ဦးဖြစ်တယ်။ အာဖရိကကို ၁၈၂၀ပြည့်နှစ်ကတည်းက ရောက်လာခဲ့သူပါ။

'ကာ့ပ်ကိုလိုနီ' အရှေ့ဘက်ခြမ်းမှာ ရှေးရှေးတုန်းက တောရိုင်းမြေကြီးရှိခဲ့ဖူးတယ်။ ဂျွန်ရောဘတ်ရဲ့ ဘိုးဘွားဘီဘင်တွေဟာ တောရိုင်းတွေကို ထွင်းခုတ်၊ တောရိုင်းတိရစ္ဆာန်တွေကို မောင်းထုတ်နဲ့ အန္တရာယ်မှန်သမျှ ရှပ်ရှပ်ချုံချုံတိုက်ထုတ်ခဲ့ကြတဲ့ အာဂသတ္တိရှင်ကြီးတွေ ဖြစ်ခဲ့ကြတယ်။

အခု ဂျွန်ရောဘတ်ရဲ့လက်ထက်ကို ရောက်လာခဲ့တယ်။ ကျွန်းပိုင်ရှာစားကြီး ဖြစ်နေခဲ့တယ်။ သူ့ရဲ့အရှိန်အဝါဟာ အာဖရိကလူမည်းတွေအပေါ်မှာ အုပ်အုပ်စီးစီးရှိနိုင်အောင်လည်း ရွာကြီးတစ်ရွာ ဝီဝီပြင်ပြင်ဖြစ်ခဲ့တဲ့အထိ သူ့လက်ထက်ကျမှ ပြောင်းလဲပြင်ဆင်နိုင်ခဲ့တဲ့ ဆတွက်ပဲ ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အခု…

သူ့အသက်ဟာ ဖြတ်သန်းလာတဲ့ ဇရာသက်တမ်းနဲ့အတူ အိုမင်းခြင်းဆိုတဲ့ ကာလအပိုင်းအခြားကို ရောက်လာခဲ့ပါပြီ။ မကြာမီသော ရက်ပိုင်းကာလမှာ သေခြင်းတရားနဲ့ စခန်းသွားဖို့ပဲရှိပါတော့တယ်။

သူဟာ သေခြင်းဆိုတဲ့ နောက်ဆုံးအချိန်ကာလတစ်ခုကို စဉ်းစားမိလေတိုင်း သူ့မှာ အတွေးတစ်ခုပေါ်ပေါ်နေတယ်။ အဲဒါကတော့ တစ်ချိန်တစ်ခါဆီက သူ့လိုလူတစ်ယောက် ဇမ္ဗူမှာရှိခဲ့တာကို နောင်းလူတွေသိစေချင်တဲ့ဆန္ဒပဲ ဖြစ်ပါတယ်။

'ဂျွန်ရောဘတ်' ဆိုတဲ့ နာမည်ကြားလိုက်တာနဲ့ လူတိုင်းရဲ့ရင်မှာ သွေးဖြန်းဖြန်းကြွသွားပြီး အားတွေမာန်တွေရှိလာသလို ခံစားစေချင်တယ်။ လူဖြူအကြီးအကဲလို့ 'သင်းတို့' လူမည်းတွေ သမုတ်ထားကြတဲ့ ဒီလူကြီးဟာ အလုပ်ကိုသေသည်အထိ မနားတမ်းလုပ်တတ်တယ်လို့ပေါ့။

လူတိုင်းမှာ ကိုယ်စီ 'ချင်ခြင်း' ရှိကြသလို ဂျွန်ရောဘတ်ကတော့ လူသာသေပစေ နာမည်တော့ တွင်ကျန်ရစ်ရစေမယ်ဆိုတဲ့ ချင်ခြင်းကိုသာ အာသာအပြင်းဆုံး၊ အမက်မောဆုံးပဲ။

သူဟာ မိသားစုနဲ့ နေထိုင်သူဖြစ်တယ်။ တောင်ပူစာကလေးပေါ်မှာ အိမ်ကြီးရခိုင် ဆောက်လုပ်ထားတယ်။ အိမ်ကြီးရှေ့က အရွက်မြိုင်မြိုင်အပင်ကြီးအောက်မှာ သစ်ငုတ်တိုတုံးလေးနဲ့ထိုင်ပြီး ဆေးတံနဲ့ ညနေတိုင်းထိုင်စဉ်းစားနေတတ်တာ အလေ့အကျင့်တစ်ခုလို ဖြစ်နေခဲ့ပြီ။ သူစဉ်းစားတဲ့အထဲမှာ ပြီးခဲ့တဲ့ကာလက ဘဝအကြောင်းတွေလည်း ပါသလို၊ ရောက်မလာသေးတဲ့ အချိန်အခါတစ်ခုအတွက်လည်း ပါပါနေတယ်။ အထူးသဖြင့်တော့ သေပြီးတဲ့နောက်ပိုင်း သူ့နာမည်ကမှည်းတင်ကျန်သွားရမယ့်ကိစ္စ။





ဒီလိုနဲ့ပေါ့။ သူ့မိသားစုကို မြို့တက်မယ့်အကြောင်း၊ တစ်ပတ်လောက် ကြာချင်ကြာမယ့်အကြောင်းပြောပြီး ဖြန့်စားကြီးထွက်လာခဲ့တယ်။ ဒီလိုထွက်လာရာမှာ ခရီးထွက်တာနဲ့တောင် မတူဘူး။ သဗ္ဗာလတ်ဦးထုပ်ဟောင်းကြီးဆောင်း၊ လည်ပင်းကြယ်သီးမတပ်တဲ့ အလုပ်သမားဖျင်ကြမ်းအင်္ကျီကြီးဝတ်၊ ဘောင်းဘီကလည်းဆင်တူ ခြေမြင့်အသိုရောင်မှောတွယ်ခံ လယ်ယာဖိနပ်ကြီးစီးပြီး သူထိုင်နေကျ သစ်ငုတ်တိုတုံးလေးတိုတောင်မချန်ဘဲ တစ်ပါတည်းယူပြီး ထွက်လာခဲ့တာကလား။

သူ့ပုံစံက အစီအစဉ်မရှိဘဲ စိတ်ရူးပေါက်သလို ထထွက်လာတဲ့ အတိုင်းပါပဲ။

ဘာအတွက် မြို့တက်မယ်ဆိုတာကို သူ့ဇနီးကို ပြောမပြဘူး။ သူ့သားကြီးနှစ်ယောက်ကိုလည်း မပြောခဲ့ဘူး။ တစ်ခုခု ထူးဆန်းမှုရှိနေတာတော့ သူတို့တွေးမိလိုက်တယ်။

စကတည်းကလည်း အိမ်ဦးအရှင်သခင်ကို ရိုကျိုးပျပ်ဝပ်ခဲ့တာဆိုတော့ ဂျွန်ရောဘတ် ဘာလုပ်လုပ်၊ ဘယ်သွားသွား ဘယ်သူမျှ မေးရဲ၊ စူးစမ်းရဲတာမှ မဟုတ်ခဲ့တာဘဲ။

ငါးရက်လောက်ကြာတော့ ဂျွန်ရောဘတ် ပြန်ရောက်လာတယ်။ သွားတုန်းက အဝတ်အစားပုံစံအတိုင်းပဲ။ ပြန်လာတော့ မောပန်းတဲ့ကြားက ပီတိဖြာလာတဲ့မျက်နှာကို မြင်ရခဲ့တယ်။ တစ်ခုခုအောင်ပွဲခံခဲ့သလိုမျိုး။

နောက်တစ်လလောက်လည်း ကြာပါလေရော…

ဂျွန်ရောဘတ်ဟာ သူ့တပည့် လက်အောက်ငယ်သားတွေဖြစ်တဲ့ လူမည်းတိုင်းရင်းသားတွေကို ထူးထူးဆန်းဆန်းပြောတယ်။

"ဒီညနေဆိုက်မယ့် မီးရထားမှာ ငါမြို့က မှာထားတဲ့ သေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်လုံး ပါလာလိမ့်မယ်။ မင်းတို့ နွားလှည်းပြင်ပြီး သွားသယ်ဖို့ ငါနဲ့လိုက်ခဲ့ကြရမယ်''

ညနေရောက်တယ်ဆိုရင်ပဲ တိုင်းရင်းသား လူမည်းလေးယောက်နဲ့ နွားလှည်းယာဉ်စီးပြီး ဘူတာရုံထွက်ခဲ့တယ်။ လူအင်အားပါတာတောင် မနည်းမယူရတယ်။ ရွာထဲသယ်လာတော့တစ်ခါ၊ ကျောက်လှေကားကနေ တစ်ဆင့် ဟိုးအမြင့်က သို့လှောင်ခန်းထဲကိုရောက်အောင် လူဆယ့်နှစ်ယောက်လုပ်အားနဲ့ မနည်းသယ်ယူရပြန်တယ်။

သူ့မိန်းမကော၊ သားတွေပါ အဘိုးကြီးရဲ့အပြုအမူကို နားမလည်နိုင်ကြဘူး။ မေးလည်းမမေးဝံ့ကြဘူး။

အဘိုးကြီးဟာ သေတ္တာကြီးသွင်းပြီးတာနဲ့ အထဲက တော်တော်နဲ့ ထွက်မလာပြန်ဘူး။ လျှို့ဝှက်ချက်တစ်ခုခု ရှိနေတာတော့အမှန်ပဲ။ ဒါပေမဲ့ ဂျွန်ရောဘတ်ရဲ့ပါးစပ်က ဖွင့်ပြောမှ သိရမယ့်အဖြစ်မျိုး။

အထဲက ထွက်လာပြီးနောက် သိုလှောင်တံခါးကြီးကို သော့ခလောက် ပိတ်ခတ်လိုက်တယ်။

ညရောက်တဲ့အချိန် မုန့်တိုင်းမီးမုန်အိမ် အလင်းရောင်အောက်မှာ ဝိုင်းဖွဲ့မိတဲ့အခါ သူ့မိသားစုကို ပဟေဠိဆန်ဆန်ပြောတယ်။

''မင်းတို့တစ်တွေ ငါသေသွားမှပဲ သိုလှောင်ခန်းထဲက သေတ္တာကြီး ဖွင့်ကြည့်ကြရလိမ့်မယ်။ ဒီအတွင်း ရှေ့နေနဲ့တိုင်ပင်ပြီး ငါ့သေတမ်းစာထဲမှာ ဖြည့်စွက်ချက်တွေ ထပ်ဖြည့်ရဦးမယ်''

ဒီသတင်းလျှို့ဝှက်ချက်ဟာ ဘယ်လိုကဘယ်လို ပေါက်ကြားသွားတယ် မသိရဘူး။ ရွာတစ်ရွာလုံး ပျံ့သွားတယ်။

အဘိုးကြီး ဂျွန်ရောဘတ် အနိစ္စမရောက်ခင် တစ်လလောက်အလို





မှာ ဖြစ်ပါတယ်။ ဒုက္ခရောက်လာတဲ့ လူမည်းသုံးယောက် လယ်မြေမှာ အခစားဝင်ဖို့ အလုပ်လာတောင်းပါတယ်။ သူတို့ပုံစံကိုကြည့်ပြီး သနားမိတာနဲ့ ခန့်လိုက်ဖြစ်ပါတယ်။ သူတို့မှာ ဓာတ်လမ်းတစ်ခု ပါလာတယ်။

သူတို့ဆိုတာ ဓာဂါလန်(လူမည်းဘာသာ လင်းတ)ဆိုတဲ့လူရယ် ဂျင်းမ်ရယ်၊ အီဆာရယ်။

ဂျိုဟန်နက်စ်ဘတ်အနားမှာရှိနေတဲ့ ရွှေမိုင်းတွင်းတစ်ခုမှာ နှစ်နှစ်နီးပါး အခစားဝင်လုပ်ခဲ့ကြတဲ့ သုံးယောက်ပဲဖြစ်တယ်။ သားတွေ၊ မယားတွေထားခဲ့ပြီး အဝေးမှာ ငွေရှာထွက်လာတဲ့ သဘောမျိုးပါ။ နှစ်နှစ်လောက်ကြာမှပဲ တော်တော်စုဆောင်းမိတာနဲ့ မိုင်းတွင်းကထွက်ပြီး မိမိတို့ရွာကိုပြန်ဖို့ ရထားနဲ့ထွက်ခဲ့ကြတယ်။ ပြီးတော့တစ်ခါ ရထားကဆင်းပြီး ရိုးပြတ်တောတွင်းကြီးထဲကနေ သူတို့သုံးယောက်ဖြတ်လာခဲ့တယ်။

ဂျွန်ရောဘတ်တို့ရွာနဲ့ ငါးမိုင်လောက်အကွာက ကွင်းကြီးကနေအဖြတ်မှာပဲ ကံဆိုးမိုးမှောင်ကျဖို့ အကြောင်းပေါ်လာတယ်။ လှံတံကိုယ်စီကိုယ်စီ၊ သေနတ်ကိုယ်စီကိုယ်စီနဲ့ အဝတ်စုတ်တွေဖုံး၊ ရုပ်ဖျက်ပြီး ဘွားခနဲပေါ်လာကြတဲ့ ဓားပြအုပ်စုပဲဖြစ်တယ်။ လမ်းကြောင်းမှာ ပိတ်ဆို့ရပ်တန့်ပြီး သူတို့သုံးယောက် လက်ထဲက ပါသမျှငွေတွေကို တောင်းခံခဲ့တာပဲဖြစ်တယ်။ လက်နက်အင်အားကလည်းပါ၊ လူအင်အားကလည်းသာနေတဲ့အတွက် ဓားပြတွေလက်ထဲ ပါသမျှစွန့်လွှတ်လိုက်ရတယ်။

သူတို့အတွက် အိမ်အပြန် မျက်နှာပန်းမလှတော့ဘူးပေါ့။ အခုလိုငွေတွေဆုံးရှုံးသွားတာကြောင့်လည်း မိုင်းတွင်းတွေဆီ ပြန်သွားချင်စိတ်မရှိတော့ဘူး။ ဂျွန်ရောဘတ်ရဲ့ လယ်မြေပေါ်မှာ သောင်တင်ဖို့အကြောင်းဆိုက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရောက်ပြီးလို့ တစ်လအကြာမှာပဲ လူဖြူအကြီးအကဲ ပွန်ရောဘတ်ခမျာ မလွန်ဆန်နိုင်သောတရားအရ ‘အနိစ္စသဘောနဲ့ ကိစ္စချော’ ခဲ့ရတယ်။

မိမိတို့ အရှင်သခင် ရှောင်တခင် အနိစ္စရောက်သွားတယ်ဆိုရင်ပဲ ဇာဂါလန်တို့သုံးယောက်ရဲ့ ဦးနှောက်ထဲမှာ အရင်ကမရှိခဲ့ဖူးတဲ့ အကြံတစ်ခုပေါ်လာတယ်။ အဲဒါကတော့ တခြားမဟုတ်ဘူး။ သူတို့ဟာ ဒီနေရာမှာ အလုပ်လုပ်ချင်လို့မဟုတ်ဘဲ ငွေမရှိတဲ့အတွက် အောင့်အည်းလုပ်ကိုင်နေရတဲ့ သဘောပဲဖြစ်တယ်။ မျှော်လင့်နေမယ့် သားမယားတွေဆီ ငွေပြန်ပြန်ရနိုင်မှပဲ ဖြစ်မှာမဟုတ်လား။ သူတို့ခေါင်းထဲကို သူတို့အရှင်သခင်ရဲ့ သိုလှောင်ခန်းထဲက သေတ္တာကြီးရယ်၊ အဲဒါကို ဖောက်ထွင်းဖို့အကြံရယ် ပေါ်လာတယ်။

သေတ္တာကြီးထဲမှာ ငွေတွေအပြည့်အသိပ်ပါတယ်လို့ ရွာထဲမှာ သတင်းထွက်နေတာကိုး။ မိမိတို့ လိုအပ်သလောက်ကျုံးပြီး ဣန္ဒြေမပျက်ပြန်ဖုံးထားဖို့ သုံးယောက်သား တိုင်ပင်ကြတယ်။ ကျန်ခဲ့တဲ့ အဘိုးကြီးမိသားစုဟာ ချမ်းသာပြီးသားပဲဖြစ်တယ်။ သေတ္တာထဲက ငွေတွေကိုထုတ်သုံးဖို့ သတိတောင်ရချင်မှရကြမယ်။ အဝီစှာ မစ္ဆရိယစိတ်တွေ ထိုးဖောက်ဝင်ရောက်ခဲ့ကြတယ်။

သူတို့အတွက် အသင့်လှုပ်ရှားနိုင်ဖို့ အကြောင်းကလည်း မျှော်မှန်းမထားပါဘဲ အလိုလိုပေါ်လာခဲ့ပြန်တယ်။

ပွန်ရောဘတ် နံနက်အနိစ္စရောက်ပြီး နေ့လယ်ဘက်မှာ လယ်ကွင်းကြီးအပြင် ရွာနီးချုပ်စပ်များက သင်္ချိုင်းကို သယ်ဆောင်သွားကြတယ်။ ရွာထဲမှာ ဇာဂါလန်တို့ သုံးယောက်ကလွဲပြီး မီးခိုးတိတ်ဖြစ်ခဲ့ရတယ်။





အသုဘရှင် ကျန်ရစ်သူမိသားစုဟာလည်း ဒီတစ်ညတာကို ရွာထဲမှာပဲ ကျော်လွန်သွားမယ် ကြားလိုက်ရတယ်။

ဇာဂါလန်တို့ဟာ ခေါင်းချင်းရိုက်ထားပြီး ညနေအမှောင်ဆိုင်းချိန် ရောက်ဖို့ကို အသာစောင့်နေလိုက်ကြတယ်။

သူတို့စောင့်ဆိုင်းနေချိန်နဲ့ တစ်ပြိုင်နက်မှာပဲ ဖြစ်ပါတယ်။ ပွန်ရောဘတ် သေဆုံးပြီးတာနဲ့ နဂိုကထားခဲ့တဲ့ ကတိအတိုင်း အမွေထိန်းရှေ့နေဟာ စာထဲကပြည့်စွက်ချက်ကို ဖော်ပြပါတယ်။ သေတ္တာကြီးနဲ့ ပတ်သက်တဲ့ ပြည့်စွက်ချက်သာဖြစ်ပြီး ပါရှိတဲ့အမွေပစ္စည်းကြောင့် သူ့မိသားစုမှာ အံ့အားသင့်ခဲ့ရတယ်။ အဲဒါနဲ့ အခုပဲ အိမ်ကိုရောက်တစ်ခေါက်ပြန်ဖို့ အကြောင်းဆိုက်သွားတယ်။ သားကြီးနှစ်ယောက်သာပဲ ရွာသားအချို့နဲ့ အမှောင်မပျတပျအချိန်မှာ ထွက်လာခဲ့ကြတယ်။

ဇာဂါလန်ဟာ သံတူးရွင်း၊ သံညှပ်တိရိယာတွေနဲ့ အားထုတ်ပြီး တံခါးပေါက သော့ခလောက်ကြီးကို ဖြုတ်လိုက်ပါတယ်။ ဂျင်းမ်နဲ့ အီဆာက မီးတိုင်တွေကိုင်ထားရင်း အနားကနေ စိတ်လှုပ်ရှားသလို စောင့်ခဲ့တယ်။

စိတ်လှုပ်ရှားလွန်းလို့လည်း နှလုံးခုန်သံတောင် တဒိတ်ဒိတ်မြည်သလို ပြိုင်တူခံစားနေရတယ်။ တံခါးကျီခနဲမြည်ပြီး ပွင့်သွားတာကိုပဲ ကျယ်လောင်လှသလိုလို ခံစားမိတယ်။ အထဲမှာ မှောင်ရိပ်သိုင်းခြုံထားတယ်။

ဇာဂါလန်က သံတူးရွင်းကိရိယာတွေနဲ့အတူ ဖောင်းဆွတွေနဲ့ အထဲကို တစ်လှမ်းချင်း တိုးဝင်လာခဲ့တယ်။ ဂျင်းမ်နဲ့အီဆာတို့ရဲ့လက်ထဲက မီးရောင်တွေ၊ အရိပ်တွေ လှုပ်လှုပ်လှုပ်ရှားနေသလို နံရံထက်မှာ ကြီး အသွယ်သွယ် ဆင်မြန်းနေခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟော…သေတ္တာကြီး…သေတ္တာကြီး။ မိမိတို့ကံကြမ္မာကို တစ်ဖန်ပြန်ကာ ကြည်သာစေမယ့် သေတ္တာကြီးပါတလား။

ဇာဂါလန်ဟာ လောဘအဆိပ်တုံး မျိုချထားတဲ့ပုံစံနဲ့ အမြန်ပဲ ချဉ်းကပ်လိုက်တယ်။ ပြီးတော့ လက်ထဲက သံတူးရှင်းနဲ့ အပေါ်ကသစ်သားပြားကို ကျွီခနဲ၊ကျွီခနဲကလန့်ပြီး ဖွင့်နေတယ်။ မဆွကတည်းကတစ်စုံတစ်ယောက် ဖွင့်ထားပြီးသားပုံစံနဲ့ အလွယ်တကူ ပွင့်ထွက်သွားတယ်။

နောက်တစ်ချပ်ပြီး…တစ်ချပ်။

သစ်သားပြားတွေ ကွာသွားပြီးတဲ့နောက်မှာ အထဲမှာတွေ့လိုက်ရတာကတော့ စက္ကူပုတ်ပါကင်ပိတ်ကြီးပဲ ဖြစ်ပါတယ်။

ဇာဂါလန်ဟာ လှုပ်ရှားနေတဲ့စိတ်တွေကြောင့် ပစ္စည်းပေါ်မှာ ဖုံးအုပ်နေတဲ့ စက္ကူပါကင်ပိတ်ကြီးကို ကမန်းကတန်း ဆွဲဖယ်မိရက်သား။

ဟင်း…

သူတို့သုံးယောက်စလုံးရဲ့ ဦးနောက်ကြောတွေ ဆောင့်ထွက်ပြီး မွှင့်အန်ကုန်သလား အောက်မေ့လိုက်ရတယ်။

ဇာဂါလန်ဟာ ကြောက်လန့်တကြား နောက်ဆုတ်မိသွားရာက…

"သ…သ…သရဲ…သရဲ…"

အနောက်က မီးတိုင်ကိုင်ထားတဲ့ ဂျင်းမ်နဲ့အီဆာတို့လည်း အလင်းရောင်အောက်မှာ မြင်လိုက်ရတဲ့ သေတ္တာထဲက မနုဿသဏ္ဍာန် အသွင်အလျားကြီးကိုကြည့်ပြီး တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားရတယ်။

သူတို့ မြင်လိုက်ရတာကတော့…

သူတို့ အရှင်သခင်ကြီး ဂျွန်ရောဘတ်ဟာ ဆေးတံကြီးကိုင်





ထားပြီး သစ်တုံးပေါ်ထိုင်နေရာက သူတို့ကို စူးစူးစားစားကြီး ကြည့်နေတဲ့ပုံစံပဲဖြစ်တယ်။

အလောင်းကို သယ်ထုတ်သွားတုန်းက သူတို့မျက်လုံးနဲ့ သေချာတပ်အပ်မြင်လိုက်ပြီးသားပါ။

ထိုင်နေတဲ့ဂျွန်ရောဘတ်ဟာ သွေးဆုတ်နေသလို အသားတွေ ဖြူဖပ်ဖြူရော်ကြီး။ အဝတ်အစားတွေ၊ ဦးထုပ်တွေကလည်း နှင်းဆွတ်ထားသလို အဖြူရောင်တလက်လက်။

အရိပ်ပြလျက် ခြောက်လှန့်ခဲ့ပြီထင့်။

"အမယ်လေး…သ…သ…သရဲ"

ဇာဂါလန် အော်ဟစ်ပြီး တံခါးပေါက်ဘက်ကို အလုအယက်ပြေးခဲ့တယ်။ ကျန်တဲ့နှစ်ယောက်ကလည်း ပြိုင်တူလှုပ်ရှားတယ်။

တံခါးပေါက်ကကျဉ်းတော့ သူတို့သုံးယောက် အဝမှာပိတ်ဆို့ပြီး သူ့ထက်ငါ တွန်းထိုးမိတယ်။ အားအသန်ဆုံး ဇာဂါလန်ကပဲ ကျွတ်ထွက်သွားပြီး အရှိန်လွန်သွားရာက…

"အား…"

ခြေလှမ်းကို မထိန်းသိမ်းနိုင်ဘဲ ဟိုး…အမြင့် ခါးပန်းအမှုးကနေ တစ်ဆင့် လေထဲပျံ့ဝဲသွားပြီး အောက်ဘက်ကျောက်လှေကားအဆင်းထိခေါင်းနဲ့ရိုက်ခတ်မိရာက ချက်ချင်းဇက်ကျိုးသွားခဲ့ရပါတယ်။

ဂျင်းမ်နဲ့အီဆာတို့နှစ်ယောက် လှေကားထိပ်အရောက်မှာ အချင်းချင်း ခြေချင်းချွေမိသွားပြီး ဝရန်းသုန်းကားပဲ ကျောက်လှေကားကနေတစ်ဆင့် တစ်လိမ့်ချင်းကျသွားခဲ့တယ်။ ကိုင်စရာတန်းကလည်း မရှိတော့ အရှိန်သတ်လို့မရခဲ့ဘူး။ တစ်ယောက်ပေါ်တစ်ယောက် ထပ်ကျရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအခြင်းအရာအားလုံးကို…

ရွာထဲကို ပြန်လာကြတဲ့ ပွဲရောဘတ်ရဲ့ သားနှစ်ယောက်ကော၊ တိုင်းရင်းသားလူမည်းတွေကော တွေ့လိုက်ကြတယ်။ သူတို့ဟာ မီးအိမ်တွေကိုင်ပြီး ဘယ်သူများဖြစ်မလဲလို့ အနားကပ်ကြည့်လိုက်တော့ ဇာဂါလန်အပွဲ့ဖြစ်မှန်း သိသွားခဲ့တယ်။

ဇာဂါလန်ကတော့ ပွဲချင်းပြီး သေဆုံးသွားပြီး…။ ဂျင်းမ်နဲ့အီဆာကတော့ အထိနာပေမယ့် မသေခဲ့ဘူး…။ သူတို့ကို သက်သေအဖြစ်ထားပြီး ရဲတိုသွားခေါ်ဖို့ လုပ်ပါတော့တယ်။

ပွဲရောဘတ်ရဲ့ သားကြီးနှစ်ယောက်ဟာ သေတမ်းစာထဲပါတဲ့ ဖြည့်စွက်ချက်ကို ရှေ့နေဖတ်ပြီးတာနဲ့ သေတ္တာထဲကပါတဲ့ အရာဟာ ဘာဖြစ်မှန်းသိခဲ့ရပါပြီ။

တကယ်တော့…

သူရဲ့ကျော်ကြားမှုတစ်ခုကို ထိန်းသိမ်းထားချင်ခဲ့တဲ့ ဖေဖေဟာ သူသေမှပဲ သူ့ကိုယ်စား အထိမ်းအမှတ်ပစ္စည်းကို သူ့အုတ်ဂူပေါ်မှာ ထားရှိဖို့ သေတမ်းစာထဲမှာ ဖြည့်စွက်ခဲ့တာပဲ ဖြစ်တယ်။

ဖေဖေ မြို့ထဲကို ဆင်းသွားခဲ့တာဟာ အီတလီအကျော်အမော်ယန်းပုပညာရှင်တစ်ယောက်ဆီမှာ ဖေဖေ့အရွယ်အစားနဲ့ တစ်သဝေမတိမ်းတူညီတဲ့ ကျောက်ဆစ်ရုပ်တုလုပ်ပေးဖို့ဆိုတာ အလောင်းမြေကျပြီးမှပဲ သိခဲ့ရပါပြီ။

ကာ့ဗ်ကိုလိုနီအရှေ့ဘက် သင်္ချိုင်းမြေအုတ်ဂူထက်မှာ နောင်အနှစ်တစ်ရာတိုင် တည်မြဲနေမယ့် ဖေဖေရဲ့ကိုယ်ပွားရုပ်တုဟာ အလုပ်သမားထုကြီးရဲ့ရင်ထဲကို တိုးဝင်နေဦးမယ်ဆိုတာကို ယုံနိုင်ခဲ့ပါပြီ…။





ဖေဖေရဲ့ရုပ်တုဟာ ဖေဖေ့အပေါ် မကောင်းကြံခဲ့တဲ့ ဇာဂါလန်ရဲ့ လိမ်ပြာရော၊ သူ့လူနှစ်ယောက်ရဲ့ အသွေးအသားခန္ဓာကိုယ်ကိုရော ဖုံးခြေလုပ်ယူခဲ့ပြီဆိုတာ နောင်တာမလွန်ကနေ ဖေဖေသိနိုင်လောက်ပါပြီ။ ။


***REF : WIDE WORLD -1961, JUNE***

***လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်း၊ ၁၉၉၆၊***



www.burmeseclassic.com

www.burmeseclassic.com



# ယုံလောက်သောထူးဆန်းမှု

*Amiracle Is arranged by Jack Webb*

" ယင်းအရပ်သည်.. ရောဂါတကယ်ရှိသည်ဟု ယူဆရသူကိုသာ ဆုတောင်းရုံနှင့် ပျောက်ကင်းပေးနိုင်ပြီး..

ရောဂါမရှိသူတစ်ယောက်က ရှိနေဟန်ဆောင်လျက် ရောက်လာပါက တကယ့်ဝေဒနာရှင်ဘဝရောက်အောင် တစ်ဖက်မှ ဆောင်ကြဉ်းပေးနိုင်သော သတ္တိတန်ခိုးထူးတွေများ ရှိနေသည်အလား..

Friendship Publishing House

www.burmeseclassic.com

www.burmeseclassic.com



ပမာအားဖြင့် ပြောရမူ…

သည်အရေးအခင်းမှာ 'ပေါလ်မဲလ်ကာ' နှင့်ကျွန်တော် ငွေနှင့်ပတ်သက်၍ ရန်ဖြစ်ကြသည့် ပွဲတစ်မျိုးဆိုက မှားအံ့မထင်။ ငွေဆို၍ နည်းနည်းပါးပါးမျှသော ပမာဏတော့မဟုတ်။ ဒေါ်လာသန်းချီနီးပါးဖြစ်သည်။

ကျွန်တော်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နေသော အသက်အာမခံကုမ္ပဏီမှ အသက်ပေါင်ကို ယဉ်ကျေးသောနည်းလမ်းဖြင့် လက်တစ်လုံးခြား လှည့်ထုတ်သွားသည့်ပွဲပါပေ။ ပေါလ်မဲလ်ကာ လိမ်လည်ထုတ်ယူမှန်း သိရှိသည်မှာ ကျွန်တော်တစ်ယောက်တည်းရယ်သာ။ ဟန်ဆောင်ပရိယာယ် ကောင်းလွန်းသည်။ တရားခွင်ကပင် ငွေထုတ်ယူခွင့်ပြုရန် အမိန့်ချလိုက်သည်အထိပါပင်။ ကျွန်တော့်ဘက်မှ လက်ဆုပ်လက်ကိုင် အထောက်အထား မပြနိုင်သလို၊ ပတ်သက်သူများကလည်း ကျွန်တော့်အဆိုပြုချက်ကို တစ်ယောက်မျှ လက်သင့်မခံနိုင်သည့်သဖွယ် သိသိကြီးနှင့်ပင် ကုမ္ပဏီမှငွေများ လက်လွှတ်အဆုံးရှုံးခံလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သောကောင်ပေါင်းလဲ လူမမာဟန်ဖြင့် ငွေများထုတ်ယူသွားပြီး ဒေါ်မြကြာ မိန်းမတစ်ယောက်ကိုပါ ကျောင်းဘဝကနေ ယူသွားခဲ့ပြန် သည်။ ဆိုဒီနီးမအကြောင်း ကျွန်တော် ကောင်းကောင်းသိနေသည်။ ပေါလ်မဲလ်ကာအား ယူလောကမှာ ကြာကြာနေခွင့် မရှိရတော့မည့် "အမည်" အဖြစ် ထင်မှတ်ရာမှ အမဲဖမ်းခဲ့မှန်း ကျွန်တော်နားလည်သည်။ အကြိုသမားတွေအကြားမှာ ဒိုးဒိုးဒန့်ဒန့်လုပ်၍ သီချင်းဆိုနေသော မိန်းမစားမျိုးဖြစ်သည်။

သို့နှင့်အချို...

ကျားသတ္တဝါတစ်ဦးအတွက် တပ်မက်ဖွယ် အရည်အချင်းများကို ပေါ်လွင်နေသည်မှာ ပြည့်ဝနေမည်မှာ အထူးတင်ပြဖို့မလို။ နာမည်မှာ "ရေမရှုန်း" ဖြစ်ပါ၏။ ရှည်သွယ်သော ခြေတံပိုင်ရှင်၊ အရပ်ကမြင့်မား သည်။ ပေါင်ပေါ်လ်ခေါ် ကလေးအရုပ်မလေး၏ မျက်နှာပေါက်မျိုးဖြစ် သည်။ ကောယ် ခြောက်ပြစ်ကင်းမျက်နှာမျိုး။ မျက်ဆံများက ကြည်ကြည် ပြာပြာ ပေးနှင့် ဟာမန်ကာလ၊ ဆောင်းအခါသမယ ကောင်းကင်က ဘိမ်ရှင်းသော အရောင်မျိုးပမာ အလားပါ။ ကျားသတ္တဝါအဖို့ ကြိုက်လောက်စရာ။ ကျွန်တော့်စိတ်ထဲမှာ ရွေးချယ်ပုံဖော်ထားသော မိန်းမမျိုး ယင်းဂေးဖရန်းစ် မပါဝင်သည်မှာ အမှန်ပင်။

ပေါလ်မဲလ်ကာက လူပါးဖြစ်သည်။ သူရွယ်ရူးထားသည့် ယင်း မိန်းမအား တရားရင်ဆိုင်စဉ် ကာလတစ်လျှောက်မှာ လူပုံကြားသို့ပင် အရိပ်မထင်စေခဲ့ပါ။ တရားစီရင်ချက်ချမည့် 'ဂျူရီ' များဘက်မှ သူ့အပေါ် ကြင်နာသည်ဟု သက်ရောက်စေချင်သည့် အစီအစဉ်ဖြစ်လိမ့်မည်။

ဆိုရပါမူ...

သူကိုယ်တိုင်ကပါ ရှေ့နေများ တစ်ဖက်နှင့်တစ်ဖက် အပြန်





အလှန်ပြောဆိုနေကြစဉ် တစ်ချိန်လုံး ရုံးခွင်ထဲမှာ ရှိမနေဖြစ်ပါ။ သူကိုယ်စား သူ့ဘက်မှ တိုက်ပွဲဝင်မည့်ရှေ့နေများ၊ ဆရာဝန်များကသာ ဆိုသွား၊ ပြောသွားကြသည်။ ပြီးတော့လောက်မှ တရားခွင်ရှေ့တော်မှောက်သို့ လှနာထမ်းစင်ထက်မှာ ပက်လက်ကြီးနှင့် ထမ်းစင်မသမားများနှင့်အတူ ရောက်လာသည်။ သူကိုယ်ပေါ်က ထိခိုက်ဒဏ်ရာပြင်းပြနေပုံကို သက်သေ လာပြသည့်သဘော။

သည်အချိန်လောက်မှာ...

သူ့ရှေ့နေက သည်နှယ်ကြေးကြော်နေပေလိမ့်မည်။

"ရုံးခွင်ထဲမှာ ရောက်ရှိနေကြတဲ့ ဂျူရီလူကြီးမင်းများနှင့်တကွ ဂုဏ်သရေရှိ လူထုညွှေပရိသတ်ကြီးခင်ဗျာ။ အခု ကျွန်တော် ရှေ့နေ အဖြစ် အကျိုးတော်ဆောင်နေရတဲ့ တရားလိုပေါလ်မဲလ်ကာရဲ့ ဆိုးရွား တဲ့အခြေအနေကို အားလုံးမြင်နေကြတဲ့အတိုင်းပါပဲ။ တကယ်တော့ အခုလို ထိထိခိုက်ခိုက် မရှိစဉ်တုန်းက ပေါလ်မဲလ်ကာရဲ့ ခြေထောက် နှစ်ဖက်စလုံးဟာ အကောင်းပကတိအတိုင်းပါပဲ။ သာမန်လူကောင်း တွေလိုပဲ ခြေကိုပဲအားကိုးပြီး သွားသွားလာလာလုပ်နိုင်တဲ့ သည်အခွင့် အရေးကြီးဟာ ဆိတ်သုဉ်းဆုံးရှုံးသွားရပြီးရယ်ကောခင်ဗျာ။ အခုလို ကျောခင်းထားနေရတဲ့ တောင်ကိုတောင် ကျော်လွှန်နိုင်တော့မယ် မထင် ဘူး။ နောင်များမှာ ခြေလှမ်းတစ်လှမ်းတောင် မကြွလှမ်းနိုင်တော့မယ့် ဘဝပေးအခြေအနေကို ရောက်နေပါပြီ။ အသက်ရှင်လျက်နဲ့ သေရတာနဲ့ မထူးတော့ပါဘူး။ လျော်ကြေးငွေ အပုံကြီးရဦးတော့ ဘယ်လိုမှအစားထိုး မရနိုင်တော့တဲ့ နစ်နာဆုံးရှုံးမှုကြီးရယ်ပါပဲ"

သည်နှယ်...

တင်ပြချက်မျိုးဖြင့် ငါးမိနစ်၊ ဆယ်မိနစ်ခန့်အတွင်းမှာပင် ဂျူရီ



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့၏ သည်းအိမ်နှလုံးကို စည်းရုံးသိမ်းသွင်းခြင်း ပြုပေလိမ့်မည် အားလုံးစိတ်ထိခိုက်လောက်စရာ ပြောင်မြောက်သည့် စကားလုံးများ ချည်း အသုံးပြုပေလိမ့်မည်။ လူနာထမ်းစင်ထက် ပက်လက်ကလေး နေသည့် ပေါလ်မဲလ်ကာ စိတ်ထဲက ရယ်ချင်ပက်ကျိ ရှိချင်ရှိနေမည် အကောင်းဆုံး အကယ်ဒမီရှော့တ် အမူအရာဆင်ယူပြီး လှုပ်တော မလှုပ်ရှားနိုင်သည့်ဟန်ပန်ကို ကျွန်တော် အသည်းယားနေသည်။ ဂျူ လူကြီးများ ကရုဏာသက်သွားပြီး ကောင်းသည့်ဘက်မှ စီရင်ချက်ချ သာပဲ ကုမ္ပဏီမှလျော်ငွေကို အပုံကြီး သိမ်းပိုက်ခွင့်ရတော့မည်ကိုး။

ဗုကယ်တော့. . . .

သည်နှယ် အခြေအနေဆိုးဖြစ်ပေါ်သွားအောင် သူကိုယ်သူ ဖန်တီး ခဲ့သည်တော့ မဟုတ်ပါ။ သူက အရောင်းအဝယ်သမားပီပီ ပလက်ဖောင်း ပေါ်မှဖြတ်သန်းခဲ့ရင်း တစ်ဖက်လမ်းသို့ ကူးတော့မည်အလုပ်၊ ဘရိတ် ပေါက်သွားသော ထရပ်ကားတစ်စီး ကွန်ကရစ်အပေါ် ဘီးချော်လိမ့်ကျ ရောက်လာရာမှ သူ့ကိုဝင်တိုက်သွားခဲ့သည်။ သူအလန့်တကြား အတင်း ကို ခုန်ရှောင်ပြေးကပ်ခဲ့သည့်တိုင် ဒုတ်ဒုတ်ဝင်ကျုံးသွားသည့် အဖြစ်ရပ် ပါပင်။

တန်သုံးဆယ် ကားကြီးတစ်စင်း၏ တိုက်ခိုက်ချက်က ပြင်းထန် လိမ့်မည်မှာ မည်သူမျှ မကန့်ကွက်နိုင်မည်မလွဲ။ သူကလည်း သည်အချ အလမ်းကို ပိုင်ပိုင်နိုင်နိုင်ပင် ဆုပ်ကိုင်သွားခဲ့ပါ၏။ သို့စေကာမူ ကျွန်တော် တို့ အသက်အာမခံကုမ္ပဏီလုပ်ငန်းဆိုသည်မှာ သည်လိုချောက်ချားအော လုပ်ပြရုံနှင့် လွယ်လွယ်လက်ခံတတ်သည် မဟုတ်။ ထိခိုက်မှုက အတွင်း ထိ နက်ရှိုင်းနေစေဦး။ တကယ် အသက်ပျောက်လောက်ဖွယ် ရှိ သေချာအောင် စေ့ငုပြီးမှပင် ယုံကြည်နိုင်လောက်မှ ငွေထုတ်ပေးရိုး





ဆုံးရသည့်ငွေကလည်း နည်းနည်းနောနော မဟုတ်တတ်၍ ပိုက်စိပ်တိုက် ပြီး ခိုင်လုံသည်အထိ စစ်ဆေးထောက်လှမ်းရသည်ချည်းမှင်။

ယခု. . .။

ပေါလ်မဲလ်ကာ၏ သရုပ်သကန်က ဒဏ်ရာဒဏ်ချက်များသာ ကတော့ဘဲ ဘဝတစ်လျှောက်လုံး အကြောဆိုင်းတော့မည့် သဘော သဏ္ဍာန်ပါ ဖန်တီးထားသည်က မခံရက်နိုင်ဆုံး။

ဆရာဝန်ဆိုသည်ကလည်း စာအုပ်ထဲမှ သင်ကြားဖတ်မှတ်ထား သည့်အတိုင်းသာ လူနာပြောသမျှနှင့်ညှိပြီး ရောဂါအဖြေရှာကြသည့် သဘောရှိသည်။ အဘယ်မျှ တော်လွန်းတတ်မြောက် ကုစားနိုင်သည်ဆိုစေ လူတစ်ယောက်၏ရင်ထဲမှ တကယ့်ခံစားမှု အတိုင်းအတာကိုတော့ ဘယ်မှာခန့်မှန်းနိုင်မည်နည်း။ စိတ်ပိုင်းဆိုင်ရာတွင်လည်း အာရုံကြော အပိုင်းကဏ္ဍ ထိခိုက်မှုရှိမရှိတွင်သာ ဆုံးဖြတ်ကြလိမ့်မည်မလွဲ။

'ပေါလ်မဲလ်ကာ' သကောင့်သားကတော့ 'အိုက်တင်' အတော် နိုင်နိုင်လွန်းလေစွ။ သူ့အနေဖြင့် ဈေးရောင်းသမားလုပ်မည့်အစား ဟောလီ ဝုဒ်ရုပ်ရှင်နယ်မြေတွင် သွားလုပ်ကာမှ ဆုတွေအချိတ်ခံရဦးမည်။ အကောင်းဆုံးသော သရုပ်ဆောင်ကောင်းမှုကြောင့် ရိုက်သမျှဇာတ်ကား ထဲမှာ အကယ်ဒမီ 'အော်စကာ' ဆုချည်း ၁၂ကွမ်းလောက် အချိတ်ခံရ လောက်သည်။

ကြည့်လေ။ သူ့ခန္ဓာကိုယ်တစ်ခုလုံး လှုပ်မရလောက်အောင် အကြောဆိုင်းနေပြီဆိုပြီး ဆေးရုံဆောင်မှာတစ်ပတ်ခန့် သည်အတိုင်း ဘုတ်တုတ်မျှမလှုပ် နေပြသွားခဲ့သည်။ သည်အကြောင်းကိုလည်း ကျွန်တော်တို့ ကုမ္ပဏီလုပ်ငန်းနှင့် လျှို့ဝှက်အချိတ်အဆက်ရှိခဲ့သော သူနာပြုဆရာမတစ်ဦး၏ သတင်းဆက်သွယ်မှုကြောင့် သိနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူနာပြုဆရာမက အခါမလပ်ဆိုသလို အကဲဖမ်းတိုင်းလည်း ပေါလ်မဲလ်ကာက အကောင်းပါး၏။ အကြောဆိုင်းသည့်သဖွယ်သာ သရုပ်ဆောင်ပြသွားခဲ့သည်ချည်း။ ကိုင်း…လူတစ်ယောက်မျှမရှိချိန် လျှို့ဝှက်ကင်မရာတပ်၍ အလစ်ခိုးရိုက်ထားဦး၊ တီဗီဖန်သားမှတစ်ဆင့် ချောင်းကြည့်နေဦး ပေါလ်မဲလ်ကာ၏ လည်ပင်းနကြောကော၊ ခြေထောက်ပါ ဖြတ်တစ်ကိုက်စာပင် လှုပ်ရှားသွားသည်ကို မမြင်ရတာပင် ကြည့်တော့။

သို့သော်…

ကျွန်တော့်စိတ်ထဲမှာမူ သူ့ကို လိမ်လည်သူအဖြစ်နှင့်သာ စိတ်ဘဝင်မကျနိုင်ဘဲ ဖြစ်နေသည်။ သူ့မှာ ဟာကွက်တစ်ကွက်တလေရှိသည်ကိုပင် မမြင်ရပါဘဲလျက် ကျွန်တော့်စိတ်မှာ ဘာကြောင့်စိတ်စနိုးစနောင့်ရှိနေသည်ကို မိမိဘာသာမဝေခွဲနိုင်။ ငွေများတစ်ပွေ့တစ်ပိုက်ခံစားရတော့မည်ဆိုသော မျှော်လင့်ချက်ကြောင့် ထမ်းစင်ပေါ်က သူ့အဖြစ်ကိုပင် ပျော်ရွှင်နေကြောင်း ထွင်းဖောက်မြင်မိသလိုရှိသည်။ မျက်နှာမှာတော့ ကြည်နူးရိပ် တစ်စွန်းတစ်စမျှပင်မထင်။ နှုတ်ခမ်းလွှာများပေါ်မှာလည်း အပြုံးမပေါ်။ သည်မျှ ဟန်ဆောင်ပြောင်မြောက်လှသည်ကလား။

ကျွန်တော်၏ ပေါလ်မဲလ်ကာအပေါ် သင်္ကာမကင်းရှိမှုနှင့် စပ်လျဉ်း၍ ဒေါက်တာလာကတ်စတာကို ရင်ဖွင့်မိသောအခါ…

"ခက်တယ်ဗျာ…ကျွန်တော်တို့လည်း သူ့ရဲ့အားနည်းချက်၊ လစ်ဟာချက်ကို နည်းအမျိုးမျိုးနှင့် စစ်ဆေးကြည့်ခဲ့သားပါ။ ယခု သူ့ဘက်က နိုင်လုံနေတာဆိုတော့ ဘယ်တတ်နိုင်မှာလဲ"

ဒေါက်တာအနေဖြင့် ပေါလ်မဲလ်ကာတစ်ယောက် တစ်သက်လုံး သည်ပုံစံဖြင့် နေသွားမသွားကို ရုံးခွင်မှာ တင်မပြနိုင်တာကိုဘဲ အလျော်ပေးရမည့်သဖွယ်ရှိသည်။





ကျွန်တော်သည် ပေါလ်မဲလ်ကာအား လူနာတစ်ယောက်အနေဖြင့် မဟုတ်ဘဲ လူသားတစ်ဦးတစ်ယောက်အနေနှင့် တောက်လျှောက်ကြည့်မို့ ဆုံးဖြတ်လိုက်သည်။ လောလောဆယ် သူ့အနေအထားအရ ငွေပုံကြီး ရယူချင်လောက်အောင် နွမ်းပါးနေနိုင်သည်။ အိမ်ကျဉ်းကျဉ်း၊ မနက် ဆွေးဆွေးကားနှင့် ဘဏ်ထဲအပ်နှံငွေမရှိ၊ အကြွေးပတ်လည်ဝိုင်းနေသော ဈေးရောင်းသမားဘဝကနေတစ်ဆင့် နေချင်းငွေပုံကြီးပေါ်ရောက်တော့မည့် သူ့အခြေအနေတွင် သတိလက်လွတ်ရှိလာနိုင်သည်။ အဲဒါကို ကျွန်တော်စောင့်ဖမ်းပြီး တရားရုံးတွင် တင်ပြသွားနိုင်ဖို့ဖြစ်သည်။

ပေါလ်မဲလ်ကာသည် သည်နှယ်အခြေအနေ ရောက်ပြီးပေမယ့် အိုအေစစ် ညကလပ်သို့ အခြေအနေပေးတိုင်း စည်းစိမ်ခံသွားခဲ့ကြောင်း သတင်းရသည်။ ထိုစဉ်ကပင် နိုက်ကလပ်မယ် ဂေးလ်ရှန်ဖိုနှင့် ရင်းနှီးမှုရထားသည်ကော။

သည်လို မိန်းမအမျိုးအစားသည် ပေါလ်မဲလ်ကာတွင် ချမ်းသာလာတော့မည့် သတင်းရရှိက အဘယ်မှာငြိမ်နေသိမ့်ပါ့မည်နည်း။

မည်သို့ဆိုစေ။

ပေါလ်မဲလ်ကာသည် ထမ်းစင်ပေါ်က ပတ်သက်ဘဝနှင့်ပင် ကျွန်တော်တို့ ကုမ္ပဏီလုပ်ငန်းအပေါ် အနိုင်ယူပြသွားခဲ့သည်။ ဒေါ်လာပေါင်း တစ်သိန်းရှစ်သောင်းတိတိကို လျော်ကြေးငွေအဖြစ် သိမ်းပိုက်ခွင့် ရသွားဖြစ်သည်။

"အဲဒါ သက်သက်မဲ့ ဓားပြ အတိုက်ခံလိုက်ရတာပဲ"

ကျွန်တော်တို့ကုမ္ပဏီ၏ သူဌေးရှေ့မှောက်မှာ ရေရွတ်မိခဲ့ပါသည့် ကျွန်တော့်စကားလုံးများ။ သူဌေးက…



www.burmeseclassic.com

www.burmeseclassic.com



"တို့များဘက်ကမှ မတတ်နိုင်တော့တာပဲဟာ။ ကဲ…ဆိုစမ်းပါဦး… ရှိဂျန်။ မင်းမှာ ဘာလုပ်ဖို့ စိတ်ကူးရှိနေသေးလဲ"

"ဒီလို ပိုင်ပိုင်နိုင်နိုင် အကွက်ရိုက်သွားတဲ့ ပေါလ်မဲလ်ကာရဲ့နောက်ကနေ တစ်ချိန်လုံး ခြေရာကောက်ဖို့ ကျွန်တော်ဆုံးဖြတ်လိုက်ပြီ။ ငွေကြေးချမ်းသာလာတဲ့ လူမမာတစ်ယောက်ရဲ့ တက်ကြွပုံဟာ ဘယ်အခြေအနေအထိ ထူးခြားချက်ပြလာမှာလဲ ဆိုတာကိုပါ"

သည်လိုနှင့်ပင်…

ပေါလ်မဲလ်ကာ အလျှော့ရသွားပြီး သိပ်မကြာ။ အိုအေစစ်မှ ညကလပ်မယ် 'ဂေးဖရန်းစ်' အလုပ်ထွက်သွားသည့်သတင်း ကြားလိုက်ရသည်။ အကြောင်းကတော့ ပေါလ်မဲလ်ကာအား ပြုစုရမည့် သူနာပြုတစ်ယောက်အဖြစ် တာဝန်ယူဖို့ အကြောင်းပင်ဖြစ်သည်။ စင်စစ် ငွေနဲ့ရလိုက်သည်ကြောင့်သာ ပြေးကပ်ခဲ့သည့်သဘောမျိုး။ ပေါလ်မဲလ်ကာက သတိတရားအပေါ် အစဉ်မပြတ်လုပ်သူဖြစ်ချေသည်။ ပိပိရိရိ သရုပ်ဆောင်ထားတုန်း အပြင်အပမှ ဘယ်လိုစစ်ဆေးမှုကိုမျှမမူ။ သူ့အသည်းစွဲဂေးဖရန်းစ်ကိုသာ အနီးကပ်ပြုစုခွင့်ပေးထားသည်။ လစ်ကွက်ဟာကွက်တစ်ရပ်ရပ်ကြောင့် ငွေတွေပြန်သိမ်းပိုက်သွားမှာကို စိုးရိမ်စိတ်ရှိထားဟန်။

ကျွန်တော်တစ်ခေါက်တော့ သူနေအိမ်အသစ်ဆီ အကဲခတ်ဖို့ရောက်သွားသည်။ ဂေးက ခုတင်ပေါ်မှာ သူ့အား 'အစ်ကိုမိတ်ဆွေ' ရောက်နေသည်ဟု သတင်းပေးသွားသည်။ ဝင်လာသူ ကျွန်တော့်အား ခေါင်းအုံးပေါ်မှပင် မျက်လုံးဝင့်ကြည့်ပြီး…

"အဲဒါ ငါ့မိတ်ဆွေ မဟုတ်ပါဘူး"

တစ်ဆက်တည်း…





"ဆိုစမ်းပါဦး။ ကျွန်တော့်အိမ်ကို ရောက်လာတဲ့ကိစ္စက"

"ခင်ဗျား ငွေတွေကို ဘယ်လိုများ သုံးစွဲနေသလဲလို့ သိချင်တဲ့သဘောသက်သက်ဆိုပါတော့။ စာရေးဆရာ ရစ်ပ်လီသာစင် ခင်ဗျားကို တွေ့သွားရင် သူ့ရဲ့ 'ယုံရင်ယုံ၊ မယုံရင်နေ' စာအုပ်မှာ အိပ်ရာပေါ်မှ သေကောင်ပေါင်းလဲဖြစ်နေတဲ့လူမမာ မိန်းမချောချောရလိုက်တဲ့ ထူးဆန်းဖွယ်အကြောင်းကို ရေးချင်ရေးမှာမလွဲဘူး"

"ဪ…ခင်ဗျားက အနံ့ခံခွေးတစ်ကောင်လို ရောက်လာခဲ့တဲ့လူပဲကိုး။ ကျွန်တော်ရထိုက်တဲ့ငွေတွေကို မတရားတဲ့နည်းလမ်းနဲ့ ရတယ်လို့ ယူဆထားတဲ့သဘောနဲ့ပေါ့ ဟုတ်လား"

"ဟာ…သိပ်မှန်တဲ့စကားပဲ"

"ငွေတွေ 'ကျုပ်လက်ထဲရောက်သွားတဲ့နောက် ခင်ဗျားကော ဘယ်လိုနည်းလမ်းသုံးပြီး ပြန်ရအောင်ကြံနိုင်မှာမို့လို့လဲ"

"သူနာပြု အယောင်ဆောင်ထားတဲ့ ဂေးဖရန်းစ်ဆိုတာ တကယ်တော့ အကြောဆိုင်းချင်ယောင်ဆောင်ထားတဲ့ လူမမာရဲ့ မယားတစ်ယောက်ပါလို့ ရုံးခွင်မှာ သက်သေခိုင်ခိုင်လုံလုံနဲ့ ပြလိုက်ရင်ကော ခင်ဗျားဘာတတ်နိုင်မှာလဲ"

"ဒါလောက် ထောက်ပြရုံနဲ့တော့ မခိုင်လုံသေးပါဘူး"

"ဒါ့ထက်မကတဲ့ အထောက်အထားတွေရအောင် ခင်ဗျားနောက်ကနေ အရိပ်လို လိုက်ချောင်းဦးမယ် ပေါလ်။ မိန်းမချောချောရထားတဲ့ ခင်ဗျားလိုလူတစ်ယောက်ဟာ အိပ်ရာပေါ်မှာ ဘယ်လောက်ထိ ငြိမ်ငြိမ်နေနိုင်မလဲဆိုတာ စောင့်ကြည့်ရသေးတာပေါ့"

ကျွန်တော့်နောက်ပါးမှ ဂေးဖရန်းစ်၏ ပြုံးမောင်းမဲ့သံ ခပ်တိုးတိုး



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရသလိုရှိသည်။

ကျွန်တော် လှည့်မကြည့်မိခဲ့ပါ။ ဆက်ပြောဖြစ်ခဲ့ပါသည်။

"ဒီမယ် မဲလ်ကာ။ ဒီလို ဟန်ဆောင်ထားရတဲ့ ဘဝဒုက္ခနဲ့ ခံစားချက် မပြည့်စုံတဲ့ကြားထဲမှာ ခင်ဗျားကြာကြာ မကျင်လည်ပါဘူး။ ဥခွံလို အခန်းကျဉ်းကျဉ်းလေးအောက်မှာ ခင်ဗျားတို့နှစ်ယောက် အမြဲတမ်း အောင်းနေဖို့ဆိုတာလည်း ဘယ်လိုမှ မဖြစ်နိုင်တဲ့အရာပါ။ အထူးသဖြင့် ပန်းကလေးတစ်ပွင့်လို အစွမ်းကုန်ပွင့်လန်းနေတဲ့ အလှပိုင်ရှင် မိန်းကလေး တစ်ယောက်ကို မယားတစ်ယောက်အဖြစ် အသိအမှတ်မပြုဘဲ အတူနေသွားဖို့ဆိုတာ ပိုပြီးမဖြစ်နိုင်ပါဘူး။ ပြင်ပကမ္ဘာက လျှပ်စစ်အလင်းရောင်တွေအောက်မှာ ငွေနဲ့အလဲအလှယ်လုပ်ပြီး ပျော်ပါးနိုင်တဲ့အရာတွေ အများကြီး။ ခင်ဗျား ခပ်ကြာကြာ အဆက်ဖြတ်ထားနိုင်ပါ့မလား။ ခင်ဗျားဟာ တကယ်တမ်းကျတော့ ဟန်ဆောင်ရုပ်ပုံလွှာအစွပ်အောက်က ဒေါင်ဒေါင်မြည် ကျန်းမာနေတဲ့လူ။ ငွေအပုံကြီးပိုက်ထားတဲ့လူ။ ပျော်လို့ပါးလို့ ကျန်းမာနေတဲ့လူတစ်ယောက်ဟာ သောကအကျဉ်းသမားဘဝနဲ့ အသက်ထက်ဆုံး ဘယ်နေသွားနိုင်ပါ့မလဲလေ။ ခင်ဗျားရဲ့ အလှဖုရားလေးကကော ခင်ဗျားရဲ့ပယောဂဒဏ်တွေကို ဘယ်ကာလအထိ ခန္တီစပါရမီနဲ့ အောင့်အည်းနေနိုင်ပါ့မလား မဲလ်ကာ"

ကျွန်တော်တစ်လုံးချင်းဖြင့် ရှည်ရှည်ကြာကြာ လွှတ်ထုတ်လိုက်သော စကားလုံးများက အရိုက်တည့်တည့်ကိုမှ ထိမှန်သွားဟန်ရှိသည်။

ပေါလ်မဲလ်ကာ၏ မျက်လုံးအစုံတွင် တောက်လောင်မှုများ မြင်တွေ့လိုက်ရသည်မှာ အမှန်ပင်။ သို့သော် ခဏတစ်ဖြုတ်အတွင်းမှာပင် အပြုံးကို လှစ်ပြခဲ့သည်။ အပြုံးက ခပ်ဖျော့ဖျော့ရယ်သာ။ စဉ်းလဲယုတ်ညံ့မှုပါသော အပြုံးမျိုးဖြစ်သည်ဟုသာ ကျွန်တော်နားလည်မိသည်လေ။





သူက ကျွန်တော်နှင့် အသက်အပေါင်ထားစဉ်ကတည်းက သိလာသူဖြစ်၏။ ကျွန်တော့်နာမည်ကို တိုက်ရိုက်ရေရွတ်ရာက…

"ရိုဂျန်၊ ကျုပ် ဘယ်သူ့ရှေ့မှာမှ အသိမပေးဖူးခဲ့တဲ့ စကားတစ်ခွန်းကို ခင်ဗျားကိုဖွင့်ပြောပြပါ့မယ်။ အဲဒါကတော့ ကျုပ်ကော၊ ဂေးဖရန်းစ်ကော ဒီအရပ်မှာ ကြာကြာမနေတော့ဘူးဆိုတာပါပဲ။ ခင်ဗျား အခုနက ရေရွတ်ပြခဲ့တဲ့ လျှပ်စစ်အလင်းရောင်တွေ ရနိုင်လောက်မယ့် တစ်နေရာ၊ တစ်ကမ္ဘာကို ပျော်ဖို့ရှင်ဖို့အတွက် မကြာခင် ထွက်ခွာသွားကြတော့မှာပါ"

"ဘယ်လို…ဘယ်လို…ခင်ဗျားတို့ ဒီအရပ်ကနေ ထွက်သွားကြမယ်။ ခင်ဗျား အခုလိုပုံစံနဲ့ပဲ ထွက်သွားမှာလား"

"ဒါတော့ ကျုပ်မသိဘူး…"သူက တစ်ချက်ပြုံးလိုက်ပြီး…"ဒါပေမဲ့ မကြာခင်မှာ ကျုပ်အတွက် ကျန်းမာလာဖို့အကြောင်း ရကောင်းရလာမယ်လို့ မျှော်လင့်မိတာပါပဲ"

* * * * *

မည်သို့ဆိုစေ။

ပေါလ်မဲလ်ကာခေါင်းထဲမှာ ခန့်မှန်းရခက်သည့် အကြံများရှိနေပြီးသား ဖြစ်ပုံရသည်။ ငွေလက်ထဲရောက်လာသည်နှင့် မိန်းမကောက်ကာငင်ကာ ယူလိုက်သော်လည်း သူနာပြုဆရာမ ခေါ်ထားသယောင်ဖန်တီးခဲ့သည်မှာ ပေါ်ပေါက်လာမည့်သားကို တင်ကြိုစည်းတား ထားလိုက်သည့်သဘော။ ကျွန်တော့်ဘက်မှ ဖော်ကောင်လုပ်၍ တရားခွင်မှာ တင်ပြခဲ့ကြား ခိုင်ကျည်လုံလောက်သော တိုက်ကွက်ဖြစ်နိုင်လာမည်မထင်။

နောက်ထပ် လစ်ကွက်ဟာကွက်တစ်ခုကိုသာ အချိန်ဆွဲစောင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတော့မည့် သဘောဖြစ်နေသည်။ ထူးဆန်းသော အကြောင်း တစ်ရပ်ရပ် ထပ်မံပေါ်ပေါက်လာအုံဟု မျှော်လင့်ရတော့မည်သာ။

ကျွန်တော်သည် ပေါလ်မဲလ်ကာနှင့် မျက်ခြေမပြတ်နိုင်သော အစီအစဉ်များဖြင့် အချိန်မလပ် စောင့်ဆိုင်းကြည့်နေခဲ့သည်။ ဆိုခဲ့ပြီးသည့် အတိုင်းပင် နောက်တစ်ကြိမ် ကျွန်တော်ရောက်သွားသောအခါ ရွှေပြောင်းကြတော့မည့် ပေါလ်မဲလ်ကာတို့ ဇနီးမောင်နှံအား အသင့်ဖြစ်အနေအထား ဖြင့် တွေ့လာခဲ့ရသည်။ ကြီးမားသော သေတ္တာနှစ်ခု အဝတ်ထည့်သည့် ဆွဲအိတ်များက တစ်ဒါဇင်ခန့်ရှိသည်။ အထဲမှာ ဘယ်လောက်အဖိုးတန် ငွေတွေ ပါဝင်မည်မသိ။ အပြည့်အမောက်ပါပင်။

ဓားပရှန်းစ်ဝတ်ထားသည့် အဝတ်အစားများကပင် တန်ဖိုးမနည်းလှ။

အားလုံးမှာ ကျွန်တော်တို့၏ကုမ္ပဏီမှ တစ်ပတ်ရိုက်ယူထားသည့် ငွေများဖြင့်သာ ဝယ်ယူထားခဲ့ပုံမျိုး။

အထူးစပါယ်ရှယ် လှေနာတင်တတ်ကိုလည်း မြင်နေရသည်။ လှေနှစ် ယောက်က ပေါလ်မဲလ်ကာကို တင်ဆောင်ဖို့ အရန်သင့်စောင့်နေသည့် သဖွယ်ရှိသည်။

သကောင့်သားကတော့ မွေ့ရာအိအိကြီးပေါ်မှာ လဲလျောင်းသည့် အနေအထား။

ကျွန်တော့်ကို တွေ့မြင်လိုက်သည်နှင့်ပင် နှုတ်ခမ်းကော၊ မျက်လုံး များပါ ပြုံးလက်သွားကြသည်။ သည်တစ်ခါတော့ ခွဲခွာရမည့်နေ့မို့လား မသိ။ အပြုံးတချို့ရည်လှသည်။

"ကျုပ်ခရီးထွက်တော့မှာမို့ နှုတ်ဆက်ရအောင် လာတာလား ရှိဂျန်"





"ခင်ဗျားသတင်းနဲ့ ပတ်သက်ပြီး ကြားလိုက်ရလို့ပါ"

"ဘာလဲ၊ ကျုပ်ကို ဘာသာတရား ကိုင်းရှိုင်းတဲ့လူတစ်ယောက် ရယ်လို့ ခင်ဗျားထင်မထားခဲ့ဘူး မဟုတ်လား။ ဒီမှာရှိဂျန် ကျုပ်ဆိုတဲ့လူ ဟာ တစ်ပတ်တစ်ခါဝတ်ပြုဖို့ ချာ့ချ်ကို မှန်မှန်မရောက်ခဲ့တာကလွဲလို့ ဘာသာရေးကို ရင်ထဲအသည်းထဲက လေးလေးမြတ်မြတ် ကိုးကွယ်ယုံ ကြည်ခဲ့သူပါ"

"ခင်ဗျားရောဂါကို ထူးဆန်းတဲ့ကုသနည်းနဲ့ သွားကုမယ်ဆို ဟုတ်လား"

"ဟုတ်တယ် ရှိဂျန်။ ကျုပ်ကိုးကွယ်မှုကို ယုံကြည်ခဲ့သူဆိုတော့ ဗွာပနာတော်တွေနဲ့ ပြည့်မှုမ်းနေတဲ့ 'ကာမဗီရီ' သန့်ရှင်းသချိုင်းဂူကို သွားဖို့ ရည်ရွယ်မိတာပါပဲ။ အဲဒီမှာ ကျုပ်ရောဂါကုစားဖို့ တန်ခိုးအင်အားတွေ ကိန်းဝပ်နေလိမ့်မယ်လို့ ယူဆတယ် ရှိဂျန်"

ပေါလ်မဲလ်ကာ ပယောဂကုထုံးနည်းမျိုးဖြင့် ဆေးကုသဖို့ ခရီး ထွက်တော့မည့်အကြောင်း ကျွန်တော့် ကုမ္ပဏီပိုင်ရှင်သူဌေးလည်း သတင်းရခဲ့ပြီးဖြစ်သည်။

ပယောဂ ထူးဆန်းနည်းအကြောင်း ရုံးတွင် ပြန်လည်တင်ပြခွင့်မရှိ ငြားလည်း ပေါလ်မဲလ်ကာ၏ ခရီးစဉ်နောက်သို့ ခြေရာခံ၍ လစ်ကွက်ဟာ ကွက် စောင့်ဖမ်းယူခဲ့ဖို့ ကျွန်တော့် 'ဘော့(စ်)' က တာဝန်ပေးထားသည်။

သို့စေကာမူ ...

ကျွန်တော်၏ အလုပ်ရှင် စေစားမှုကြောင့်ရယ်သာ မဟုတ်၊ ကျွန်တော့်ကိုယ်၌လည်း 'သူတို့' အရိပ်အခြေကို တောက်လျှောက်လိုက် ကြည့်ဖို့ ဆုံးဖြတ်ထားပြီးသားဖြစ်သည်။ သူတို့လင်မယား လိုက်ပါသွား



www.burmeseclassic.com

www.burmeseclassic.com



ကြမည့် လေယာဉ်ပေါ်တွင် ကျွန်တော်ပါ လိုက်ပါသွားနိုင်ဖို့ စီစဉ်ထားခဲ့သည်အမှန်။

သည့်အတွက်…

ပေါလ်မဲလ်ကာဘက်ကလည်း ကျွန်တော့်အပေါ် ငြိုငြင်ခဲ့မည် မထင်ပါ။ ထို့ပြင် ရောဂါကုထွက်မည့် နောက်ဆုံးခရီးစဉ်အထိ အနီးမှာရှိနေသည်ကပင် သူ့အတွက် မျက်မြင်သက်သေတစ်ယောက် တိုးလာသလို ရှိနေ၍ ပိုလို့ပင် ကျေနပ်နှစ်သိမ့်သွားခဲ့ပုံ။

စင်စစ်…

'ကမဗီဂို' သန့်ရှင်းသချိုင်းဂူသည် ကမ္ဘာသိထင်ရှားလှသော ပွဲနေအရပ်တစ်ခုကား မဟုတ်ပါလေခဲ့။ ပေါလ်မဲလ်ကာနှယ် ဟန်ဆောင်ပရိယာယ်နှင့် သရုပ်ဆောင်ထားရသော လူမမာအဖို့ကလည်း ကျော်ကြားသည့်အရပ်အထိ သွားရောက်ပြီး ကုသဖို့ပင် မလိုအပ်ပါ။ ဆေးကုသ၍ ကောင်းမွန်လာသည်ဟု အကြောင်းပြရုံသက်သက်ဖြင့် ခရီးထွက်ခြင်းမျိုး။

ကျွန်တော်တို့ ခရီးစဉ်အဆုံးတွင် ထိုသချိုင်းဂူသို့ရောက်ဖို့ နောက်ထပ် မိုင်ပေါင်းရာချီ သွားရမည့်ကိန်းမျိုး။

လေယာဉ်ကွင်းနှင့် ကူးချည်သန်းချည်ရှိနေသော အငှားလူနာတင်ယာဉ်တစ်စင်းက ပေါလ်မဲလ်ကာတို့ဇနီးမောင်နှံ လေယာဉ်ပေါ်မှဆင်းခဲ့ပြီး မကြာမီ လေဆိပ်သို့ရောက်လာသည်။ ရှုနာထမ်းစင်ဖြင့် ကားပေါ်သို့တင်သည်။ မရွှေချောဂေးဖရန်းစ်ကလည်း ခင်ပွန်းသည်နှင့် ကားထဲမှာပင် ဝင်ထိုင်သည်။

ကျွန်တော်ကမူ ထိုလူနာတင်ယာဉ်နောက်ပါးမှ မျက်ခြည်ခံဖို့





အနီးမှ အငှားယာဉ်တစ်စင်းကို ငှားလိုက်သည်။

မြို့ထဲသို့ ကျွန်တော်တို့တစ်တွေ ကြာသပတေးနေ့ နေ့လယ်ပိုင်းလောက်မှာ ရောက်သွားဖြစ်ကြသည်။ ကျွန်တော်ကြားဖူးသော အရပ်များလို ထည်ထည်ဝါဝါနှင့် လှုပ်လှုပ်ရှားရှားဖြစ်လှသော ဒေသမျိုးမဟုတ်။ ဟိုတယ်လေးတစ်ခုတည်းမှာတော့ လူနာရှင် ဒဏ်ရာအကျိုးအပဲ့၊ အချို့အယွင်းများဖြင့် ပြည့်သိပ်နေသည်မှာအမှန်။ အယောက် ၅၀မှ ၁၀၀ အတွင်းဖြစ်သည်ဟု ခန့်မှန်းရသည်။

'ဂေးဖရန်းစ်' ကပါ သူ့ခင်ပွန်းနှင့်အတူ ဟန်ဆောင်အမူအရာ ကောင်းလှသည်။ ဟိုတယ်သို့မဝင်မီ သချိုင်းမြေပေါ်မှာ အရုပ်တစ်ရုပ်လို ရပ်နေသည်။ ကြည့်စမ်း… အဝတ်အစားကိုပင် ညိုးငယ်သည့် အရောင်ဖြစ်သော အနက်ရောင်သို့ လဲလှယ်ပြောင်းဝတ်ထားသည်။ ပေါလ်မဲလ်ကာ၏ ညွှန်ကြားချက်ကြောင့်ပင်ဖြစ်ရမည်။ အဝတ်အစားများကတော့ ကိုယ်ပေါ်မှ အစိတ်အပိုင်းများကို အရှိအရှိအတိုင်း ပေါ်လွင်စေသလို ကျပ်ကျပ်သပ်သပ်ရှိနေသည်။ သမ်းလျှောက်လိုက်သည်နှင့်ပင် ယောက်ျားသားများ မျှော်လင့်စောင့်စားနေသည့် အသွဲ့အငင်၊ အလှုပ်အယမ်းများကို အသက်ရှူမှားမတတ် မြင်ခဲ့ရသည်။

ထို့နောက်မှပင်…

သူ့ခင်ပွန်း ငှားထားခဲ့သော ဟိုတယ်အပေါ်ထပ် အခန်းဆီသို့ လှေကားပေါ်မှ တက်ရောက်သွားသည်။ တစ်ယောက်မျှ မတွေ့တော့မှ ကျွန်တော်မြို့တွင်း လှည့်လည်နေဖြစ်ခဲ့သည်။ ကျွန်တော့်အဖြစ်က ပေါလ်မဲလ်ကာတို့၏ မျက်လှည့်ပြသမှုကို ရှုစားနေသော အူတူတူခက္ကာလူတစ်ယောက်နှယ် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့လို့သာဆိုနေသည်။ ကာမဖီရှိသည် ရွာတစ်ရွာထက်ပင် မကြီးမားချေ။ အဆောက်အအုံ အဟောင်းတွေသာများသည်။ အသစ်ကဟိုတယ်အချို့လောက်သာရှိသည်။ ဆင်းရဲမှုသဘောကို ထင်ဟပ်နေသလိုလို။ တကယ်တော့ တောင်တန်းကြီးတစ်ခုကို အမှီပြု၍ တည်ထားသော မြို့ကလေးတစ်ခုရယ်မျှသာ။ တောင်ခါးပန်းတစ်ခုဆီမှာ သချိုင်းနှင့်အဆက်အစပ်ရှိသော ချာချဲဘုရား ရှိခိုးကျောင်းကို မြင်နေရသည်။ သိပ်ခမ်းခမ်းနားနား၊ သပ်သပ်ရပ်ရပ်ဖြင့် အင်္ဂတေမွမ်းမံထားသည့် ပုံစံမဟုတ်။ နီးစပ်ရာအုတ်ကျောက်များဖြင့် ဂူထွင်းလျက် တည်ရှိဆောက်လုပ်ထားပုံမျိုးပင်။

ကျွန်တော်က တောင်တက်လမ်းကြောင်းမှတစ်ဆင့် အပေါ်သို့ ရှေးရှုလာခဲ့ဖြစ်သည်။ ထမ်းစင်ဖြင့်လူနာများ၊ တွန်းလှည်းဖြင့်လူနာများ၊ ချိုင်းထောက်လူနာများ ဟိုနီးနားတစ်ဝိုက်၊ ဤနီးနားတစ်ဝိုက်ဖြင့် ဝေဒနာကုစားဖို့ ငံလင့်နေသည်ကို တွေ့ရသည်။ ကြည့်ရသည်မှာ အနိဋ္ဌာရုံမြင်ကွင်းတွေရယ်သာပင်။ အားလုံးမှာ ပျော်ရွှင်ကြည်နူးရိပ် တစိုးတစိမျှပင် မထင်ဟပ်။ ပေါလ်မဲလ်ကာတစ်ယောက်သာ ဟန်ဆောင်လူနာရယ်ပါ။

တွေးမိလေလေ၊ ပေါလ်မဲလ်ကာ၏ 'နပ်ပစ်' ခံရမှုကို ဒေါသထွက်လာလေလေ ကျွန်တော်ဖြစ်မိသည်။ ကျွန်တော်တို့၏ ကုမ္ပဏီပေါ်ညာလှိုင်း၍ငွေထုတ်ခဲ့ပြီး အားရရုံသာမက ယခုတစ်ဖန် ဆေးကုစားရန်ရောက်လာသူများအကြားတွင် သူ့ကိုယ်သူ လူမမာအသွင်ဖြင့် ဝင်ရောက်လေဦးမည်။ ကျွန်တော် သူ့ကို တစ်နည်းနည်းနှင့် ဟန့်တားနိုင်ပါမှ။

တဖြည်းဖြည်း လောကတစ်ဝန်းလုံး မှောင်စပြုလာသည်နှင့် ဖယောင်းတိုင်မီးများ အလျှိုအလျှို လင်းလက်လာကြသည်။ချာချ်ပေါက်ဝ





များ ရေကားထစ်ထိပ်တွင် အနက်ရောင်ဝတ်ရုံနှင့် သေးသေးသွယ်သွယ် အသားမှောင်မှောင် လူသားတစ်ဦး။ သူက လူနာတွေကို ဆုတောင်းပတ္ထနာ တန်ခိုးနည်းဖြင့် ကုသပေးမည့် 'ဘရာသာ' ဖြစ်ချေသည်။

သူက ကျွန်တော့်ကို လူကောင်းပကတိအသွင်ဖြင့် တွေ့လိုက်ရသည့်တစ်ခဏ အံ့သြဟန်ပြသည်။

"ကျွန်တော် ဆေးကုခံရအောင် လာခဲ့တာ မဟုတ်ပါဘူး ဘရာသာ။ ဒီနေရာကလေးရဲ့ သတင်းကြားခဲ့မိတာနဲ့ စိတ်ဝင်စားလို့လာ လေ့လာတာပါခင်ဗျာ။ ဒီက စနစ်လေးကို သိပါရစေလား"

"သားတော်ဆိုလိုတာက လူမမာနဲ့ပတ်သက်တဲ့ ကုစားမှုကိုလား"

"ဟုတ်ပါတယ်။ ဒီလိုရောက်အောင်လာကြတဲ့ ဝေဒနာရှင်တိုင်းဟာ သူတို့မျှော်လင့်ထားတဲ့ ကုသမှုနဲ့ကုသရင် ပျောက်နိုင်တယ်ဆိုတယ်။ တကယ်ကော ဆုတောင်းမှုပြုတာလား၊ ဒါဒီလို ဆုတောင်းတော့ကော ဒဏ်ရာတွေ စင်သွားရောလား"

"ဒါကတော့ လက်တွေ့စောင့်ကြည့်သွားပေါ့ကွယ်။ ဒီနေရာရောက်ရင်တော့ အမျိုးမျိုးသော နည်းလမ်းအဖုံဖုံနဲ့ ဘုရားဝတ်ပြုကြရတာအမှန်ပဲ။ အချို့က ထူးထူးခြားခြား ဆုတောင်းမှုတွေ ပြုလုပ်ကြသေးတယ် သားတော်။ ဒီနေရာဆိုတာ အံ့သြမှုတွေ ကိန်းဝပ်နေတဲ့၊ မြင့်မြတ်တဲ့မြေပထဝီ တစ်ခုပဲမဟုတ်လား။ ဘုရားသခင် ကောင်းချီးပေးထားတဲ့နေရာ တစ်ခုရယ်လို့ ပြောလည်းရတယ်"

"ဆုတောင်းပြည့်နိုင်တဲ့ သဘောမျိုးလား"

"ဆုတောင်းတယ်ဆိုတာ ဒီနေရာရောက်မှရယ်သာ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



သားတော်။ ဘယ်နေရာမှာဖြစ်ဖြစ် ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို အောက်မေ့တမ်းတခြင်းဟာ ညစ်နွမ်းနေတဲ့ဝိညာဉ်ကို စင်ကြယ်စေပါတယ်။ ဝိညာဉ်ငြိမ်းချမ်းမှုရမှ ရောဂါဘယဆိုတာ ပျောက်လွင့်နိုင်မှာ ရယ်ပါ''

''ဒဏ်ရာဒဏ်ချက်တွေ ကျတော့ကော''

''ဆယ်ရေး၊ ကိုးရေးလောက်ကို ပျောက်ပါတယ်ကွယ်။ ဒါပေမဲ့ ဘုရားသခင်ကိုယ်တော်တိုင်ကလည်း ဆုတောင်းတိုင်းရနိုင်တယ်လို့ ခွင့်မပြုခဲ့ပါဘူးကွယ်။ ကိုးကွယ်မှုရဲ့ ယုံကြည်မှုအတိုင်းအတာလောက်သာ ပျောက်ကင်းနိုင်မှု ပေးခဲ့တာရယ်ပါ''

''ဒါပေမဲ့ ဒီမှာကျတော့ ဆုတောင်းရုံနဲ့ ဒဏ်ရာတွေတောင် စင်သွားရအောင် စေစားနိုင်တဲ့ အစွမ်းအင်အားတွေရှိတယ်ဆို ဘရာသာရဲ့''

''အများအားဖြင့်တော့ မှန်ပါတယ်''

ကျွန်တော် အတန်ကြာအောင်ပင် လူနာများ၏ ကုစားမှုသဘာဝကို ချာချာကျောင်းတွင်ဝင်၍ ထိုင်လေ့လာနေမိခဲ့သည်။ ဖယောင်းတိုင်များ စီတန်းထွန်းထားသည့်ရှေ့ဝယ် ကုန်းကုန်းကွကွဖြင့် ဆုတောင်းမှုပြုနေကြသော ဒုက္ခိတပေဒနာရှင်များ၏ အဖြစ်အပျက်ကို ရင်မချိစရာမြင်တွေ့နေရသည်။ တချို့တလေမှာ ချက်ချင်းပျောက်သွားသည့် ဟန်ပန်အမူအရာများ ထင်ဟပ်ခဲ့သည်အမှန်။

* * * * *





မနက်ဖြန်ဆို။

ပေါလ်မဲလ်ကာ ရောက်လာပေလိမ့်မည်။ သူက ဟန်ဆောင်သမားဆိုတော့ ဘယ်သို့သော ထူးခြားမှုသဘောဆောင်ခဲ့မည်ကို စောင့်ကြည့်ရလိမ့်မည်ပင်။

ကျွန်တော်သည် ထိုနေရာမှထွက်လာပြီး မြို့တွင်းစားသောက်ဆိုင်တစ်ဆိုင်မှာ ဝိုင်တစ်ပုလင်း ထိုင်ဖြိုနေလိုက်သည်။

ကျွန်တော် ခုတင်ပေါ်သို့လဲလျောင်းမိသောအခါ အိပ်မပျော်နိုင်သလိုဖြစ်ခဲ့ရသည်။ ခေါင်းထဲမှာ ဆိုးရွားလှသော အတွေးလွန်မှုများဖြင့် အနှိပ်အစက်ခံနေခဲ့သည်။ ကျွန်တော့်ကိုယ်ကျွန်တော် သူတစ်ပါး အမြင့်အမြတ်ထားသော နယ်မြေတစ်ခုတွင် အပြစ်ကြီးကျူးလွန်ရန် ရောက်လာမိသည့်အလား နောင်တစိတ်ခံစားရသည်။

ကား တကယ်အတိုက်ခံရသည်မှလွဲ၍ ဆေးရုံပေါ်မှာလည်း တကယ့်ထိခိုက်မှုထက် ပိုသရုပ်ဆောင်ပြ၊ ဟော… ရုံးခွင်ထဲက တရားစီရင်မည့်သူများ ရှေ့မှောက်မှာလည်း အမှန်ပင် အကြောဆိုင်းသလိုလိုဟန်လုပ်နှင့် ယခုတစ်ဖန် ဆေးကုသမည့် နယ်ပယ်အတွင်းသို့ လိမ်လည်ရန်ရောက်လာသည့် ပေါလ်မဲလ်ကာ၏ လုပ်ရပ်များအပေါ် ခါးခါးသီးသီး ခံစားမိသည်။

သူသည် တကယ်ပင် သူတို့၏ ထွက်ဖုံအမွှန်အရပ် တစ်ခုအပေါ် ဆက်လက်ဟန်ဆောင်နိုင်ပါ့မည်လား။

ဘာပဲပြောပြော။

ဟန်ပဲဆောင်ဆောင်၊ တကယ်ပဲ ပြန်လည်ကောင်းလာ၊ ကောင်းလာ သူ့ခြေဖဝါးတွေ ရပ်နိုင်လာခဲ့သည်နှင့် ကျွန်တော့်ဘက်က မညှာ



www.burmeseclassic.com

www.burmeseclassic.com



မတော တိုက်ခိုက်ရတော့မည်ပင်။ သူ့ဓနီး ဂေးဖရန်းစ်ကိုပါ ကုမ္ပဏီငွေတွေ လိမ်လည်မှုဖြင့် တရားစွဲ၊ ကျွဲငွေများ ပြန်လည်သိမ်းပိုက်နိုင်ဖို့ လုပ်ဆောင်ရတော့မည်ပင်။

ကျွန်တော်သည် ဟိုဟိုဒီဒီ တောင်စဉ်ရေမရ လျှောက်စဉ်းစားနေရင်းနှင့်ပင် နံနက်နှစ်ချက်တီးလောက်မှာ အိပ်ပျော်သွားမိသည်။

နံနက် ငါးနာရီလောက်မှာ ဖျတ်ခနဲနိုးသည်။ နားတွင်တိုးဝင်လာသော ဆူဆူညံညံအသံရပ်တွေကြောင့် တစ်ခုခုဖြစ်မှန်းသိလိုက်သည်။ အသံတွေ ဘာကြောင့်ကြားလာရမှန်း ကျွန်တော် ချက်ချင်းခန့်မှန်းနိုင်ခဲ့ဖြစ်သည်။ ခရစ်ယာန် ဘုန်းကြီးဝတ်ရုံတော်များ ရှာန်ကျောင်းသို့ စီစီတန်းတန်း ရောက်နေပုံကို ပြတင်းပေါက်ကတစ်ဆင့် တွေ့လိုက်ရသည်။ လူနာများကလည်း အမျိုးမျိုးသော ပုံစံအတွေတွေဖြင့် လှုပ်ရှုနေသဖြင့် အသံတွေဆူညံနေကြသည်။

ကျွန်တော် ချက်ချင်းအဝတ်အစားကောက်စွပ်ခဲ့ပြီး ထိုလူသိုက်ရှိရာသို့ အမြန်သွားရောက်ခဲ့သည်။

ဟော…

သကောင့်သား ပေါလ်မဲလ်ကာ၏ လူနာထမ်းစင်ကိုပါ လူအုပ်အကြားမှာ မြင်လိုက်ရသည်ကောလား။ သူတို့ကို ထိုအရပ်နေ လူအချို့က ဝိုင်းဝန်းလျက် ထမ်းစင်ဖြင့် ကူမပေးနေကြသည်။ သူငှားရမ်းထားခဲ့သော ကူလီများဖြစ်မည်ပင်။ ဂေးဖရန်းစ်ဆိုသည့် ဓနီးချောကလေးကတော့ အပါးမှာ အခစားဝင်နေစမြဲ။ တစ်ကိုယ်လုံး ညှိုးချုံးနေသော အဝတ်အစားနက်မှောင်မှောင်ဖြင့် မျက်နှာကို ကွယ်ကာထားလျက်သား။

ပေါလ်မဲလ်ကာ ကျွန်တော့်အား တွေ့မြင်လိုက်သည့် တဒင်္ဂ





"ဗွတ်ဒ်မောနင်း ရိုဂျန်။ ခင်ဗျားကတော့ ချာချာထဲ ဝတ်ပြုဖို့ပဲလားဗျ။ ခင်ဗျားမှာ ဒါလောက်ထိ ဘုရားတရားကို ကိုင်းရှိုင်းတတ်မယ်မှန်း ကျုပ်မထင်မိခဲ့ပါဘူး"

"ဟာ… ဘယ်နှယ့်ပြောပါလိမ့်။ ကျွန်တော်လည်း ခင်ဗျားလောက်တော့ ဘာသာတရား ကိုင်းရှိုင်းတတ်တာပေါ့ဗျ"

"ခင်ဗျားက ဘာတွေဆုတောင်းမယ် ရည်ရွယ်တာလဲ"

"မရည်ရွယ်ပါဘူး။ လေ့လာရုံသဘောပါ"

"အင်း… စိတ်ဝင်စားစရာ တစ်ခုတလေ တွေ့ရမယ်လို့ ခင်ဗျားမျှော်လင့်ပြီး ရောက်လာခဲ့တာထင်ပါရဲ့"

ဘုန်းတော်ကြီးတစ်ပါး၏ နောက်ပါးမှတစ်ဆင့် လှေကားအတိုင်း ကျွန်တော်တို့တစ်တွေ စီတန်းတက်လာခဲ့ကြသည်။ ပေါလ်မဲလ်ကာ ထမ်းစင်ကြီးနှင့် လိုက်ပါသွားရင်း သူ့အနီးမှ ဓနီးချောလေးကို တတွတ်တွတ်ဖြင့် တီးတိုးပြောနေခဲ့သည်။ ကျွန်တော့်အနေဖြင့် နှစ်ယောက်စလုံးကို စိစိညက်ညက် ပြုလုပ်ချင်မိသည်။

သို့သော်…

စိတ်ကိုလျှော့ပြီး ပေါလ်မဲလ်ကာတို့၏ လှုပ်ရှားမှုကိုသာ အနီးကပ်စောင့်လေ့လာဖို့ စိတ်မိန့်ပေးလိုက်ရသည်။

* * * * *

တောင်ကုန်းပေါ် တက်ရောက်လာသည်မှာ နာရီဝက်နီးပါးမျှကြာခဲ့ရသည်။ ကျွန်တော်တို့ ချဉ်းကပ်သွားမိစဉ်တွင် ချာချ်အတွင်းပြည့်သွားပြီး အပြင်အဝအထိ လူများလျှံထွက်နေကြသည်။ အထဲမှာ ခေါင်းလောင်းသံများ၊ အမွှေးနံ့သာများ၏ ကြိုင်လှောင်မှုများက ဆဲဆဲစီ



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့သည်။

"မနက်အစောကြီးအတွင်းပဲ ဆေးကုတဲ့အလုပ် စတော့မှာလား"

ကျွန်တော့်မေးခွန်းကို ထမ်းစင်မှ ပေါလ်မဲလ်ကာက…

"ဒါပေါ့ဗျ။ ဘယ်သူတွေကကော အချိန်မြန်မြန်ဖို့အတွက် ဒီနေရာ ရောက်နေကြမှာလဲ။ မြန်မြန်ပျောက်ရင် မြန်မြန်ပြန်ကြရုံပေါ့။ ဒါပေမဲ့ ကုနေရင်းနဲ့ အလျှဉ်းမပျောက်လို့ကတော့ တစ်ပတ်ဆိုလည်းနေရနေရ၊ တစ်လဆိုလည်းနေရနေရ ရှိလိုက်ကြရုံပဲလေ။ ရောဂါပျောက်ပြီး နဂို အတိုင်း ပြန်ဖြစ်လို့ကတော့ ကျုပ်နဲ့ဂေးအတွက် ပျော်စရာကမ္ဘာကြီးပေါ့ ရီဂျန်"

"အင်း…ခင်ဗျားကလည်း ဒီယုန်မြင်လို့ ဒီအကွက်ရိုက်ပြီး ခုလို ခက်ခဲလှတဲ့နေရာတစ်ခုကို တမင်ရှာဖွေပြီး ရောက်လာတာ မဟုတ်လား"

"ကျုပ်အမှန်တိုင်း ဝန်ခံပါတယ်။ ဟုတ်တယ် ရီဂျန်။ ခင်ဗျား ထင်တာ တစ်ခုမှမမှားခဲ့ပါဘူး"

"ဒါဖြင့် တရားဥပဒေအပေါ် လက်တစ်လုံးခြား ခင်ဗျားလုပ်တာ တွေကို ဝန်ခံတယ်ပေါ့ ဟုတ်လား"

သူခဏမျှ တွဲဆိုင်းနေသေးသည်။ တဲတိုးကြီး ဝန်ခံနိုင်းတော့ လည်း အသက်ရှူကျပ်ပြီး ချက်ချင်း ပြန်မပြောနိုင်တော့ဟန်ရှိသည်။ ထို့နောက်မှပင် သူ့ဆီမှအသံထွက်ဖြစ်သည်။

"အမှန်ပါပဲ ရီဂျန်။ ဒီကိစ္စကို ကျုပ်တရားရုံးထဲမှာ ဖွင့်မပြောခဲ့ ပါဘူး။ ခင်ဗျားကိုတော့ ဖြောင့်ချက်ပေးပါတယ်။ ကျုပ်ဟန်ဆောင်ပြီး တော့ အကြောဆိုင်းချင်ယောင် ဆောင်ထားခဲ့ရတာပါ"

"ခင်ဗျား လုပ်ရပ်တွေက လူလိမ်လူကောက်တွေရဲ့ လုပ်ရပ်ပါ





လား။ သူတစ်ပါးရဲ့ပစ္စည်းကို ခိုးယူလိုက်တာနဲ့ကော ဘာထူးသေးလဲ"

သူက နှုတ်ခမ်းကို နှုတ်အတင်း အပြုံးဖန် ဆီးခဲ့ပြီး…

"ကဲပါ…ရီဂျန်ရယ်။ ဒါတွေကို ဒီနေရာမှာ ပြောမနေပါနဲ့တော့။ ရီဂျန်တို့ကုမ္ပဏီမှာ ဒေါ်လာသန်းပေါင်း အများကြီးရှိနေခဲ့တာ။ ကျုပ်ရ လိုက်တဲ့ ပျော်ကြေးလေးကြောင့် သဲတစ်မှုန်လောက် လျော့သွားတာကို များ ရေးကြီးခွင့်ကျယ် လုပ်မနေစမ်းပါနဲ့။ ကျုပ်မှာ တကယ်လေဖြတ် ခံစားရသူလို ဘယ်လောက်ကြိုးစားခဲ့ရသလဲ မှတ်တယ်။ အကြောအခြင် တွေ ညောင်းတောင့်သွားခဲ့ရသလို ညဘက်လူခြေ တိတ်ဆိတ်ချိန်လောက် ကျမှပဲ ဆေးရုံထဲမှာ လူအလစ်စောင့်ပြီး လှုပ်ရှားမှုနဲ့ ပြန်ကျင့်ယူလိုက်ရ တယ်။ အမှုပြီးဆုံးသွားတဲ့အထိ လေဖြတ်မတတ် တကယ်ခံစားပြီး ရင်းနှီး ယူခဲ့ရတာမျိုးရယ်ပါ"

"ဂေးဖရန်းစ်ကို လက်ထပ်ခွင့်ရခဲ့တော့မှပဲ ခင်ဗျားအကြောတွေ သေနေရာကပြန်လှုပ်ရှားဖို့ အတော်ပဲဖြစ်သွားရတယ် ဆိုပါတော့။ ဟုတ်လား"

"ဂေးက ကျုပ်အတွက် တကယ့် မေခလာနတ်သမီးလေး တစ်ပါး ပေါ့။ ကျုပ်မှာ လမ်းလျှောက်ဖို့တောင် ထုံကျဥ်ပြီး မေ့မတတ်ဖြစ်သွားတာ တို ဂေးကုလက်တွဲပြီး ကျင့်ပေးခဲ့တယ်လေ။ မှတ်ဆိတ်ရိတ်ဖို့၊ ဆံပင်ဖြီးဖို့ တောင် အားပြတ်နေခဲ့တာကအစ ဂေးပဲ အကူအညီပေးခဲ့ရတယ် ဆိုပါ တော့ ရီဂျန်။ အခု ကျုပ်ထမ်းစင်ကနေပြီး လျှောက်ပြစမ်းဆိုရင် လျှောက် ပြလို့ရနေပါပြီ"

"ဒါဖြင့် ခင်ဗျားက ဟောဒီ ထူးဆန်းနယ်မြေထဲ ဘာလို့ ဒုက္ခမ်း အပင်ပန်းခံ လာနေရသလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



ပေါလ်မဲလ်ကာ မချိတရိ ပြုံးလာခဲ့သည်။

သည်တစ်ခဏစဉ်မှာပင်…

အထဲမှ ဆုတောင်းပတ္ထနာပြုလိုက်သံများ အပြိုင်ထွက်လာကြသည်။ ဘုန်းတော်ကြီးများနှင့်အတူ ဒုက္ခသည်များ၏ အသံများ။

"ခင်ဗျားဖြေဖို့ ခက်နေရင်လည်း ထားလိုက်ပါတော့ ပေါလ်မဲလ်ကာ။ ကဲ‥ကဲ‥ခင်ဗျားအကြောင်း ကျွန်တော်သိနေပြီပဲဟာ။ ထမ်းစင်ပေါ်မှာ ဆက်ပြီးလှဲမနေရစ်ပါနဲ့။ ချာချီထဲမှာ ဘာတွေလုပ်နေကြသလဲ။ ဝင်လေ့လာကြည့်လိုက်ရအောင်"

အနီးမှ သူ့ဓနီးချောအား တစ်ချက်ပင်ကြည့်ပြီးမှပင်…

"အိုကေ။ ကောင်းသားမဲ့။ အခုတလောပုံကို မြင်ရှုရင် ကျုပ်အပေါ် ခင်ဗျား အံ့အားသင့်ဦးမလား ရိုဂျန်"

'ဘာအံ့အားသင့်စရာ လိုမလဲဗျာ။ ခင်ဗျားက ဟန်ဆောင်ထားတဲ့ လူဟာပဲဟာ'

သို့သော်…

သို့သော်…

ပေါလ်မဲလ်ကာတစ်ယောက် ထမ်းစင်ဆီမှ ရွေ့ရွေ့မျှပင် မထနိုင်ပါလေတော့။

"ကျုပ်…ကျုပ်ထလို့မရတော့ဘူး။ ဘုရားသခင်…ဘုရားသခင် ကယ်တော်မူပါ"

* * * * *





ဘာပဲပြောပြော…

ကျွန်တော်နှင့်ပေါလ်မဲလ်ကာတို့၏ ထွေတိုက်ပွဲတွင် သူတကယ်နိုင်ခွင့်ရသွားခဲ့ပြီ ဖြစ်ပါတော့သည်။ ယခုမှပင် သူ၏ပိုင်ဆိုင်မှုမှာ တရားနည်းလမ်းကျသွားခဲ့ဖြစ်သည်။

ပေါလ်မဲလ်ကာတစ်ယောက် တကယ်ပင် အကြောဆိုင်းသွားဖြစ်သည့်အတွက် ဂေးဖရန်းစ်ဆိုသည့် သစ္စာရှင်ချစ်ဇနီးကလေးက အနီးတွင် ဆက်လက်ရပ်တည်ပေးခဲ့မည် ထင်ပါသလား။

ဝေးလေစွ။

ပေါလ်မဲလ်ကာ လုံးလုံးလျားလျား မထနိုင်သည့်ဘဝလည်း ရောက်ပါလေရော…

ငွေများနှင့်အတူ ဘယ်ကမ္ဘာဘယ်ဆီ လွင့်ပါးပျောက်ကွယ်သွားသည် မသိသည့် ဂေးဖရန်းစ်။

သူတို့လေးတွေက သည့်အတိုင်း၊ သည်သဘာဝအတိုင်းဖြစ်ပါ၏။ သာတော့'စံ'၏၊ နာတော့'ပုံ'ကာ အနစ်နာမခံနိုင်သည့် သဘာဝရှိကြသည်ပင်။

စကတည်းကပင်။

အနစ်နာခံရန် ချဉ်းကပ်ခဲ့သည်မျိုးမှ မဟုတ်လေခဲ့ပေဘဲ။

ကျွန်တော်သည်'ပေါလ်'ကိုယ်စား 'ဂေး'ဆိုသည့် 'အညာ' မလေးအကြောင်း တွေးမနေတော့ဘဲ'ကမဗီရိ'ဆိုသည့် ထွတ်အုံအမှုန့်အရပ်မှ ချာချ်ကျောင်း၏ ဆုမွန်တောင်းတိုင်း ပျောက်ကင်းသွားသော လူနာများအကြောင်းကိုသာ တွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com




ယင်းအရပ်သည်…

ရောဂါတကယ်ရှိသည်ဟု ယူဆရသူကိုသာ ဆုတောင်းရုံနှင့် ပျောက်ကင်းပေးနိုင်ပြီး…

ရောဂါမရှိသူတစ်ယောက်က ရှိနေဟန်ဆောင်လျှက် ရောက်လာပါက တကယ့်ဓေဒနာရှင်ဘဝရောက်အောင် တစ်ဖက်မှ ဆောင်ကြဉ်းပေးနိုင်သော သတ္တိတန်ခိုးထူးတွေများ ရှိနေသည့်အလား ဟူ၍ပင်။ ။

*မွခင်းစုံမဂ္ဂဇင်း၊ ဇွန်လ၊ ၁၉၉၇။*





# ပရလောက တကယ်ရှိသလား

*Do you believe in GHOSTS by PHILIP PAUN*

"ကျွန်မ မသေသေးပါဘူး။ ကျွန်မကိုကယ်ကြပါရှင်။ ကျွန်မမှန်းပြီး တကယ်သေရပါတော့မယ်" ထိုအသံသည် မာရီယိုဘောကာ၏နှုတ်မှ တကယ်ကို ချောက်ချားစရာကောင်းအောင် ထွက်လာပါ၏။ တကယ်ခံစားချက်အတိုင်း။ တကယ့်ထိတ်လန့်မှုအတိုင်း . .



www.burmeseclassic.com

www.burmeseclassic.com



ရှေးလူကြီးသူမတွေ ဆိုဖူးသည်မှာ တကယ့်အဖြစ်အပျက်သည် စိတ်ကူးယဉ်ထက် ဆန်းကြယ်သည်ဆိုသောစကား။ ယခုဖော်ပြမည့် ဖြစ်ရပ်အကြောင်းအရာအချို့သည် ဖြစ်နိုင်၏၊ မဖြစ်နိုင်၏ဟူ၍ မိမိဘက်မှ အတွေးတည်ဆောက်ယူကြည့်ဖို့ပင် ဖြစ်ပါသည်။

"ကျွန်တော်၊ ကျွန်မတို့တစ်တွေဟာ သရဲတစ္ဆေဇာတ်လမ်းတွေ ဖတ်လို့သာ ဖတ်နေကြတာပါ။ ယုံလှတယ်ရယ်လို့တော့ မဟုတ်ဘူး"

သည်သို့နှယ် ပြောကြသည်။ သည်လိုလူမျိုးတွေအဖို့ အောက်ဖော်ပြပါ ပရလောကအကြောင်း ရှာဖွေစမ်းသပ်သူများ၏ တွေ့ရှိချက်များမှာ စိတ်ဝင်စားနိုင်စရာ အကြောင်းရှိနိုင်ပါသည်။

## အံ့ဩဖွယ်ရာသေဆုံးခြင်း

၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၄ ရက် အီတလီနိုင်ငံ၊ ကာမီရီနိုမြို့ အသက် ၃ ဧနှစ်အရွယ်ရှိ မစ္စစ်ရိုစာမိနီချယ်လီဆိုသူ အမျိုးသမီးကြီး သည် နှစ်ပရိစ္ဆေဒကြာအောင် ခံစားနေရသော နှလုံးရောဂါဝေဒနာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးခြင်းသို့ရောက်လာသည်။ မိတ်ဆွေများနှင့် မိသားစုရှေ့မှောက်၌ပင် ကာမီရီနိုသင်္ချိုင်းအုတ်ဂူတွင် ဂူသွင်းမြှုပ်နှံခြင်းပြုသည်။

ထိုမှ နောင်၁၁နှစ်အကြာ ၁၉၅၀ပြည့်နှစ်အရောက် ကာမီရီနိုတက္ကသိုလ်မှ ခန္ဓာဗေဒပါမောက္ခကြီးတစ်ဦးဖြစ်သူ ဒေါက်တာစတော့ပိုလီနီက နာမ်ဝိညာဉ်ပရလောက စမ်းသပ်ပွဲလေးတစ်ခုကို 'မာရီယိုဘော့ကာ'ဆိုသူအား စေစားအားထုတ် ကြည့်လာပါ၏။ ဖြစ်ချင်လာတော့ လွန်လေပြီးသည့် ဆယ့်တစ်နှစ်ကာလဆီက နလုံးရောဂါဖြင့် ကွယ်လွန်သွားသော ရိုစာမီနီချယ်လီ၏ နာမ်လိပ်ပြာက မာရီယိုဘော့ကာ၏ခန္ဓာထဲ ဝင်ပူးလာတော့သည်။ ထပ်မံအံ့သြစရာ ကောင်းလာသည်ကတော့ ကြားလာရသည့် စကားအကြောင်းအရာများပင်။

"ကျွန်မ မသေသေးပါဘူး။ ကျွန်မကိုကယ်ကြပါရှင်။ ကျွန်မမွန်းပြီး တကယ်သေရပါတော့မယ်" ထိုအသံသည် မာရီယိုဘော့ကာ၏နှုတ်မှ တကယ်ကို ချောက်ချားစရာကောင်းအောင် ထွက်လာပါ၏။ တကယ် ခံစားချက်အတိုင်း။ တကယ့်ထိတ်လန့်မှုအတိုင်း။

သူ့ပညာ တကယ်ထက်မထက် လက်တွေ့မြင်လိုချင်သော ပါမောက္ခဒေါက်တာစတော့ပိုလီနီသည် ရိုစာမီနီချယ်လီ၏ အုတ်ဂူထဲတွင် ထူးခြားမှုများပြမပြ သိလိုလာသည်နှင့် မဆုတ်မဆိုင်းပင် ကာမီရီနိုသင်္ချိုင်းအုတ်ဂူဆီသို့ အပြေးအလွှားသွားရောက်သည်။ ထိုသင်္ချိုင်းက တကယ်ပင်ရှိနေသည်။ သို့ဖြင့် ကွယ်လွန်သူ၏ မိသားစုများထံသို့သွား၊ သက်ဆိုင်ရာကိုခွင့်တောင်း၊ ၁၉၅၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၃ရက်နေ့တွင် အများပြည်သူနှင့်မာတ်ပုံဆရာများ၊ သတင်းထောက်များ၊ ဆရာဝန်ဆရာမများ၊ သက်ဆိုင်ရာဥပဒေဝန်ထမ်းများ ရှေ့မှောက်မှာပင် မစ္စစ်ရိုစာမီနီချယ်လီ၏ သင်္ချိုင်းအုတ်ဂူအား ဖြိုဖျက်ဖော်ထုတ်ကြည့်နှင့် လုပ်





ကြသည်ဆိုပါတော့။

အုတ်ဂူထဲက ခေါင်းတလားသည် နှစ်ပရိစ္ဆေဒကာလ ကြာလာသည်နှင့်အမျှ အကောင်အမျိုးမျိုးတို့၏ ဖျက်ဆီးမှုဖြင့် ပေါက်ထွက်လာသည်။ သို့နှင့်မခြား မစ္စစ်ရိုစာမီနီချယ်လီ၏ အလောင်းသည်ပင် အရိုးစုနှင့် ဂေါက်ဂတ်ရှိနေသည်။ သို့သော် ထူးခြား၍ ကြောက်စရာအတိရှိနေခြင်းကတော့မှု ဦးခေါင်းကိုအတင်းထောင်ထားသည့် ပုံစံနှင့်အတူ ဘယ်ဘက်ဆီသို့ စောက်ကျိုးလိမ်နေသည့် အသွင်သဏ္ဌာန်ကြီးပါပင်တည်း။ ထို့ပြင် (၁)သွားများဖြင့် ကိုက်ထားပုံရသည့် ဘယ်ဘက်လက်မှ လက်ချောင်းများကပါ ပါးစပ်ထဲဝင်ရောက်နေလျက် လည်ချောင်းအိမ်ထဲ၌ လက်ချောင်းကျိုးများပါ တွေ့နေရသည်။ (၂)လက်ချောင်းများကဆုပ်ထားသည့် ပုံသဏ္ဌာန်မျိုးရယ်။ ထိတ်လန့်တကြား ခံစားလာမိရာမှ တစ်ဆင့် လက်ကိုဆုပ်မိဆုပ်ရာ ဆုပ်လိုက်မိခြင်းပင် ဖြစ်လိမ့်မည်သာ။ ပြီးတော့တစ်ခါ ဒူးခေါင်းများကို ထောင်ထားသည်။ ကွေးထားသည့်ပုံစံ။ ကြည့်ရသည်မှာ ထိုအမျိုးသမီးသည် 'ခေါင်း'ထဲက အတင်းရုန်းထွက်မည့် သဏ္ဌာန်ရှိနေသည်မှာ အမှန်ပင်။

ထိုအခင်းဖြစ်ရပ်ကို ဆေးပညာအဖွဲ့က 'သေသူ ရိုစာမီနီချယ်လီသည် တကယ်မသေဘဲ Coma သဘောမျိုးဖြင့် အိပ်စက်လွှင့်မြောနေရာမှ သင်္ချိုင်းမြေထဲ အရှင်လတ်လတ်ပင် မြှုပ်နှံလိုက်ရခြင်း ဖြစ်နိုင်ကြောင်း' သဘောတူ လက်ခံဖြစ်ကြသည်။

မည်သို့ပင်ဖြစ်စေ...

ပါမောက္ခကြီး ဒေါက်တာစတော့ပိုလီနီ၏ နာမ်ဝိညာဉ် ပရလောကစမ်းသပ်ချက်၏ ထူးခြားမှုတွေ့ရှိချက်တစ်ခုဟူ၍သာ ကောက်ချက်ချရပါတော့မည်။ ထိုစမ်းသပ်မှုတွင် မျက်မြင်သက်သေများသာ မပါဝင်



www.burmeseclassic.com

www.burmeseclassic.com




သော် အတင်းပြီးဖြန်း၍ လုပ်ကြံပြောသည်ဟုသာ မှတ်ယူနိုင်စရာ ရှိနိုင်မည်ဖြစ်ပါ၏။

သည်လိုအဖြစ်မျိုးနည်းတူ လေကြောင်းကပ္ပတိန်တစ်ဦး၏ သေဆုံးမှုတွင်ပါ ပရဝိဇ္ဇာဥ်ဆိုင်ရာ နာမ်လောက၏ဆက်သွယ်မှုဖြင့် ဖော်ထုတ်လာနိုင်သည့် သာဓကတစ်ခုရှိနေပါသေးသည်။ ထိုကပ္ပတိန် လေယာဉ်ပျက်ကျ၍ သေဆုံးပြီး နောင်သုံးလအကြာမှာ ခရေစေ့တွင်းကျ ဖော်ထုတ်လာနိုင်သော နာမ်ဝိဉာဉ်လောက၏ အကြောင်းတစ်ခုပါပင်။

*မနုစာရီမဂ္ဂဇင်း၊ ဇူလိုင်လ၊ ၂၀၀၂။*





# ဝုန်းမ

## Superstition jailed for witch craft

by Carole Compe

"အဲဒီတုန်းက မှောင်ရီဆိုင်းနေပြီ။ မီးဖိုဆောင် အပြင်ဘက်က စကြံကနေ လျှောက်လာနေတုန်း အနောက် ဘက်ကနေ တစ်ခုခုပြုတ်ကျသွားသံ ကြားလိုက်ရတယ်။ ကျွန်မလန့်ဖျပ်ပြီး ကြည့်လိုက်တော့ သူတို့တွေ အထွတ်အမြတ် ထားနေကြတဲ့ ရုပ်ပုံကားချပ်ကြီး ဖြစ်နေတယ်။ ကျွန်မ မှန်အကွဲ အစတွေ ကောက်သိမ်းနေတုန်းမှာ..



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဟာ စကော့အမျိုးသမီးတစ်ယောက်ပါ။ ကျွန်မဘဝကို မိခင်လောင်းတစ်ယောက်အနေနဲ့ကော၊ အိမ်ထောင်ရှင် အမျိုးသမီးကောင်း တစ်ယောက်အနေနဲ့ပါ အေးအေးချမ်းချမ်း နေထိုင်သွားဖို့ မျှော်တွေးခဲ့ပါတယ်။

ဒါပေမဲ့ . . .

'မာကို' ဆိုတဲ့ လူတစ်ယောက်နဲ့ ငြိစွန်းလာပြီးတဲ့နောက်မှာ ကျွန်မရဲ့ မျှော်တွေးထားသမျှဟာ ပျက်ပြားခဲ့ရပါတယ်။ ပြီးတော့ ကျွန်မကို 'စုန်းမ' တစ်ယောက်ရယ်လို့ပါ ယိုးစွပ်ခံရတဲ့ဘဝကို ရောက်ခဲ့ရပါတယ်။

ဘာကြောင့်လဲဆိုတော့ . . .။

* * * * *

'မာကို' ဆိုတဲ့လူကို ကျွန်မဘဝမှာ မတွေ့ခဲ့ရရင် အကောင်းသား ပါလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဟာ စကော့တလန်မြို့မှာ နေထိုင်စဉ်ကာလအတွင်းမှာပဲ စားပွဲထိုးတစ်ယောက်ဖြစ်တဲ့ 'မာကို' ကို ဆုံစည်းခဲ့ရပါတယ်။ သူက အီတာလျံ အမျိုးသားတစ်ယောက်ဖြစ်ပါတယ်။ ကျွန်မတို့နှစ်ယောက်ရဲ့ ချစ်ခရီး နှစ်နှစ်အကြာမှာ သူဟာ စစ်တာဝန်နဲ့ အီတလီကိုပြန်ဖို့အကြောင်း ပေါ်လာခဲ့ရတယ်။ သူ… မပြန်ခင်အတွင်း စေ့စပ်လက်စွပ်တစ်ကွင်း ကျွန်မကို စွပ်ပေးသွားခဲ့ပါတယ်။ နောက်တော့ စစ်တာဝန်နဲ့ ရုမ်းကို ရောက်တဲ့တစ်နေ့မှာ ကျွန်မဆီကို အဆက်အသွယ်လုပ်လာရင်း အီတလီနိုင်ငံကို အရောက်လာခဲ့ဖို့ ချိန်းဆိုသွားခဲ့တယ်။

အဲဒီလိုနဲ့ပဲ ကျွန်မဟာ ထုပ်ပိုးပြင်ဆင်ပြီး အီတလီနိုင်ငံဆီ ထွက်ဖြစ်ခဲ့တယ်ပေါ့ရှင်။

'ရုမ်း' လေယာဉ်ကွင်းဆီ ဆိုက်ရောက်သွားတော့ အပူဇုန်နယ်မြေဆီ ခြေချမိသလို ခံစားမိပါတယ်။ ကမ္ဘာသစ်တစ်ခုဆီ ချင်းနင်းဝင်ရောက်ရသလိုမျိုးပါ။ 'မာကို' တစ်ယောက် လာမကြိုပါ့မလားရယ်လို့ တထင့်လေးလေး ဖြစ်မိတာအမှန်ပဲ။

ကျွန်မ ဟင်ခနဲ…ဖြစ်သွားတယ်။ ကျွန်မဆီ တည့်တည့်ကြီး လှမ်းကြည့်နေတဲ့သူကိုတောင် ရုတ်တရက် သတိမထားမိလိုက်ဘူး။ သစ်လွင်တောက်ပလွန်းလှတဲ့ ယူနီဖောင်း အညိုရောင်ကြီးနဲ့ပါပဲကလား ကွယ်။ ငှက်နှုတ်သီးချွန်ချွန်ဦးထုပ်က အခံ့ညားသား။ ငွေရောင်နှိပ်ကြယ်သီးတွေက အရောင်တလက်လက်ထွက်နေတယ်။ လက်မှာနှင်းဆီပန်းစည်းကြီး ကိုင်လို့ပါလားလေ။ အင်း…သူ့ကို အခုလို ဝတ်စုံပြည့် ခံ့ခံ့ညားညား ဆုံရလိမ့်မယ်လို့မှ ထင်မှတ်မထားဘဲ။

ကျွန်မရင်ခုန်သံတွေ ရင်ဘတ်ကို တိုးဆောင့်ကန်တော့တယ်။ ကျွန်မမျက်နှာမှာ အပြုံးတစ်ခုခုတော့ ပြိုပျက်သွားမယ်ထင်တယ်။ ကျွန်မ





သူ့ပခုံးကို လှုပ်ပုတ်သွားဖြစ်တယ်ပေါ့ရှင်။

"ကာရိုးရယ်"

သူက နှင်းဆီကိုင်ထားတဲ့လက်နဲ့ပဲ ကျွန်မကိုပွေ့ဖက်ခဲ့တယ်။ အဲဒီတစ်ခဏမှာ လက်ခုပ်သံတွေ ဖြန်းခနဲထွက်လာတယ်။ ပြီးတော့ ရယ်မောလိုက်ကြသံတွေ။ ကျွန်မလန့်ဖျပ်ပြီး အသံတွေဘက် လှည့်လိုက်ဖြစ်တယ်။

မာကိုက သူ့အနွယ်တွေနဲ့ မိတ်ဆက်ခဲ့တယ်။

"အဲဒါ ကိုယ့်အဖေ၊ ဒါကအမေ… ဟောဒါ ညီမလေးမာဂရိုက်တဲ့….။ အားလုံးက အမိကို လာကြိုနေတာ ဆိုပါတော့ကွယ်"

ကျွန်မလည်း အပြုံးတို့ပြင်ဆင်လိုက်ပြီး သူတို့သုံးယောက်စလုံးကို လက်ဆွဲနှုတ်ဆက်ခဲ့ပါတယ်။သူတို့တစ်တွေကကျွန်မပါးနှစ်ဖက်ကို ဆွဲညှစ်ပြီး ချစ်ဟန်ပြခဲ့ကြပါတယ်။ ပြီးတော့ အီတလီဘာသာနဲ့ တွတ်တွတ်ညံအောင် ပြောကြတယ်။

မာကိုက လောဆော်တယ်။

"ကိုင်း…သွားကြစို့ ကာရိုးရေ…။ အိမ်ကိုသွားစို့"

အိမ်ရယ်လို့သာ ဆိုပါတယ်။ တစ်ထပ်အိမ် ပြားပြားလေးရယ်ပါရှင်။ ကျဉ်းကျဉ်းသေးသေးနဲ့… မာကိုရဲ့ မိဘတွေရယ်ဟာ အိမ်ရောက်တော့ အချိုးပြောင်းခဲ့သလို ကျွန်မထင်လိုက်တယ်။ မာကို မရှိတော့တဲ့နောက်ပိုင်းမှာ သူတို့တစ်တွေရဲ့ ဆက်ဆံမှုဟာ ပိုပြီးဆိုးရွားခဲ့ကြပါတယ်။ ကျွန်မ ဒီမှာကြာရှည်နေလို့ မဖြစ်နိုင်တော့ဘူးဆိုတာ စစဉ်ကတည်းက နားလည်မိလိုက်ရတယ်။

ကျွန်မဟာ ကလေးထိန်းဌာနမှာ အလုပ်အတွက် လျှောက်လွှာတင်



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ပါတယ်။ သိပ်မကြာလိုက်ဘူး။ ဗီယာမာဂတ်တာမှာရှိတဲ့ နှစ်နှစ်အရွယ် ကလေးတစ်ယောက်ကိုထိန်းဖို့အလုပ် ကျွန်မလက်ခံလိုက်ရပါတယ်။ ရှမ်းမှာဆို အဲဒီအရပ်က လူတွေဟာ အချမ်းသာဆုံးပဲရယ်လို့ မာကိုက ပြောဖူးတယ်။

ကျွန်မနဲ့မာကိုဟာ အဆက်အသွယ်မပြတ်ခဲ့ကြဘူး။ တနေ့အဆက်အသွယ်ရှိနေသလို ဖုန်းထဲကလည်း အဆက်အသွယ်မပြတ်ခဲ့ဘူး။ စကော့တလန်မှာတုန်းကထက်တောင် ပိုပြီးထိတွေ့ခဲ့ကြရပါတယ်။

ဇွန်၁၄၊ တနင်္လာနေ့မှာ ကျွန်မအလုပ်စဆင်းခဲ့ပါတယ်။ အလုပ်ရှင်မကြီးရဲ့နာမည်က ရစ်ကီတဲ့။ မစ္စစ်ရစ်ကီပေါ့။ သူ့ပုံစံက ဘဝင်ခပ်ကျကျ။ ဒါပေမဲ့ ကျွန်မအပေါ် ခင်ခင်မင်မင် ရင်းရင်းနှီးနှီးနဲ့ပဲ ဆက်ဆံတတ်ပါတယ်။

"မမကို ရစ်ကီလို့မခေါ်ဘဲ မောန္ဓေလလို့ ခေါ်ပါလားဟင်"

မစ္စစ်ရစ်ကီက တစ်နေ့မှာ အဲဒီလိုပြောခဲ့ပါတယ်။ ရစ်ကီဆိုတာ သူ့ခင်ပွန်း နာမည်ဖြစ်ဟန်ရှိတယ်။ ဒါပေမဲ့ မစ္စတာရစ်ကီဆိုတာကိုတော့ တစ်ခါမှမတွေ့ဖူးခဲ့ပါဘူးရှင်။

အဲဒီနောက် ကျွန်မ လုပ်ရကိုင်ရမယ့်ကိစ္စတွေကို ရှင်းပြခဲ့ပါတယ်။ ကျွန်မနဲ့ကလေး ရင်းရင်းနှီးနှီးရှိရလေအောင် နံနက်တိုင်း တွန်းလှည်းနဲ့ လမ်းလျှောက်ထွက်ဖို့ အကြံပြုခဲ့ပါတယ်။

သူတို့ အိမ်ဖော်တစ်ယောက်ရှိတယ်။ ရီတာတဲ့။ မျက်နှာအမြဲရှုပ်နေတတ်တယ်။ အသက်လတ်ပိုင်းလောက်ရှိမယ်။ လူကဆေးသေး အသားရောင်က နက်မှောင်မှောင်၊ အင်္ဂလိပ်စကား လုံးဝမတတ်ဘူး။ မစ္စစ်ရစ်ကီရဲ့ အပြောအရဆိုရင် ရီတာရဲ့လုပ်သက်ဟာ အတော်ကြာနေပြီ





ပဲ။ ကျွန်မကိုယ်တိုင်ကော ဒီလိုရှည်ကြာလေမလားလို့ စိတ်ထဲက မဝံ့မရဲဖြစ်မိတယ်။

တစ်နေ့ ကျွန်မဘဝမှာ ပထမဦးဆုံး အထူးအဆန်းကြုံလိုက်ခဲ့ရတယ်။ အဲဒီတုန်းက မှောင်ရီဆိုင်းနေပြီ။ မီးဖိုဆောင်အပြင်ဘက်က စင်္ကြံကနေ လျှောက်လာနေတုန်း အနောက်ဘက်ကနေ တစ်ခုခုပြုတ်ကျသွားသံကြားလိုက်ရတယ်။ ကျွန်မလန့်ဖျပ်ပြီး ကြည့်လိုက်တော့ သူတို့တွေအထွတ်အမြတ်ထားနေကြတဲ့ ရုပ်ပုံကားချပ်ကြီး ဖြစ်နေတယ်။ ကျွန်မမှန်အကွဲအစတွေ ကောက်သိမ်းနေတုန်းမှာ အိမ်ဖော်ရီတာဟာ အနီးမှာရောက်နေတယ်။ သူဟာ ကားချပ်ပြုတ်ကျတုန်းက အနီးက လှုပ်ထိုင်ခုံမှာရှိနေပုံရတယ်။ ကျွန်မကို စုန်းတစ္ဆေတွေ့သလို ပြူးကြည့်နေပြီးတော့ အဲဒီရုပ်ပုံကားချပ်ကို တောင်းပန်ဖို့ လက်ဟန်နဲ့ပြနေတယ်။ အဲဒီရုပ်ပုံကားချပ်ဟာ ကျွန်မနဲ့ တိုးတိုက်မိလို့ပဲလား၊ ဒါမှမဟုတ် သူ့ဘာသာသူပြုတ်ကျတာပဲလားလို့ မသိလိုက်ပေမယ့် သူစိတ်ကျေနပ်အောင် တောင်းပန်လိုက်ပါတယ်။ အဲဒီတော့မှ ငြိမ်ကျသွားတယ်ပေါ့ရှင်။

ကျွန်မနဲ့ကလေးငယ်လေးကတော့ ပြေလည်ခဲ့ကြပါတယ်။ အိပ်ရာပေါ် ကျွန်မကိုယ်တိုင် လိုက်သိပ်ပေးမှ အိပ်လေ့ရှိတဲ့အဖြစ်မျိုး။

တစ်နေ့တော့ အလုပ်ရှင်သူဌေးမကြီးက . . .။

"ဒီမှာက တစ်နေ့တခြားဆိုသလို အပူလွန်ကဲလာပြီ။ မမ ဒီလို စိတ်ကူးတယ်လေ။ မမရဲ့ကလေးလည်း ခရီးထွက်ဖူးတယ်ရှိအောင် တော်ဗာနို အနီးအနားက 'အော်တီဆေ' မှာရှိတဲ့ အိမ်ဆီအလည်သွားကြရရင် ကောင်းမလားရယ်လို့ပေါ့။ အဲဒီမှာ မမမိဘတွေလည်း တည်းခိုနေကြတယ်လေကွယ်။ မမရဲ့မောင်လေး 'အန်ရီကို' က ညီမကို ကားနဲ့ပို့ပေးပါလိမ့်မယ် . . .။ အဲဒီမှာဆို မင်းအတွက်လည်း ပိုကောင်းပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဟာ မာကိုနဲ့ ဝေးရမှာကလွဲလို့၊ ခရီးထွက်ရမယ်ဆိုလို့ ဟန့်မဆောင်နိုင်အောင် ပျော်မိတာအမှန်ပါ။ မာကိုနဲ့ နီးစပ်ရမယ့်ရက်တွေ ရှိပါသေးတယ်လို့ ဖြေသိမ့်ကြည့်တယ်။ သို့ပေမယ့် ဒီအလုပ်မှာ ကြာကြာ မြဲနိုင်ပါ့မလားလို့ တစ်ခါမှ မတွက်စစ်ကြည့်ခဲ့မိဘူးလေ။

အဘိုးကြီးက အသက်တော်တော်ကြီးနေပြီ။ ဆံပင်မီးခိုးရောင်၊ သန်မာတုတ်ခိုင်ပုံတော့ရတယ်။ အဘွားကြီးက ငါးဆယ်ကျော်ကျော် လောက်ပဲ ရှိလိမ့်မယ်။ ဒါပေမဲ့ အဘိုးကြီးက ကျန်းမာရေးသိပ်မကောင်း လှဘူးလို့ သိခဲ့ရပါတယ်။ သူ့အတွက် နာ့စ်တစ်ယောက်အဖြစ် ကျွန်မကို လုပ်နိုင်မလားတဲ့။

နီကိုးလ်ဆိုတဲ့ သူနာပြုအမျိုးသမီးတစ်ယောက်ကတော့ ရှိပြီးသား ပါ။ ဘာကြောင့် ကျွန်မကို လုပ်ခိုင်းချင်ပါလိမ့်ဆိုတာ မစဉ်းစားတတ်ဘူး။

ကျွန်မနဲ့ သူနာပြုနီကိုးလ်တို့နှစ်ယောက်သား စကားတပြောပြောနဲ့ လျှောက်လာတဲ့ တစ်နေ့မှာဖြစ်တယ်။ နီကိုးလ်ဟာ လမ်းလျှောက်နေရင်း ခြေလှမ်းကိုတုံ့ရပ်လိုက်ပြီး ကျွန်မတို့ဖြတ်ခဲ့တဲ့ လမ်းနောက်ကြောင်းကို လှည့်ကြည့်လိုက်တာ တွေ့ရတယ်။

''ဘာကို သတိရလို့လဲ''

''မီးခိုးညှော်နံ့ မရဘူးလား''

ကျွန်မကျောတစ်လျှောက် စိမ့်ခနဲ။

''ဟင်…ဒါဆို အဘိုးကြီးတော့''

အသိစိတ်က ကျွန်မခြေလှမ်းတွေကို နောက်ကြောင်းပြန်လှည့်ပြီး ပြေးအောင် ဖန်တီးဖြစ်လိုက်တယ်။ အိမ်အနီး ပြန်အရောက်မှာ ဒုတိယထပ် ကနေ ထွက်လာတဲ့ မီးခိုးလုံးတွေကို ရင်ဆိုင်လိုက်ရတယ်။ အရှေ့ဘက်ကို





အူထွက်နေလေရဲ့။

အထဲမှာဖွင့်ထားတဲ့ တယ်လီဗီးရှင်းက ဘောလုံးပွဲသံတွေက မီးခိုးလုံးတွေနဲ့အတူ ရောနှောထွက်နေသလိုလို။ ကျွန်မဟာ မဆုတ်မဆိုင်း ဘဲ ရှေ့တံခါးကို တွန်းဖွင့်ဖြစ်လိုက်တယ်။

* * * * *

လေထဲမှာ မီးခိုးလုံးတွေသာ မွန်ထူအောင် လွှမ်းကြက်နေတယ်။ မီးနီးလိပ်တွေဟာ လှေကားအတိုင်း ပြေးဆင်းလာနေကြတယ်။ အဘိုးကြီး ဟာ ပက်လက်ထိုင်ခုံမှာ ထိုင်လျက်သားရှိနေတယ်။ မျက်လုံးမြုံးကျယ် နေပုံက တွေ့မြင်သမျှအပေါ်မှာ မယုံမရဲရှိနေပုံမျိုး။

ကျွန်မက ထပြီးပြေးခဲ့ဖို့ အော်လိုက်တယ်။ အဘိုးကြီးခမျာ သူ့ငွေ တွေ ဆုံးရှုံးတော့မှာတွေးပြီး ငိုင်နေဟန်ပြတယ်။ မီးတောက်တွေက ဒုတိယထပ်ကို ဝါးမျိုနေပါပေါ့လား။ အဘိုးကြီးက လှေကားဘက်ပြေး လာမယ့်အစား အိပ်ခန်းတံခါးဘက် သွားဖွင့်နေသေးတယ်။ တံခါးအဖွင့် မှာ လုံးထွေးထွက်လာတဲ့ မီးခိုးတွေက ကျွန်မတို့ကို ဟပ်သွားခဲ့တယ်။ နှစ်ယောက်စလုံး နောက်လန်လဲကျမိခဲ့တယ်ပေါ့ရှင်။

သူနာပြုနီကိုးလ်လက်ထဲမှာ ကလေးချီလျက်သား။ သူတို့နှစ် ယောက်စလုံး အခြေအနေအရပ်ရပ်ကို ထိတ်လန့်နေပုံ။

မကြာခင်မှာ မီးသတ်တပ်ဖွဲ့တာ မီးတွေကိုငြိမ်းသတ်ပေးခဲ့ကြပါ တယ်။ ဒုတိယထပ်တစ်ခုလုံးကတော့ အဖတ်ဆယ်လို့မရအောင် ဝါးမျိုခံ ခဲ့ရတယ်ပေါ့။ အိမ်နီးနားချင်းတွေက အဘိုးကြီးကို တစ်ညတာအိပ်စက်ဖို့ အတွက် ပေးသိပ်ခဲ့ကြပါတယ်။

ကျွန်မသူဌေးမရဲ့မောင် အန်ရီကိုနဲ့ အပေးရောက်နေတဲ့ မိခင်တို့ဟာ



www.burmeseclassic.com

www.burmeseclassic.com



မီးလောင်တဲ့သတင်း ရရချင်းပဲ 'ရုမ်း' ကနေ ပေါက်ချလာခဲ့ကြတယ်ပေါ့။

ဒုတိယနေ့မှာလည်း မီးခိုးနံ့ရတယ်ဆိုလို့ အဘွားကြီးရဲ့အခန်းထဲကို ကျွန်မနဲ့သူနာပြုနီကိုးလ်တို့ ဝင်ရောက်မိခဲ့ကြတယ်။ အဲဒီအခါ မျက်ရည်တလည်လည်ရှိနေတဲ့ အဘွားကြီးကို တွေ့ခဲ့ရပါတယ်။

ကျွန်မ သူ့ဌေးမနဲ့အတူ အံဆွဲကို ဖွင့်ခဲ့ရပါတယ်။ အဲဒီမှာ မီးလောင်ထားတဲ့ အကြွင်းအကျန် လောင်စာစတွေထည့်ယူထားတဲ့ အမှိုက်ပုံးတစ်ခုတွေ့ရတယ်။ သူနာပြုနီကိုးလ်က ပုံးအဖုံးကို ဖွင့်ပြခဲ့တော့ ကျွန်မ သူ့ဌေးမက အီတလီဘာသာနဲ့ တစ်ခုခုလှမ်းပြောခဲ့တယ်။

နီကိုးလ်က အင်္ဂလိပ်ဘာသာစကားနဲ့ . . .။

"တစ်ယောက်ယောက်ဟာ စီးကရက်မီးနဲ့ လောင်ကျွမ်းမှုဖန်တီးခဲ့တာလို့ သိရတယ်တဲ့"

ကျွန်မအပေါ်ကို မယုံသင်္ကာဟန်ပြတဲ့ မျက်လုံးစုံနဲ့ကြည့်နေတဲ့ မစ္စစ်ရစ်ကီကို သွားသတိချပ်မိတယ်။

"ကျွန်မကိုမယုံသလို ကြည့်မနေပါနဲ့။ ကျွန်မဆေးလိပ်မသောက်တတ်ဘူးဆိုတာ ရှင်တို့သိပါတယ်"

နောက်တစ်နေ့နံနက် အဘိုးကြီးအဘွားကြီးနဲ့ သူနာပြုနီကိုးလ်တို့တစ်တွေ အပြင်ထွက်သွားကြတယ်။ ကျွန်မနဲ့ကလေးငယ် အခန်းထဲမှာ နံနက်စာ စားသောက်ကြပြီး ထိုင်ဆော့နေတုန်း တံခါးတွန်းဖွင့်သံနဲ့အတူ သူ့ဌေးမရဲ့မောင် အန်ရီကိုဟာ အမောတကောနဲ့။

"တာရိုးရေ . . . မီး . . . မီး . . ."

ကျွန်မ သူ့အသံကြောင့် အပြင်ထွက်အကြည့်မှာ ဘာမှမမြင်ရတော့ဘူး။





"ရှင် ဒီလိုမနောက်စမ်းပါနဲ့"

ဆူမာန်မိလိုက်ပြီးမှ ကျွန်မရဲ့အကြည့်ဟာ သူ့ဌေးမရဲ့ အခန်းဘက်ကထွက်နေတဲ့ မီးခိုးတွေဆီ ရောက်သွားမိခဲ့တယ်။

ဒါပေမဲ့ အဲဒီမီးကို မကြာခင်အချိန်အတောအတွင်းမှာပဲ ငြိမ်းသတ်ခဲ့နိုင်ပါတယ်။

"မမရဲ့မိဘတွေကိုတော့ ရုမ်းကိုပြန်ပို့မှပဲ ဖြစ်တော့မယ်။ သူတို့က နှလုံးသိပ်ကောင်းတာမဟုတ်ဘူး။ ဒီမှာလည်း တည်းနိုင်စရာနေရာကမရှိသလောက်ဘဲ မဟုတ်လား"

ဘာပဲပြောပြော။

ကျွန်မရဲ့အခြေအနေကလည်း သူတို့နဲ့မနေသင့်တော့တာမို့ ကျွန်မချစ်သူ မာကိုရဲ့အိမ်ကိုပဲ ခြေဦးလှည့်ခဲ့ရပါတယ်။ ကျွန်မတို့နှစ်ယောက်ဆယ်ရက်တိတိ ပြန်တွေ့ဆုံဖို့ အကြောင်းဖန်ခဲ့ရတယ်ပေါ့ရှင်။

ကျွန်မဘက်က အများကြီးပေးဆပ်နိုင်ဖို့ ပြင်ဆင်ထားသလောက်မာကိုရဲ့တုံ့ပြန်မှုဟာ နည်းနည်းမှအားမရနိုင်ခဲ့ဘူး။

"မင်းက စက်တင်ဘာလအထိတောင်မှ ဘာပြုလို့နေချင်ရတာလဲ"

"အို . . . ကိုရယ် . . . ကို့မေမေဆီက အီတာလျံသူ အိမ်ရှင်မဖြစ်အောင် သင်ယူရဦးမယ်လေ။ ပီဇာမုန့်လုပ်နည်းတော့ အနည်းဆုံးတတ်ထားရမှာမဟုတ်လား။ ကိုညီမလည်း စာမေးပွဲပြီးနေပြီဆိုတော့ အခန်းနေရာများများ မလိုတော့ဘူး မဟုတ်လား"

"အိုကွာ . . . မင်းက သိပ်အတွေးခေါင်တာပဲ။ မင်း ဒီမှာကြာကြာနေဖို့ဆိုတာ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး"

ကျွန်မ သူ့ဆီက အဲဒီလိုအပြောမျိုး မမျှော်လင့်ခဲ့တာ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သက်မတစ်လုံးကို ရှိုက်မှုတ်လိုက်ပါတယ်။

မာကိုက ကျွန်မကို ဖက်ပွေ့လာခဲ့ပြီးမှ…

“ကဲပါကွယ်။ မင်းအနေနဲ့ အလုပ်နောက်တစ်ခုပဲရှာဖို့ ကြိုးစားကြည့်ပါလား”

“ကျွန်မ အီတလီကို အလုပ်အတွက် ရောက်လာတာမဟုတ်ဘူး။ ကို့အတွက် ရောက်လာခဲ့ရတာပါ။ အခြားအလုပ်ဆိုတာလည်း မရှာဖွေချင်တော့ပါဘူး”

“မင်းကို ကိုယ်ခေါ်မိတာ အပြစ်တစ်ခုတော့ ဖြစ်မသွားပါဘူးနော်။ မင်းလိုချင်တဲ့ အခြေအနေက ဘယ်လိုမှမဖြစ်နိုင်ဘူးဆိုတာ မင်းသိသင့်တယ်”

“မာကို…ရှင် ကျွန်မကို လက်ထပ်ချင်စိတ်မှ ရှိသေးရဲ့လား”

သူက ကျွန်မကိုငုံ့ပြီး နမ်းလာခဲ့တယ်။

“ကိုယ် မင်းကိုချစ်တယ်။ အရာခပ်သိမ်းတွေထက် ပိုချစ်တယ်။ ဒါပေမဲ့ ကိုယ်တို့အသက်က ငယ်သေးတယ်။ လွတ်လပ်မှုအရသာကို ပျော်ပျော်ကြီးခံစားရမယ့် အရွယ်ဖဲရှိသေးတယ်။ ကိုယ့်ကိုယ်ကို အိမ်ထောင်မှုဆိုတဲ့ အကျဉ်းခန်းမှာ မသွင်းချင်စမ်းပါနဲ့”

ကျွန်မအခြေအနေမှန်ကို နားကြည်းစွာနဲ့ပဲ သုံးသပ်မိခဲ့ရပါပြီရှင်။

မာကိုတို့ မိသားစုအပေါ် အားကိုးလို့မဖြစ်နိုင်မှန်း နားလည်ခဲ့ပြီး မရှေးမနှောင်း နေ့ရက်တစ်ရက်မှာ ကလေးထိန်းအလုပ်တစ်ခု ကျွန်မ ထပ်ရခဲ့ပြန်တယ်။

ဒီတစ်ခါ သုံးနှစ်သမီးလေးတစ်ယောက်ကို ထိန်းရမှာ။ သူ့ဖခင် လူကြီးနှင့် မိခင်ဒါနယ်လာတို့ဟာ ရုပ်မြင်သံကြားဌာနမှာ နှစ်ယောက်စလုံး





အတူတူဆင်းနေကြတယ်။ ကလေးမလေးက အက်ဂ်နာတဲ့။ အင်္ဂလိပ်စကားတောင်မှ နားလည်တဲ့ ကလေးမလေးရယ်ပါ။ ကျွန်မအပေါ် သိပ်ခင်တွယ်ခဲ့ပါတယ်။

တစ်နေ့တော့ ကလေးထိန်းအသစ်တစ်ယောက်အဖြစ်နဲ့ ကျွန်မကို အက်ဂ်နာလေးရဲ့ ဘိုးအေဘွားအေတွေဆီ အလည်ခေါ်သွားပါတယ်။

အဘွားကြီးက ကျွန်မကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ဘဝင်မကျနိုင်တဲ့ဟန်ပန်နဲ့ သူ့သားကို အီတလီလိုလှမ်းမေးခဲ့တယ်။

သူမေးတဲ့မေးခွန်းကို ကျွန်မ သဘောပေါက်လိုက်တာကတော့…။

“သားရယ် ကလေးထိန်းခေါ်တာများ စကော့တစ်ချ်မိန်းကလေးမှ ရွေးခေါ်ရတယ်လို့ကွယ်။ အီတလီမှာ ဒါလောက်တောင် ရှားနေသလား” လို့ပဲ ဖြစ်ခဲ့ပါတယ်။

ဒီပုံအတိုင်းဆို အကျယ်အကျယ် မငြိမ်းဖွယ်ဖြစ်လာနိုင်တာကို ကျွန်မ ကြိုပြီးမြင်ယောင်ခဲ့တယ်ပေါ့ရှင်။

အဘွားကြီးဟာ အဘိုးကြီးလို မဟုတ်ဘူး။ ကျွန်မ သူ့အနားကို ရောက်သွားတိုင်းမှာ တစ်မျိုးမဟုတ်တစ်မျိုး မြည်တွန်တောက်တီးတတ်တာတွေ့ရတယ်။

ကလေးမလေးမိခင် ဒါနယ်လာဟာ သူ့ခင်ပွန်း ‘ရမ်း’ ကို ထွက်သွားတဲ့နေ့တစ်နေ့မှာ ကျွန်မနဲ့အက်ဂ်နာလေးတို့ ရှိနေတဲ့အခန်းလေးထဲ ဝင်လာပြီး။

“ကလေးကို ခြေတွေလက်တွေဆေးပြီး ဝတ်ထားတဲ့အဝတ်အစားတွေ လဲပေးလိုက်” လို့ပြောခဲ့တယ်။

ကျွန်မ ရေချိုးခန်းထဲဝင်ပြီး ဆေးကြောတဲ့အလုပ်နဲ့ ရှုပ်တွေးနေ



www.burmeseclassic.com

www.burmeseclassic.com



တုန်း တံခါးဝုန်းခနဲ တွန်းဖွင့်ခံခဲ့ရတယ်လေ။

"ကလေးကို အမြန်ခေါ်ထုတ်ခဲ့"

ကလေးမိခင်ရဲ့ အသံဟာ ရူးရူးဝါးဝါးနှင့်။

အားပါး…နောက်ပါးမှာ မီးခိုးတွေ အူထွက်နေတဲ့ကြားကနေ သူ့မိဘတွေရှိတဲ့ အခန်းဘက်ပြေးဝင်သွားတာ ရိပ်ခနဲမြင်လိုက်ရတယ်။ ကျွန်မ ကလေးကိုချီပွေ့ပြီး ပြေးမိပြေးရာ ပြေးလိုက်တယ်ပေါ့။

အဖြစ်အပျက်ဟာ ဆော်တီးဆေတုန်းကလို တူပဲတူ… တိုက်ပဲ တိုက်ဆိုင်လွန်းပါဘိ။

ဒီမီးဟာ စီးကရက်ဖွာရှိုက်မှုကနေ အစပြုခဲ့တာလို့ သိခဲ့ရပါတယ်။ လျူဂျီရဲ့အဘိုးကြီးကတော့ သူသောက်တာမဟုတ်ကြောင်း တွင်တွင်ချည်း ငြင်းနေတယ်လေ…။

မီးလောင်မှုဖြစ်ပွားပြီး နောက်တစ်ရက်မှာ ဗီရိုပေါ်တင်ထားတဲ့ ရုပ်တုတစ်ခုဟာ သူ့အလိုလို ကြမ်းပြင်ပေါ်ပြုတ်ကျခဲ့ပြန်တယ်။ အဘွားကြီးဟာ အရုပ်ကျတဲ့နေရာနဲ့ အလှမ်းကွာလွန်းလှတဲ့ဆီက ကျွန်မကို မီးထွက်မတတ်အကြည့်နဲ့ မဆီလေးရယ်တဲ့မှုမဆိုင် ကြည့်ခဲ့ပြန်ပါပကောရှင်။

ကြည့်စမ်း။ ဆက်တိုက်ဆိုသလို နောက်တစ်နေ့မှာပါ ပြတင်းပေါက်တံခါးမှန်ချပ် ခွမ်းခနဲကျကွဲသံ ကြားလိုက်ရပြန်တယ်။ အဲဒီအကြိမ်ကျတော့ ကလေးမိခင်ဒါနယ်လာက ကျွန်မအပေါ် အစိမ်းဖွာယ်တစ်ခုခုဆောင်တဲ့ မျက်လုံးကြီးတွေနဲ့ ကြည့်ခဲ့တယ်လေရှင်။

သို့ပေမယ့် ဒါနယ်လာကပဲ ကျွန်မရဲ့ တင်းကျပ်သွားတဲ့ စိတ်ပိုင်းဆိုင်ရာကို ဖြေသိမ့်စကား ပြောဖော်ရခဲ့ပါတယ်။





"စိတ်မကောင်းမဖြစ်နဲ့ ကာရိုး။ အားလုံးဟာ ရယ်စရာကောင်းလောက်အောင် တိုက်ဆိုင်ခဲ့တာပါ"

အဲဒီနေ့ တစ်နေ့တည်းရဲ့ ညဘက်ပိုင်းမှာတစ်ခါ အက်ဂ်နာလေးရယ်၊ သူ့ဖခင်လျူဂျီရယ်၊ မိခင်ဒါနယ်လာရယ် မွေးရာပေါ်အိပ်နေကြတုန်း ရုတ်တရက် မီးစွဲလောင်ခဲ့တယ်။ မီးဟာ အပေါ်လောင်ပြီး တက်တာမျိုးမဟုတ်ဘဲ မီးခိုးငွေ့တွေဟာ အောက်ကိုတငွေ့ငွေ့နဲ့ လိုမ့်ဆင်းခဲ့တာမျိုး။

ကျွန်မအိပ်ရာပေါ်က ကလေးကိုပြေးချီပြီး လှည့်အထွက် အဘွားကြီးနဲ့ ဝင်တိုးမိလျက်သား။

အဘွားကြီးဟာ ခေါသခြောင်းခြောင်း ထွက်နေတဲ့အသံနဲ့ "စုန်းမ" ရယ်လို့ လက်ညှိုးငေါက်ငေါက်ထိုးပြီး အော်လာခဲ့ပါတယ်။ ပြီးတော့ ကျွန်မကို အတင်းပဲ မီးဖိုးဆောင်ခန်းထဲ တွန်းပြီးသွင်းခဲ့တယ်။ ကလေးကို ဆွဲယူပြီး တံခါးကို အပြင်ကနေ ချက်ပါထိုးပိတ်သွားတယ်လေ။

အားလုံး ရူးသွပ်ကုန်ကြပြီလား မသိဘူး။ ကျွန်မကိုယ်တိုင်လည်း ဘာတွေဖြစ်လို့ဖြစ်မှန်း မဝေခွဲတတ်တော့ဘူးရှင့်။

"ဒါနယ်လာ…ကျွန်မကို တံခါးဖွင့်ပေးဦး… ခုလို ဘာလို့ပိတ်သွားရတာလဲ"

အတိုချုံးပဲပြောပါရစေ။ မကြာခင်မှာ ရဲတွေရောက်လာပြီး မီးဖိုဆောင်ထဲက ကျွန်မကို ဖမ်းခေါ်သွားကြလေရဲ့။

တကယ်ဆို ရဲလက်ထဲအပ်မယ့်အစား ကျွန်မချစ်သူ မာကိုရဲ့ အိမ်ကိုပဲ ကျွန်မကိုပြန်ပို့လည်း အဖြစ်နိုင်သားလျက်နဲ့။

ဒီလိုအချိန်မှာ "မာကို" ကို မျှော်လင့်ထားမိပေမယ့် ကိုယ်တော်ချောက ပေါ်တော်မမူလာဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



ရဲတွေဟာ ကျွန်မ သွားလေရာမှာ ကြုံတွေ့တိုက်ဆိုင်ခဲ့ရတဲ့ကိစ္စတွေကို စစ်မေးခဲ့ကြပါတယ်။ ရဲမေတစ်ယောက်က အီတလီဘာသာကနေတစ်ဆင့် အင်္ဂလိပ်လို စကားပြန်လုပ်ပေးခဲ့တယ်ပေါ့ရှင်။

နောက်ဆုံး ကျွန်မကို အချုပ်သံတိုင်တံခါးနောက် တွန်းပို့ခဲ့တဲ့အထိ။

မဆီလေးရယ်မှ မဆိုင်။

ဖြစ်ပျက်သမျှ အကြောင်းအရာတွေဟာ ကျွန်မနဲ့ မဆိုင်ပါဘဲလျက် ကျွန်မဟာ သက်သက်မဲ့ တရားခံဖြစ်ခဲ့ရတယ်လေ။

ဟား…ဟား…ရယ်စရာ သိပ်ကောင်းပါလား။

သိပ်ရယ်ရတယ်ဟေ့…တကယ့် ရယ်စရာလောကကြီးပါလား။

* * * * *

ကျွန်မဟာ အုတ်တံတိုင်းညစ်ညစ်တွေ လေးဖက်လေးတန် ဝန်းရံနေတဲ့ ထောင်ကြီးထဲကို ကိုယ်မကျူးလွန်တဲ့ပြစ်ဒဏ်နဲ့ ဆက်ပြီးရောက်ခဲ့ရတယ်။

ကျွန်မအမှုကို မစ္စတာ 'မီနာဗီနီ' ဆိုတဲ့ ရှေ့နေက အကျိုးဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီအချိန်အထိ မာကို ဟာ ကျွန်မဆီတစ်ခေါက်တစ်ကျင်းမှ ရောက်မလာခဲ့ပါဘူး။

ကျွန်မထောင်ထဲကနေ သူ့အိမ်လိပ်စာနဲ့ စာတွေရေးပို့ခဲ့ပါတယ်။ ကြေးနန်းတွေ ရိုက်ခဲ့ပါတယ်။ သူသွားတတ်တဲ့နေရာတွေဆီ စာတွေပို့ခဲ့တာ အမှန်ပါ။ သူ ကျွန်မဆီက စာမရဘဲနဲ့တော့ မနေနိုင်ပါဘူး။

သူ ဘာကြောင့် လာမတွေ့ပါလိမ့်ရှင်။





သူတို့က ကျွန်မကို ထောင်ထဲမှာ ကျကျနနထားပေးခဲ့ပါတယ်။ တယ်လီဗီးရှင်းနဲ့၊ ဖုန်းနဲ့ အတော်ပြည့်စုံခဲ့ပါတယ်။ ရှစ်ရက်မြောက်နေ့အရောက်မှာ မာကို့ဆီက ဖုန်းအဆက်အသွယ် ရောက်လာပါတယ်။ အဲဒီအချိန်က မာကို့အပေါ် ကျွန်မ တော်တော်ကြီး နာနာကြည်းကြည်းဖြစ်နေမိတဲ့အလျောက် ဖုန်းထဲကနေ ငေါငေါတူးတူး ပြောဆိုပစ်လိုက်မိပါတယ်။

ကြည့်လေ။ စကော့တလန်မှာရှိနေခဲ့တဲ့ ကျွန်မကို အီတလီနိုင်ငံထိခေါ်ပြီး ထောင်ထဲဝင်နိုင်းတာနဲ့ တူမနေပေဘူးတဲ့လား။

ကျွန်မဟာ နောက်ဆုံးကျမှ စကော့တလန်မှာရှိနေတဲ့ မေမေ့ဆီကို စာရေးဖို့ သတိရလိုက်ပါတော့တယ်။

* * * * *

မေမေ့ကို တွေ့လိုက်ရတာနဲ့ ကျွန်မဟာ ကလေးတစ်ယောက်လို သံတိုင်ကြားကနေ ငိုကြွေးတိုင်တန်းမိခဲ့ပါတယ်။

မေမေဟာ စိတ်ဓာတ်ကြံ့ခိုင်တဲ့ အမျိုးသမီးတစ်ယောက်ပဲဖြစ်ပါတယ်။ ကျွန်မနဲ့ပတ်သက်လာရင် တလောကလုံးနဲ့ စိန်ခေါ်ဝံ့တဲ့ မိန်းမသားတစ်ဦးပါ။

"ကျုပ် သမီးကို လက်ဖျားနဲ့ထိကြည့်စမ်း…။ အဲဒီထိတဲ့လက်ကို ကျုပ်ကိုယ်တိုင်ဖြတ်ပစ်မယ်" မေမေက အစောင့်အကြပ် အမျိုးသမီးကြီးရှေ့မှာ ခုလိုပဲ ဟစ်ကြွေးခဲ့ပါတယ်။

ကျွန်မဆီကနေ မာကို့အကြောင်း ကြားသိခဲ့ရတဲ့ မေမေက။

"အို… သမီးအကောင်ရဲ့အကြောင်း တွေးမနေစမ်းပါနဲ့။ ကိုယ့်အတွက်သာကိုယ်…ပူတတ်စမ်းပါ" လို့ ပြတ်ပြတ်တောင်းတောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့ပါတယ်။

"မင်းကို ဒီအထဲက မမကိုယ်တိုင် ဆွဲထုတ်ပေးမယ်"

မမဟာ ငွေကြေးမကြွယ်ဝပေမယ့် သတင်းစာလောကမှာ အသိအကျွမ်းတွေရှိခဲ့ပါတယ်။ စကော့တလန်မြို့မှာပါရှင်။

မမက ကျွန်မနဲ့ ပတ်သက်ပြီး ရေဒီယိုနဲ့ အင်တာဗျူးလုပ်ဖို့ သွားမယ်လို့ သိရပါတယ်။ မတရားအချုပ်အနှောင်ခံရတဲ့ ကျွန်မရဲ့ အဖြစ်အပျက်ကို တစ်နိုင်ငံလုံးသိအောင် တင်ပြမယ်လို့ဆိုတယ်။

များမကြာခင်ရက်မှာ ကျွန်မရှေ့နေ မစ္စတာမိနှာဦးနီဟာ ကျွန်မနဲ့ ပတ်သက်တဲ့ သတင်းစာတွေကို ယူလာပေးခဲ့ပါတယ်။ သတင်းစာရဲ့ မျက်နှာဖုံးမှာ ကျွန်မဓာတ်ပုံနဲ့အတူ 'စုန်းမလို့ အစွပ်အစွဲခံရတဲ့ မိန်းကလေး' လို့ ရေးထားတာ တွေ့လိုက်ရပါတယ်။

ကျွန်မအကြောင်းကတော့ 'ဟိုးလေးတကျော်' ရှိခဲ့ရပါပြီရှင်။ ဒါပေမဲ့… ကျွန်မရဲ့အဖြစ်က မပြေးပေမယ့် ကန့်ရက်ကာ ရှိနေသလိုပါရှင်။ ကျွန်မ သွားလေရာမှာ ဖြစ်ပျက်ခဲ့သမျှတွေဟာ ကျွန်မမှာရှိနေတဲ့ စွမ်းအားတစ်မျိုးကြောင့်ရယ်လို့လို့ပဲ အစွပ်အစွဲခံခဲ့ရပါတယ်ရှင်။

အဲ…

ဒါပေမဲ့ပေါ့ ရှင်…

တရားသူကြီးဟာ အကြောင်းအရာတွေပေါ်မှာ ဆင်ခြင်သုံးသပ်ပြီးတဲ့နောက်ပိုင်း ကျွန်မကို ထောင်ဒဏ်နှစ်နှစ်ခွဲချဖို့ ပြင်ဆင်ခဲ့ပါတယ်။ သို့ပေမယ့်…

အဲဒီအချိန်က ထောင်သားတွေအားလုံး ပြစ်ဒဏ်လျှော့ပေါ့ရမယ့် နေ့ကြီးအခါကြီးနဲ့ ကြုံလိုက်ရတဲ့အတွက်ကြောင့် ပြစ်ဒဏ်နည်းပါး





လွှမ်းလာတဲ့ ကျွန်မဟာ အလိုလို ပြစ်ဒဏ်ကကင်းလွတ်ဖို့ အကြောင်းဆိုက်ခဲ့ရပါတယ်။

ဟုတ်ကဲ့… အဲဒီအချိန်မှာ ဝမ်းမြောက်ဝမ်းသာ အဖြစ်ဆုံးက မမရယ်ပါပဲရှင်။

ကျွန်မ လွတ်မြောက်ရပြီမှန်း သိလိုက်ရရော မမဟာ တရားရုံးခွင်ထဲက ပရိသတ်အလယ်မှာ ပိုက်ဆံအိတ်ကို အပေါ်ပစ်မြှောက်ပြီး 'ဟေး' ခနဲဟစ်ကြွေး မြည်ကျူးခဲ့ပါတော့တယ်။


'စုန်းမ' လို့ အစွပ်အစွဲခံခဲ့ရတဲ့ ကျွန်မဟာ အပြစ်ဒဏ်က လွတ်မြောက်ခဲ့ရပေမယ့်လည်း လူပုံအလယ်မှာ အလိုလို ငိုကြွေးမိခဲ့ရပါတော့တယ်ရှင်။ ။

***Ref : 1991- July- Woman's Day***



www.burmeseclassic.com

www.burmeseclassic.com



# ဆာဒူး၏
# ဂမ္ဘီရဆန်သောလျှို့ဝှက်ချက်

*The sadhu secret by Peter Hall*

"သဲပျော့ပျော့တို့ပေါ်တွင် ကျားသစ်ခြေရာကွက်များ ထင်ကျန်နေသည်။ စောစောကပျောက်ကွယ်သွားသည့် နေရာအထိတိုင် ကျားသစ်ခြေရာကွက်များ ရှိနေ၏။ ထိုမှအကျော်တွင်မူ ဆာဒူး၏ခြေရာများသာ တွေ့လာရသည်။

သည်တိရစ္ဆာန်နှင့် သည်လူ၊ ခြေရာချင်း ဘာကြောင့် ထပ်မတတ်ရှိနေပါလိမ့်..

*Friendship Publishing House*

www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယနိုင်ငံ၌ တစ်ဖက်က သုတော်စင်ပမာ မြင့်မြတ်၍ တစ်ဖက်က အလှူခံတောင်းရမ်းစားသောက်နေသူ လူတစ်မျိုးကို 'ဆာဒူး' ဟူ၍ ခေါ်ဝေါ်သမုတ်ကြသည်။ တစ်ချိန်၏ တစ်ခုသောကာလ၌ တောအုပ်တစ်ခုကိုအမှီပြု၍ နေထိုင်နေသော ဆာဒူးတစ်ယောက်ရှိသလို ရွာသူရွာသားများအား အလစ်ချောင်းသုတ်ရန် ချောင်းမြောင်းလှည့်လည်နေသည့် ကျားသစ်တစ်ကောင်လည်း ရှိခဲ့ဖူးသည်။ ထိုအခါ ရွာသူရွာသားတို့အပေါ် အချိန်မရွေး ကျရောက်နိုင်သော အန္တရာယ်ရှိနေသော်လည်း ထိုဆာဒူးက တစ်ရွာလုံး ကျားသစ်ဘေးရန် မကျရောက်စေရန် အကာအကွယ်ပေးမည် ဟူသော ထူးထူးခြားခြားသတင်းက ပေါ်ထွက်လာပြန်သည်။

ထိုသို့ သိနားလည်ရန် ခက်ခဲလှသောသတင်းကို ဖော်ထုတ်ဖြေရှင်းပေးဖို့ တာဝန်ယူဆောင်ရန် အပေးခံရသူမှာ ကျွန်ုပ်ပင် ဖြစ်နေပါတော့သည်။ ကျွန်ုပ်အဖို့ အံ့ဩမိရသည့်အကြောင်းက အခြားမဟုတ်ပြီ။ နယ်ပိုင်းအလတ်တစ်ခု၊ အပေါ်ပိုင်းဗလာကျင်းနှင့် အလှူခံစားသောက်နေရသူတစ်ဦးက အင်မတန်စည်းလဲ၍ ရက်စက်လှသော ကျားသစ်အ



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ပေးလာမှုကို အကာအကွယ်ပေးမည်ဆိုသော ယုံတမ်းပမာပေါ်ထွက်နေသော စကားကြောင့်ပင် ဖြစ်နေပါတော့သည်။

ထိုဖြစ်ရပ်ပေါ်ထွန်းရာအရပ်မှာ အိန္ဒိယနိုင်ငံ၊ ဂင်္ဂါမြစ်ကြီးနံဘေးအနီးအနားရှိ အမြဲစိမ်း "ပီးရပ်တ်ကဒီးလ်" တောအုပ်အလယ်ရှိ ရွာကလေးတွင်ပင်ဖြစ်သည်။ ဂင်္ဂါမြစ်ရေအလျဉ်က မိုင်ပေါင်းရာချီ၍ စီးဆင်းနေသလောက် တောအုပ်အလယ်မှရွာတွင် ဘေးအန္တရာယ်ပေါင်းစုံတို့ကထိုးထွက်ပေါ်ထွန်းနေသည်မို့ နေထိုင်သူရွာသူရွာသားနှင့် ကလေးသူငယ်များအဖို့ စိတ်တင်းကျပ်မှုစုံလင်စွာနှင့် နေထိုင်နေရသည်။ နှစ်ရာစုများစွာကပင် မြစ်ရေအပြောင်းအလဲ၌ မြစ်ရေကြီးမားစွာ တိုက်စားမှုများကြောင့် နေအိမ်များ ဝါးလုံးထိုးမျောခြင်းဖြင့် ဆုံးရှုံးခဲ့ရခြင်းများ၊ အသီးအနှံနှင့် မြက်ခင်းပြင်တို့ မိုးခေါင်ရေရှားချိန်နှင့်ကြုံ၍ စားကျက်ပျက်ရသော ကျွဲ၊ နွား၊ တိရစ္ဆာန်တို့၏ အာဟာရပျက်စီး၊ အသက်စည်းစိမ်ဆုံးရှုံးရခြင်းများ၊ ဝက်ရိုင်းတို့ကြောင့် ယာခင်းပျက်စီးစေမှုများ၊ ကျားသစ်နှင့် သစ်နက်ကောင်တို့၏ တိုက်ခိုက်မှုနှင့် လူကိုဆွဲပြေးသတ်ဖြတ်ခြင်းစသည့် ဒဏ်အမျိုးမျိုးကို ရွာသူရွာသားတို့ ရင်စည်းခံနေရရှာ၏။

ကျွန်ုပ် ထိုရွာနှင့် အနီးစပ်ဆုံးသို့ စစ်တာဝန်နှင့်ရောက်ရှိရသည့်ကာလမှာ ၁၉၄၂ ခုနှစ်၊ မတ်လ။ ထိုကာလရောက်တော့မှပင် တောအုပ်တွင် သောင်းကျန်းနေသော ကျားသစ်တစ်ကောင်၏သတင်းကို ကျွန်ုပ်စတင်ကြားလိုက်ရခြင်းပါပင်။ ပီးရပ်တ်ကဒီးလ်သို့ ကျွန်ုပ်သည် စစ်မဖြစ်မီကပင် စစ်လေ့ကျင့်ရေးတပ်နှင့်အတူ စစ်လေ့ကျင့်မှုသင်တန်း ပြသရန်လိုက်ပါလာခဲ့ပါသည်။

ထိုစဉ်အချိန်ကာလများက တိုင်းပြည်တွင် နိုင်ငံရေးအခြေအနေမငြိမ်းမချမ်းရှိနေတော့ရာ ကျွန်ုပ်အဖို့ ရွာသူရွာသားများနှင့် အကျွမ်းဖွဲ့





နေထိုင်ရင်း ကျွန်ုပ်အပေါ် သစ္စာစောင့်စည်းမှုရရှိရန် ရွာသူရွာသားများအား စည်းရုံးစွာ ပေါင်းသင်းနေထိုင်မှုပြုနေရသည်။ သူတို့က ကျွန်ုပ်အပေါ် ကောင်းမွန်စွာနှင့်ပင် ပေါင်းစည်းလက်တွဲခဲ့ကြသည်။ ထိုအခါကျတော့မှပင် ကျားသစ်၏ရန်ရှာမှုကို တာဝန်ယူဖို့ ကျွန်ုပ်၏ပခုံးပေါ် တာဝန်တင် ပေးလာကြသည်။

ကျားသစ်ရန်ကို ကာကွယ်ပေးခြင်းကိစ္စအပေါ် အစပိုင်း၌ ကျွန်ုပ်သိပ်စိတ်ပါဝင်စားမှု မရှိသလောက်ဖြစ်နေသည်။ ထို့အတူ ထူးဆန်းမှုတစ်ခုကား ကျားသစ်စေဉ်းလဲအား ကျွန်ုပ်လက်ဖြင့် သတ်ဖြတ်ပေးဖို့ ရွာသူရွာသားများထံမှ တစ်ခါမျှပင် တောင်းဆိုလာခြင်း မရှိသည့်ကိစ္စပင်။ ကျားသစ်စေဉ်းလဲကား ကျွဲ၊ နွားများအား သတ်ဖြတ်ပြီးရင်း၊ သတ်ဖြတ်ရင်း ရှိနေသည်မှာအမှန်ပင်။

ထိုအဖြစ်နှင့်မခြား သိပ်မကြာခင်သောကာလ၌ တောအုပ်၏အပြင်ဘက် "ဘဆန့်တ်ပါးရ်" ရွာငယ်လေးတွင် စတည်းချနေသော ဆာဒူးကြီး၏ ကျားသစ်စေဉ်းလဲအပေါ် ဩဇာလွှမ်းမိုးနိုင်သည့် သတင်းကိုပါကျွန်ုပ်ကြားလာရသည်။

ထိုနည်းတူ အရိုင်းဘုံတစ်ကြော တစ်လျှောက်လုံးသို့ပါ တန်ခိုးရှင်အားများဖြင့် ပျံ့နှံ့ဖုံးလွှမ်းနေသည့် ဆာဒူးကြီး၏ ဇာတ်လမ်းပုံဝတ္ထုအလွှိုလွှိုက အရှေ့တိုင်းတစ်ခွင်တွင် ကြားပြီးရင်းကြားနေ၍ ကျွန်ုပ်အဖို့ ဆိုဖွံ့မခန်းအကြောင်းတို့အပေါ် ဖော်ထုတ်ရန်အလို့ငှာ စိတ်ပါဝင်စားရနိုင်ဘဲ ရှိနေပါတော့သည်။ သို့ရာတွင် ကျွန်ုပ်တစ်ခု နားလည်မိသည်မှာတော့ တစ်စုံတစ်ခုသော လှည့်စားမှုအကောင်းတို့ကို လက်ကိုင်ပြု၍ ရွာသူရွာသားတို့ထံမှ ပိုမိုအလှူခံနိုင်လာဖို့ ကြံစည်ထားခြင်းပင် ဖြစ်ရမည်ဟု ယူဆမိခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် တစ်ခုသောနေ့ဝယ် နွားများထိန်းကျောင်းနေသော လူငယ်တစ်ယောက်အား ကျားသစ်စေဉ်းလဲ စားသွားပြီဆိုသော သတင်းအား ကျွန်ုပ်ကြားလိုက်ရသည်။ ထိုစဉ်က ကျွန်ုပ် အဝေးမှာတာဝန်နှင့် ရောက်နေခိုက်ဖြစ်သည်။ ထိုသတင်းကြားပြီး နှစ်ပတ်အကြာမှာ ထိုရွာသို့ရောက်သည်။ ရွာသူရွာသားတွေမှာ ထိုကြေကွဲလောက်စရာအဖြစ်သနစ်အား ကျွန်ုပ်နှင့်ဆွေးနွေးပြောဆိုဖို့ ဝန်လေးခေါင်းမာနေသည်ကိုသာ ကြုံရပြန်၏။ သူတို့တစ်တွေ၏ ရင်ထဲ၌ တစ်စုံတစ်ယောက်ကို အပြင်းအထန် ကြောက်နေကြကြောင်း ထင်ရှားလှသည်။

မြင်း၏ ကျောကုန်းထက်သို့တက်ထိုင်၍ ဂင်္ဂါမြစ်အိုကြီးစီးဆင်းရာအနီးမှ ကမ်းတစ်ပိုက်ဆီသို့ ငြိမ်းချမ်းသာယာသောစိတ်များနှင့် ကျွန်ုပ်ထွက်လာသည်။ ကျွန်ုပ်သည် နံနက်ခင်း၏ မြစ်ကမ်းတစ်ပိုက်က တည်ငြိမ်ချမ်းမြေ့နေသော မြင်ကွင်းအာရုံကို နှစ်ခြိုက်လှသည်ဖြစ်၍ မြင်းထက်ကဆင်းလိုက်ပြီး ကမ်းနဖူးတွင် ထိုင်နေစဉ်မှာပင် နေရောင်က တဖြည်းဖြည်းမြင့်တက်လာသည်။

ခပ်လှမ်းလှမ်းလောက်ဆီရှိ ရွာထဲမှအသံဗလံများ တစ်ခါတစ်ခါ လေတွင်လွင့်ပါလာသည်။ ထိုအသံများက ကျွန်ုပ်၏ စိတ်အာရုံကို တစ်ချိန်ပြီးတစ်ချိန် အနှောင့်အယှက် တိုးဝင်နေသလိုရှိသည်။ ရေစီးအတိုင်း မျောပါလာနေသော ဗြဟ္မဏဘုံမောင်နှံလေးအား မြစ်ရေပေါ်တွင် မြင်နေရသည်။

ကျွန်ုပ် ထိုင်နေရာ နေရာ၌ပင် ကျွန်ုပ်အထီးတည်းမဟုတ်တော့ပြီ။ ကျွန်ုပ်ထိုင်ပြီး သိပ်မကြာပါ။ အနည်းငယ်ရူးသွပ်နေဟန်ရှိသူ ရွာသားတစ်ဦးက ကျွန်ုပ်အနီးတွင် လာထိုင်သည်။ ထိုသူက ကျွန်ုပ်အပေါ် ဖော်ရွေခင်မင်စွာ ရောက်တတ်ရာရာ စကားတို့ကို ပြောလာပါ၏။





ထိုစကားတွေအနက် ဆာဒူး၏အကြောင်းကပါ ထိုသူရူး၏ ပါးစပ်မှ အရိပ်အမြွက်ပါလာသည်။ ထူးဆန်းလှသည့် ဆာဒူးကြီး၏ တန်ခိုးသတ္တိဖြင့် ကျားသစ်ယောင်ဖန်ဆင်း၍ နွားကျောင်းသားအား သတ်ဖြတ်တိုက်ခိုက် စားသောက်သွားခြင်းပင် ဖြစ်ရမည်ဟူ၍တည်း။

ကျွန်ုပ်က သိလိုချက်ကို သာသာထိုးထိုး စူးစမ်းမိလိုက်စဉ်မှာ ထိုသူရူး ကျွန်ုပ်အပါးက ပြေးထွက်သွားတော့သည်။ သူတို့တွင် သူရူးက အစ ဆာဒူးဆိုသူ၏ ဒေါသအမျက်ထလာမှုကို အလွန်အမင်းကြောက်ရွံ့၍ ပါးစပ်အာစေးမိထားကြသည့် သဘောမှာပြနေသလိုရှိသည်။

ကျွန်ုပ်က မြင်းစီး၍ပြန်လာစဉ် ဦးခေါင်းတွင်းမှာတော့ အတွေးများက အပြည့်အဝနေရာယူလာသည်။

တောတွင်းစာတ်လမ်းများတွင် ရှေးအတီတေ ကာလတွေကတည်းက လပြည့်ည၊ အကာလညများ၌ လူခန္ဓာကိုယ်ကနေ ရက်စက်သော အကောင်များအဖြစ်သို့ ဂမ္ဘီရအင်အားဖြင့် ပြောင်းလဲနိုင်စွမ်းရှိသည့် အကြောင်းများကို စိတ်ကူးယဉ်ပုံပြင်ပမာ ကျွန်ုပ်ကြားဖူးထားသည်မှာ ကြာပြီ။ ထိုအကြောင်းနှင့်နွယ်ဆက်၍ ရွာသားတွေ၏စိတ်တွင် ကျားသစ်စေဉ်းလဲ ဖြစ်ပေါ်လာသည်မှာ ဆာဒူး၏တန်ခိုးသတ္တိနှင့် ပတ်သက်နေရသည်ဟု ထင်နေမည်မလွဲ။ အကြောင်းမူ ဆာဒူးကိုယ်တိုင်က ညအခါတာလ၌ မကြောက်မရွံ့စတမ်းပင် အမှောင်အောက် လျှောက်လှမ်းလှည့်လည်နေတတ်လေ့ ရှိခြင်းကြောင့်ပင်။

တစ်နေ့သ၌ ကျွန်ုပ်သည် သဲမြေပြင်ပေါ်၌ ကျားသစ်ခြေရာများသွားတွေ့သည်။ ထိုအကြောင်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်က ရွာသူရွာသားတွေကိုခေါ်၍ ကျားသစ်ကို ပစ်ရတော့မည့်အကြောင်း တိုင်ပင်မိလိုက်သည်။ ရွာသားများမှာ ကျွန်ုပ်၏တိုင်ပင်မှုကို တစ်ဦးမျှ စိတ်အား



www.burmeseclassic.com

www.burmeseclassic.com



ထက်သန်မှုမပြဘဲ ရှိနေသည်ကိုသာ တွေ့မြင်ရသည်။ သည်လိုအခြေအနေတွင် သည်အတိုင်းပဲရှိနေရမည်မလွဲ။

ကျွန်ုပ်သည် တဲစခန်းနံ့ဘေးတွင် ဆေးတံရှိုက်ဖွာနေလျက် ရွာသားတွေ၏ အခြောက်တိုက် ကြောက်လန့်နေမှုကို ဘယ်လိုချေဖျက်ရမလဲဟု စဉ်းစားနေမိသေးသည်။ မည်သို့ဆိုစေကာမူ ဘဆန့်တ်ပါးရ်အရပ်ဒေသတွင် ခိုအောင်းနေသော ကျားသစ်ဝေဉ်းလဲကြီးအား ကျွန်ုပ်ရှင်းပစ်နိုင်လျှင်တော့ ရွာသားတွေမှာ ကျွန်ုပ်ဘက်မှ ပါလာတော့မည်မှာ မလွဲကေန်ပင်ရှိလိမ့်မည်။

ကျွန်ုပ် စည်းရုံးရေးကောင်းမွန်မှုကြောင့် အယောက်သုံးဆယ်သော ရွာသားများကတော့ လင်းအရုဏ်ဦး အစခရီးတွင် ကျွန်ုပ်နှင့်အတူ လိုက်ပါလာကြပါ၏။ ကျွန်ုပ်က ရိုင်ဖယ်တစ်လက်ကိုင်၍ မြင်းပေါ်ခွစီးလာခဲ့သည်။ ရွာသားတွေကတော့ တောချုံအောက်မှာ ခြောက်လှန့်သံတပေးပေးဖြင့် တောကောင်ကိုမောင်းနေသည်မှာ ဆာဒူးအား ကြောက်လန့်ဖို့ပင် မေ့နေသယောင်ယောင်။ သူတို့၏သတ္တိတွေသည် နေထွက်အလာထိ တောင့်ခံနိုင်ပါ့မလား။

မကြာမီ၌ သားကောင်အနံ့အသက်ကို ကျွန်ုပ်၏နွားခေါင်းကခရီးတစ်ဝက်အကျိုးမှာ ရလိုက်သည်မို့ မြင်းထက်ကဆင်းလိုက်သည်။ ကျွန်ုပ်၏ လက်ဝဲဘက်က တောင်ပူစာငယ်လေး၏ မြက်ခင်းရှည်ရှည်ဘက်ဆီ ကျွန်ုပ်သက်ာယနဲ မကင်းမိဘဲရှိသည်။

ကျွန်ုပ် တောင်ပူစာ၏အနီးသို့ ချဉ်းကပ်အလာတွင် မှန်းဆထင်စားမိလိုက်သည့်အတိုင်းပင် တစ်စုံတစ်ရာကို မြင်တွေ့လိုက်ရသည်။ ထိုတစ်စုံတစ်ရာမှာ လူသားတစ်ဦး။ တစ်နည်းအားဖြင့်ဆိုရပါမူ ဆာဒူးပင် ဖြစ်နေပါတော့သည်။





ကျွန်ုပ် ဆာဒူးအား ကြားဖူးရုံကြားဖူးနေပြီး တစ်ခါမျှပင် မြင်ဖူးခဲ့သည် မဟုတ်ပြီ။ အောက်ပိုင်း နံငယ်အဝတ်အပိုင်းအစ။ အပေါ်တွင် ဗလာကျင်း၍ ကိုယ်ထက်မှာ ပြာမှုန်ဖြူဖြူများဖြူးထား၍ ရှည်သောဆံပင်၊ မုတ်ဆိတ်တို့ဖြင့် တုတ်တစ်ချောင်းထောက်ရပ်နေသူမှာ ဆာဒူးမှလွဲ၍ တခြားသူမဖြစ်နိုင်မှန်း ချက်ချင်းမှန်းဆမိလိုက်နိုင်သည်။ ကျွန်ုပ်ကြာကြာဝေးဝေး တွေးမနေဘဲ ရိုင်ဖယ်သေနတ်ကို ကောက်ချိန်လိုက်ရင်းပစ်တော့မည်အပြု ထူးထူးဆန်းဆန်းပင် မြင်ကွင်းထဲကဆာဒူး ပျောက်ခြင်းမလှ ပျောက်သွားတော့သည်။

ကျွန်ုပ်၏စိတ်တွင် ကျားသစ်ထွက်ပြေးသွားသလိုပင် ခံစားလိုက်ရသည်။ တစ်ခုတော့ သေချာ၏။ ကျွန်ုပ်တို့တစ်တွေ ဤသို့နယ် တောပစ်ထွက်လာကြတော့မည့် သတင်းအား တစ်ဦးဦးသောသူက ဆာဒူးအားသတင်းပေးထားခြင်းကြောင့်ပင် ကြိုတင်လာရောက်စောင့်ဆိုင်းနေသောသဘောပင်ဖြစ်လိမ့်မည်။ ကံအားလျော်စွာနှင့် တိုက်ဆိုင်ကြုံကြိုက်လာသည်တော့ မဖြစ်နိုင်ပြီ။

ထိုနေ့နံနက်တွင် ကျွန်ုပ်တို့ ဘာအောင်မြင်မှုမှ မရရှိလိုက်ဘဲ စခန်းသို့သာ ပြန်လာခဲ့ကြသည်။

## ကျားသစ်၏ နောက်တစ်ဝန်တိုက်ခိုက်မှု

ထိုမှ ဆယ်ရက်အကြာ မှဆိုးတစ်ဦးထံမှ ဆက်သွယ်စာ ကျွန်ုပ်ထံရောက်ရှိလာသည်။ စာထဲတွင် ကျားသစ်ဝေဉ်းလဲ နွားတစ်ကောင်အားတိုက်ဖြတ်စားသောက်သွားသည့် သတင်းပါလာသည်။ ထိုသူက ဘဆန့်တ်ပါးရ် ရွာမှ နှစ်မိုင်အကွာ တောင်ပူစာအနီးသို့ ကျွန်ုပ်အားအမြန်လာခိုင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်စာကိစ္စ ပြေရှင်းအပြီး ကျွန်ုပ်၏ကားဖြင့် မောင်းထွက်လာရာ ညောင်ပင်ကြီးအောက်၌ ဆိတ်ကလေးတစ်ကောင်နှင့်အတူ ကျွန်ုပ်အား စောင့်နေရှာသောမုဆိုးကို တွေ့လာရပါတော့သည်။ စကားတစ်လုံးတစ်ပါဒမျှ မဆို။ ထိုသူက သူ့ဆိတ်ကလေးကို ချီမလိုက်ရင်း ကျွန်ုပ်အား မြက်ခင်းရှည်လျားအကြားကနေ ဦးဆောင်ခေါ်လာရင်း ကိုက်ငါးဆယ်အရောက်၌ ကျဉ်းမြောင်းသည့် လှိုမြောင်တစ်ခု မြင်တွေ့လာရသလို ချုံပုတ်အကိုင်းအခက်များ၌ ရောက်နေသော နွားတစ်ကောင်၏ဖြစ်အင်ကိုပါ မြင်လာရသည်။

ယခုအချိန်ကောင်း နံနက်ငနာရီ ရှိနေပြီဖြစ်လျက် ကျားသစ်ငစဉ်းလဲကောင် အောင်းနေရာဆီမှ မကြာမကြာထွက်၍ အစာရှာမွေထွက်ချိန်ဖြစ်နေသည်။

ကျွန်ုပ်က လှိုမြောင်အနီးမှပင် ကျားသစ်ငစဉ်းလဲကို ချောင်းမြောင်းဖို့ ဆုံးဖြတ်သည်။ ဆိတ်ကို တိုင်တစ်ခုတွင်ချည်ထားပြီး ကျွန်ုပ်၏ကားအနီးတွင် သွားရောက်စောင့်နေဖို့ မုဆိုးအား ခပ်တိုးတိုးပြောလိုက်သည်။

တစ်အောင့်အကြာ ဆိတ်ကလေးသည် တပဲပဲဖြင့် အော်မြည်လာသည်။ ကျားသစ်အား ဖိတ်ခေါ်လိုက်သလိုမျိုးမို့ ကျွန်ုပ်အဖို့ ပစ်မှတ်ကိုလွဲအောင် မပစ်မိဖို့သာ အရေးကြီးသည်။ ကျားသစ်သေသွားရန်သာ ကျွန်ုပ်၏တာဝန်။

သည်စဉ်ခဏ ကျွန်ုပ်၏ လှိုမြောင်ညာဘက်နေရာ အကွာအဝေးမှာရပ်နေသော ကျားသစ်အား မြင်လိုက်ရပါပကောလား။ ကျွန်ုပ်က ရိုင်ဖယ်နှစ်လုံးပြူး၏ မြောင်းဝအားလှမ်းအချိန် ကျားသစ် ရုတ်တရက် ပျောက်သွားသည်။ ထိုစက္ကန့်အတွင်း ပေါ်ပေါက်လာသူကတော့ ဆာဒူး





ပါပင်။ ဆာဒူးက သူ့တုတ်ကိုထောက်၍ လမ်းကလေးတစ်ခုဆီမှလျှောက်လှမ်းလာနေ၏။ ကျွန်ုပ်က အော်ဟစ်၍ ရပ်လိုက်ဖို့တားမိသည်။ ဆာဒူးတမရပ်။ ကျွန်ုပ်အား သွားများပေါ်အောင် ပြုံးဖြဲပြလာရင်း ဆက်လက်လျှောက်လှမ်းနေသည်။

ကျွန်ုပ် စဉ်းစားရခက်ပြန်၏။ ကျွန်ုပ်တို့ ကျားသစ်အား သတ်ဖြတ်ဖို့ ရောက်နေခြင်းကို ဆာဒူးသည် ဘယ်သို့လျှင်သိသွားသနည်း။ ကြာကြာစဉ်းစားမနေတော့။ ကျွန်ုပ် မြစ်ဆိပ်ဘက်သို့ နောက်မှခြေရာခံလိုက်သွားမိသည်။

သဲပျော့ပျော့တို့ပေါ်တွင် ကျားသစ်ခြေရာကွက်များ ထင်ကျန်နေသည်။ စောစောက ပျောက်ကွယ်သွားသည့် နေရာအထိတိုင် ကျားသစ်ခြေရာကွက်များရှိနေ၏။ ထိုမှအကျော်တွင်မူ ဆာဒူး၏ခြေရာများသာ တွေ့လာရသည်။

သည်တိရစ္ဆာန်နှင့် သည်လူ၊ ခြေရာချင်း ဘာကြောင့်ထပ်မတတ်ရှိနေပါလိမ့်။ ကျွန်ုပ်အဖို့ အတော်ဦးနှောက်ခြောက်လောက်စရာ အဖွေးများဖြစ်လာရတော့သည်။ ကျွန်ုပ် ဆိတ်ကိုတိုင်မှဖြုတ်ယူလျက် ကားဆီသို့ပြန်ရောက်လာစဉ် ကျွန်ုပ်၏မိတ်ဆွေမုဆိုး ကားနောက်ခန်းတွင် ချောက်ချားမွာထိုင်နေသည်ကိုသာ မြင်လိုက်ရသည်။ သူသည်လည်း ကျွန်ုပ်ကဲ့သို့ပင် တစ်စုံတစ်ခုသောအကြောင်းကို တိတိပပ တွေ့လိုက်ရသည့်သဘောရှိနေသည်။

ကျွန်ုပ် ဆိတ်ကလေးကို ကားထဲသွင်းလိုက်ပြီး မုဆိုးအား သူ့ရွာသို့ မောင်းပို့ပေးလိုက်သည်။ သူသည် ကျွန်ုပ်နှင့်ပြိုင်တူ သိလိုက်ရသောသို့ဝှက်ချက်တစ်ခုအကြောင်းကို လမ်းတွင် ဘာတစ်ခွန်းမျှ ပြောဆိုခဲ့လာခဲ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



## လူကိုကိုက်ဖြတ်ခြင်း

မိုးမတိုင်မီ ရှစ်လအထိ ကျွန်ုပ်တို့၏ တပ်လှော်ကျင့်ရေးကာလများ၌ ကျားသစ်၏သတ်ဖြတ်မှုသတင်း နောက်ထပ်ထွက်ပေါ်မလာတော့ဘဲ ရှိနေသည်မှာ ထူးဆန်းလှသည်အမှန်ပင်။

ထိုမှအကျော်ကာလမှာပင် ရွာဦးစီးတစ်ဦးဆီမှ ရောက်လာသော သတင်းကား မြစ်နှင့်များစွာ အကွာနေရာတစ်ခု၌ ရွာသားတစ်ဦးအား ကျားသစ်သတ်ဖြတ်သွားသည်ဆိုသော အကြောင်းကြားချက်ပါပင်။ စုံစမ်းတီးခေါက်ကြည့်လိုက်တော့ သည်ရက်၊ သည်အပတ်တွေထဲမှာ ဆာဂူးအား သိပ်မြင်တွေ့ရခြင်း မရှိသည့်အကြောင်းများကိုပါ ကြားလာခဲ့ရသည်။

ကျွန်ုပ်သည် ကျားသစ်အား သတ်ဖြတ်ပစ်ဖို့ ပိုင်ပိုင်နိုင်နိုင်ပင် စိတ်နှလုံးဒုန်းဒုန်းချလိုက်သည်။

ကျွန်ုပ်က လင့်စင်သုံးခုထိုးထားပေးဖို့ ရွာဦးစီးအား စီစဉ်ရန် တာဝန်အပ်နှင်းလိုက်သည်။ ပြီးတော့ နေ့လယ်တွင် ဆိတ်တစ်ကောင်ပါ ဝယ်လာပေးဖို့ ငွေပေးထားလိုက်သည်။

ကျွန်ုပ် မြစ်ရေစီးကြောင်းတွင် တာဝန်မျိုးစုံနှင့် ရှုပ်ထွေးစွာ သွားပြီးနောက် ရွာဦးစီးက ကျွန်ုပ်ပေးသမျှ တာဝန်ကျေ၊ မကျေကိုသွားကြည့်ရပါသေးသည်။

သို့သော်…

အုတ်အော်သောင်းတင်းဖြစ်နေသော ရွာသူရွာသားတွေ၏ အဖြစ်ကိုသာ ကျွန်ုပ်တွေ့မြင်လိုက်ရသည်။ သူတို့တစ်တွေ ကျွန်ုပ်စေခိုင်းချက်အရ လင့်စင်ထိုးနေစဉ်အတွင်း ကျားသစ်ခြေသံလဲက ဆိုးရွားစွာနင်း





လာရောက်သောင်းကျန်းသွားကြောင်း ကြားလိုက်ရတော့သည်။

"ဒီအကြိမ် တော်တော် သောင်းကျန်းသွားတာပါပဲ" ဟူ၍ ရွာဦးစီးက ကျွန်ုပ်အားတင်ပြသည်။

"ကျွန်ုပ်တို့အားလုံး ချောက်ချောက်ချားချားနဲ့တောင် ဖြစ်ကုန်တယ်"

ကျွန်ုပ် အမှန်အတိုင်း ဖြောင့်ချက်ပေးခဲ့သည်။ ကျွန်ုပ်ကိုယ်၌က ချက်ချင်းပင် ဆုံးဖြတ်ချက် မချခဲ့လောက်အောင် အတန့်ငယ်စိတ်လှုပ်ရှားဗျာများသွားရသည်။ ဆိတ်ကလေးကို မြင်သာသောမြင်ကွင်းထဲမှာ ချည်ပြထားပြီး ရွာသားတွေ ကျွန်ုပ်ရှေ့မှာ ကွယ်ကာနေဖို့ စေခိုင်းလိုက်သည်။ ပြီးတော့ ဆူညံသမျှဆူညံအောင် နေပေးကြရန်ပါဖြစ်သည်။ ကျားသစ်တို့၏ သဘာဝမှာ ဆူညံသံကို လာရောက်စူးစမ်းလေ့ရှိသည့် သဘောမှာပြသည်မို့ဖြစ်သည်။

ရွာသူရွာသားတွေက ထိုသို့နှယ် လုပ်ဆောင်ဖို့ဝန်လေးနေသည်။ ကျွန်ုပ်သည် ကိုက်နှစ်ရာခန့်သာသာထိ ကျွန်ုပ်ကိုယ်အလေးချိန်ကို ထိန်းထားနိုင်မည့်သစ်ပင်ကို ရှာမတွေ့သေးဘဲရှိနေသည်။ ကျားသစ်အား ကောင်းစွာတိုက်ခိုက်နိုင်သော နေရာအကွက်အကွင်းကို စိတ်တိုင်းကျ ရှာဖွေမရှာရှိသည်။

## စောင့်ဆိုင်းချည်ကြာ

တစ်ယောက်သောရွာသားက တိုင်တစ်တိုင်ဖြတ်၍ မြေပေါ်တွင် ကျနစွာစိုက်ပြီး ဆိတ်ကလေးအား ချည်ထားလိုက်သည်။ တိုင်အနီးကပ်မှာ ချက် စကားတွေပေါင်ဖွာပေါင်ဖွာ ဆိုနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အားလုံးအဖို့ အသက်ရှူ အကျပ်ရိုက်နေရသည့် ကာလဆိုက မှားမည်မဟုတ်။ ကျွန်ုပ်ရောက်ရှိနေသော နေရာမှဆိုလျှင် အသံတွေ တိုးတိုးသဲ့သဲ့သာကြားနေရသည်။

ကျွန်ုပ် ရိုင်ဖယ်သေနတ်၏ လုံခြုံရေးခလုတ်ကို ဖွင့်ထားပြီး စောင့်နေသော်လည်း ယုံကြည်ကိုးစားစိတ်မှာ အနည်းအပါးမျှသာ ကျန် နေသည်။

ကျားသစ်သည် အချိန်မရွေးဘဲ တစ်နေရာမဟုတ်၊ တစ်နေရာမှ ပေါ်လာနိုင်ကောင်းသည်။ စိတ်ထဲတွင် ဆာဒူး၏ပုံသဏ္ဌာန်က ဝင်နှောင့် နေသေးသည်။

ကျွန်ုပ် ခြေသံလုံလုံထားပြီး ဆူးချုံအုံကောင်းကောင်းဆီသို့ ချဉ်း ကပ်လိုက်သည်။ ထိုနေရာမှကြည့်လျှင် ဆိတ်ကလေးကို ကောင်းစွာတွေ့ရ သည်။ လူတွေကတော့ ခပ်လှမ်းလှမ်းရောက်နေသည်။

ကျားသစ်ရောက်လာဖို့ အကြောင်းရှိနေသလား။

ကျွန်ုပ်သည် စောင့်နေရင်း ငိုက်မျည်းချင်လာသည်။ သို့သော် သားကောင်၏ရနံ့ကိုရနေသော မုဆိုးအလား ကျွန်ုပ်ကိုကျွန်ုပ် ကျေနပ် နှစ်သိမ့်စိတ်ဝင်နေသည်။

နွေးထွေးသောလေထဲတွင် သားကောင်အပုပ်အနံ့ ပါနေသလို သည်။ ကျားသစ်သည် နောက်ဆုံးသားကောင်ကို ရှာဖွေရန်အလို့ငှာ ကျွန်ုပ်၏ မလှမ်းမဝေးတွင် ရှိနေလောက်ပြီ။

ကျွန်ုပ် ချုံကွယ်မှာ မတ်တတ်ရပ်လိုက်စဉ်မှာပင် ကျားသစ်အား တွေ့လာရပါတော့သည်။ တိုင်တွင် ရှုးရှုးအစ်အစ်ဟစ်နေသော ဆိတ် လေးဆီသို့ တရွေ့ရွေ့နှင့် ဆင်းသွားနေခြင်းပါပင်တည်း။





ကျွန်ုပ် ရိုင်ဖယ်သေနတ်ပြောင်းကို အသာအယာ မချိန်လိုက်ပြီး တစ်စက္ကန့်မျှ အသက်အောင့်လိုက်ရင်း တည်ငြိမ်တည့်မတ်စွာပင် ခလုတ် ညှစ်လိုက်ပါ၏။ ကျည်ဆန်က ကျားသစ်၏ပခုံးဆီ ထိမှန်သွားပုံပင်။ သို့သော် ချက်ချင်း အလူးအလဲနှင့် ပြန်ထသွားပြီး မျက်နှာချင်းဆိုင် ချုံတောအတွင်းသို့ တရှဲရှဲနှင့် တိုးဝင်ပြေးသွားတော့သည်။ တိတ်ဆိတ် သွားသောပတ်ဝန်းကျင်၌ ကျားသစ်၏ညည်းညူသံသဲ့သဲ့ ကြားလိုက် ရသလားဟု ထင်မိလိုက်သည်။ နာကျင်စွာအော်မြည်လိုက်သံ ထွက်လာ သေးသည်။ ဒဏ်ချက်ပြင်းထန်သွားပုံရသဖြင့် တွေ့သမျှသက်ရှိတို့အပေါ် ရန်မူတော့မည် မလွဲပြီ။

ကျားသစ်သည် သူ့ဒဏ်ရာအပေါ် မှုပန်စိတ်ရောက်နေစဉ် အတွင်း ကျွန်ုပ်အလျင်အမြန် ဤတောတွင်းမှ တိမ်းရှောင်သွားဖို့ စိတ်ဝင် သွားရသည်။ ကျွန်ုပ် အလျင်အမြန်ထွက်သွားဖို့ ကြံစည်မိပြီးမှပင် ခြေရာ များကို ကျားသစ်ကောက်လာနိုင်ပြီး ကျွန်ုပ်အား မိသွားတော့မည်မှန်း တွေးမိလိုက်ရ၍ ဘယ်ကိုဦးတည်သွားရမည်ဟု စဉ်းစားမရရှိသွားသည်။

ကျွန်ုပ်စိတ်တင်း၍ ထွက်ဖို့ကြံစည်မိသော်လည်း ကိုယ့်နှလုံးခုန်သံ တဒိန်းဒိန်းကို ပြန်ကြားနေ၏။ ကြောက်စိတ်က ကျွန်ုပ်အား အတော်ကြီး ညှစ်ဆုပ်ထားပြီဖြစ်သည်။ ကျားသစ် အမှန်တကယ် အသက်ရှင်နေမည်။ ကျွန်ုပ်နောက် သဲသဲမဲမဲလိုက်တော့မည်ဟု တွေးမိစဉ်တစ်ခဏ ကြောက် ရွံ့စိတ်က တားမရဆီးမနိုင် ကျွန်ုပ်အားဖုံးလွှမ်းလာသည်။ သွေးကြောများ ဆိုင်းကုန်မတတ် ထိတ်လန့်နေမိသည်။

ကျွန်ုပ်သည် မမြင်ကွယ်ရာအရပ်များဆီမှ နာနာဘာဝ၊ ဝိနာဘာဝ အရိပ်တစ္ဆေတို့၏ ခြောက်လှန့်သံတွေ အကြားအာရုံအတွင်း သောင်းကျန်း ခံရသလို ထင်နေမိသည်။ ရွာသူရွာသားတွေဆီက အသံတွေထွက်လာကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆာဒူးအား ရွာအတွင်းဘက်သို့ အဝင်မခံဘဲ တားဆီးနေသဲ့များ

လရောင်သည် သစ်ပင်နောက်ကွယ်မှတစ်ဆင့် မြေပြင်ထက်သို့ ဖြာကျလျက်ရှိသည်။

ကျွန်ုပ်က လှုသွားလမ်းကြောင်းအတိုင်း ခြေကိုလှမ်းလာစဉ် အနီး အနားမှ ရွေ့လျားသံတစ်ခုကြားမိသည်။ ထင်၍လှည့်အကြည့် လမ်းကွယ်ဝ၌ ထိုင်စောင့်နေသော ကျားသစ်ကြီးအား မြင်လိုက်ရပါတော့သည်။ ကျွန်ုပ်နှင့် ကိုက်နှစ်ဆယ်သာ ကွာဝေးလိမ့်မည်။ အကွေ့အဝိုက်ကျဆင်းနေသောပုံသဏ္ဌာန်မှာ ကျားသစ်ပင်ဖြစ်နေမှန်း ယုံမှားသံသယမရှိလောက်ပြီ။ ကျွန်ုပ်က ရိုင်ဖယ်ကို ပခုံးတွင်တင်၍ ပြောင်းကိုချိန်လိုက်သည်။

ကျွန်ုပ် ခလုတ်ညှစ်မည်အပြု ကျားသစ်က ပျောက်ကွယ်သွားလျက် ပေါ်ပေါက်လာသည်က ဆာဒူးဖြစ်နေပြီး တစ်ကိုယ်လုံး ကျဉ်စက် အတို့ခံလိုက်ရသလို တုန်ယင်သွားရသည်။

"ကျားသစ် ဘယ်ရောက်သွားတာလဲ"

ကျွန်ုပ်ပါးစပ်ဖျားမှ အံ့အားသင့်သံ ထွက်သွားသည်။

"ဆရာ မျက်စိအမြင် မှားသွားတာပါ။ ဘာကျားသစ်မှ မရှိပါဘူး"

"ကျုပ် ခုနကပဲ သေသေချာချာ မြင်လိုက်သေးတယ်"

ကျွန်ုပ် ပြောသာပြောလိုက်ရသည်။ ကြောက်လန့်စိတ်ဖြင့် တင်းကျပ်နေသောအာရုံကြောင့် မြင်မိမြင်ရာ ရှိသွားခြင်းလည်း ဖြစ်နိုင်၏။

"ဆရာ…ကျွန်တော်နဲ့အတူ လိုက်နိုင်မယ်ဆိုရင် ဆရာတွေ့ချင်နေတဲ့ ကျားသစ်ကိုပြပါ့မယ်"





ကျွန်တော် ချီတုံချတုံရှိနေပြီးမှ ဆာဒူးနောက်လိုက်ဖို့ ဆုံးဖြတ်မိသွားသည်။ ပြည့်ပြည့်ဝန်းဝန်း လ၏အလင်းရောင်သည် ကျွန်ုပ်၏ သူရသတ္တိတို့အား ကြောက်စိတ်အသွင်သို့ ကူးပြောင်းစေပါသည်။ စတွန့်အနည်းငယ်ကြာအောင် ဖြတ်လျှောက်လာပြီးမှ စိတ်ထဲက မသိုးမသန့်စိတ်ကြောင့် သူ့ကိုဟန့်တားမိသည်။

"ရပ်လိုက်ပါ"

ဆာဒူးက ကျွန်ုပ်၏အမိန့်ပေးသံကို လှည့်တောင်မှပင်မကြည့်။ ကျွန်ုပ်စိတ်ဝယ် ဆာဒူး ဤတစ်ခဏ လူကနေကျားသစ်ပုံစံ ပြောင်းလဲသွားလေမလားဟု ထင်စားမိလိုက်ရာက သေနတ်ပြောင်းချိန်၍ ညှစ်မိမည့်ကဲ့သို့။

ကျွန်ုပ်၏ သံသယမွှန်းကျပ်မှုစိတ်တို့သည် ထိုတစ်ခဏမှာပဲ ကြေမွပျက်စီးသွားရသည်။ အကြောင်းမူ လင်းထင်းသော လရောင်အောက် တဲငယ်တစ်ခုရှေ့တည့်တည့်တွင် ကျားသစ်၏ လဲစင်းနေသော ပုံသဏ္ဌာန်ကို မြင်သွားလိုက်ရ၍ပဲ ဖြစ်သည်။ ကျားသစ်အသက် ကုန်ခန်းနေရှာပြီ။ ပိုးသားကဲ့သို့ ချောမွေ့နေသော ကျားသစ်ကိုယ်ကို လက်ဖြင့်ထိတို့ကြည့်လိုက်စဉ် ပူနွေးနေဆဲရှိသေးသည်။ ကျွန်ုပ် အံ့အားသင့်မိရသည့်အကြောင်းကား အခြားမဟုတ်ပြီ။ ကျားသစ် ရှိနေနိုင်သည့်နေရာကို ဆာဒူးအပ်ကျမပ်ကျ သိရှိနေခြင်းပင်တည်း။

ဆာဒူးသည် ကျွန်ုပ်အား ဥပေက္ခာပြု၍ ကျားသစ်အနီး ဒူးတုပ်ထိုင်လိုက်ရင်း အိန္ဒိယနိုင်ငံမှ သားသေမုဆိုးမ မိခင်တစ်ဦးကဲ့သို့အလားနှုတ်မှတဖွဖွ ဆိုမန်းမန်း ရွတ်ဆိုနေတော့သည်။ ကျားသစ်နှင့်ဆာဒူး၏ ပေါင်းစည်းမှုမှာ မယုံနိုင်အောင် ရင်းနှီးအကျွမ်းတဝင်ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ဆာဒူး၏ ဝမ်းနည်းကြေကွဲပုံကို ပခုံးပုတ်၍…

“လူသွားလမ်းပေါ်မှာတုန်းက တွေ့လိုက်ရတာ ဒီကျားသစ်လား”

“ဟုတ်ပါတယ် ဆရာ။ အဲဒီကျားသစ်ဟာ ကျွန်တော့်ကို လာရှာဖွေတာပါ။ သူ့ရဲ့ နောက်ဆုံးအချိန်အခါကိုသိလို့ ဆရာ့ဆီက တိမ်းရှောင်ပြေးလာပြီး ကျွန်တော့်ဆီ အရောက်လာခဲ့တာပါပဲ”

“ခင်ဗျားဟာ တကယ့်မကောင်းဆိုးဝါး အကောင်ကိုမှ အစွေခင်ပွန်း လုပ်နေပါကလား။ ကလေးတစ်ယောက် ကိုက်အသတ်ခံရတာရယ်၊ ရွာထဲက နွားတွေကိုကိုက်ဖြတ်ပြီး ထွက်ပြေးနေတာတွေရယ် သိရက်နဲ့တောင်မှပဲ ရွာကိုဝင်ပြီး အလုခံစားသောက်ရက်တယ်နော်”

“ကျွန်တော်က ပိုက်ဆံတောင်းရမ်းတာ မဟုတ်ပါဘူး။ အစားအစာလောက်ပါပဲ။ ကျွန်တော် ဒီရွာကို စတည်းချလာချိန်က ကျားသစ်က အကောင်ဖေါက်စဘဝကတည်းက ကျွန်တော်နဲ့လာနေတာပါပဲ။ ဒီတောကြီးထဲမှာ ဝက်ရိုင်းတွေရှိနေတော့ ဒီအကောင်တွေကိုသာ ရှာဖွေစားသောက် ကျေနပ်မှုရှိနေပြီး ဘယ်သူ့ကိုမှ အန္တရာယ်ပေးတာမဟုတ်ဘူးလို့ ကျွန်တော်ထင်မှတ်နေခဲ့တာပါ”

“လ အတော်ကြာကြာတုန်းက နွားတစ်ကောင်ကို ကိုက်သတ်စားသောက်လိုက်ရတာက အစပြုခဲ့တာမဟုတ်လား”

ကျွန်ုပ်က သူ့အားပြန်အမှတ်ရစေသည်။

“အခုဆို တစ်ကောင်ပြီးတစ်ကောင်၊ တစ်ယောက်ပြီးတစ်ယောက် ကျားသစ်ရန် ခံစားနေရပြီ။ ကျုပ် အခုလို မလုပ်နိုင်ခဲ့ရင် နောင်ဘယ်လိုတွေဖြစ်ဦးမလဲ”





“ဒါကို ကျွန်တော် လက်ခံပါတယ်ဆရာ။ ကျွန်တော့်ရဲ့ အချစ်ဆုံးကောင်ကလေး သေနက်ကဲ့သို့ လုပ်ဆောင်လိုက်ရတဲ့ အချစ်ကန်းစိတ်တစ်ခုဟာ သူ့မကောင်းတာ လုပ်နေရမှန်းသိလျက်နဲ့ ခွင့်လွှတ်နေမိပါတယ်။ ရင်ဝယ်သားလိုချစ်မိပြီး အကုသိုလ်အဆိုးဘဲ့တွင်းထဲ ဆင်းရောက်နေတာကိုတောင် ကျွန်တော် ခွင့်လွှတ်စိတ်နဲ့ လက်ပိုက်ကြည့်နေမိပါတယ် ဆရာ”

ကျွန်ုပ်တို့အကြားတွင် တိတ်ဆိတ်ခြင်းက တစ်ခဏ စိုးမိုးသွား၏။ ဆာဒူးအား ရဲထံအပ်သင့်မအပ်သင့် ကျွန်ုပ်တွေးနေသည်။ သို့သော် ကျားသစ်ကျူးလွန်နေသမှုများက ဆာဒူးနှင့်ဆိုင်သည်ဟူသော သက်သေအထောက်အထားပြချက်က လုံလောက်မှုမရှိ။ ထို့ပြင် ရွာသားများက နှုံးရောက်၊ ဂါတ်ရောက်ကိစ္စများ မလိုချင်။ အဆုံးတွင် အတွေးဒသနတစ်ခုသာ ရင်ဝယ်သိမ်းပိုက်မိပြီး ဆာဒူးအား ကြေကွဲစွာနှင့်စက်ဆုပ်စွာသည်အတိုင်း လွှတ်ပေးလိုက်ရတော့သည်။

မည်သို့ဆိုစေ…

ဆာဒူးသည် ခွက်လက်ဆွဲကာ ညတွင်းချင်းအချိန်မှာပင် ထိုရွာကလေးအနီးမှ စွန့်ခွာသွားကြောင်း ကြားလိုက်ရပါ၏။ နောက်တစ်နေ့ ကျားသစ်အလောင်းရှိရာသို့ ကျွန်ုပ်ရောက်အသွား လှပသောပန်းခွေတစ်ခွေကိုသာ သွားလေသူ၏ရင်ခွင်ပေါ်တွင် တင်ထားလျက်ရှိနေကြောင်း မြင်တွေ့လိုက်ရပေတော့သတည်း။ ။


***Ref : The Wide World Adventure Magazine***

ဂန္ထဝင်ရုပ်ရှင်း၊ ဇူလိုင်လ၊ ၂၀၀၂။



www.burmeseclassic.com

www.burmeseclassic.com



# အလှည့်မပြန်သော တစ်ကွက်ညက်

*THE MURDER OF ALONZO*
*BY PETER CHEYNEY*

"မာနီ၏မျက်နှာသည် ဒေါသကြောင့် နီမြန်းလျက် ရှုံ့မဲ့မဲ့ကြီး ဖြစ်သွားရသည်။ ဗန်ဒါလင်မှာ သူ၏ပေါ့လျော့ သွားမိသည့် လုပ်ကွက်များကြောင့် ရှက်လည်းရှက်၊ ဒေါသလည်း ထွက်နေ၏။ အလှန်ဖိုမိုက်သဘာစ်အဖွဲ့မှ သူတို့ဆင်ထောင်ထားသော ရတနာများကို စိမ်ပြေနပြေပြင် သိမ်းပိုက်ခွင့်ရလာ ဖြစ်သည်ဆိုပါတော့"

*Friendship Publishing House*

www.burmeseclassic.com

www.burmeseclassic.com



လူမိုက်တို့၏ လောကီဝယ် ဖောက်ခွဲရေးသမားကျိုး၊ ငါးမန်းစသည်တို့အပြင် အခြားငါးမည်ရ ဘွဲ့အမျိုးမျိုးကိုပိုင်ဆိုင်သော မစ္စတာဆိုင်းရယ်စ်ဗန်ဒါလင်သည် ယခုအလွန်ဖိုး၏အခန်းထဲ တစ်ခုံတစ်ခုသော အကြောင်းနှင့်အတူ ရောက်နေခဲ့လေပြီ။

အလွန်ဖိုးမိုက်သဘစ်သည် စီးကရက်ငွေ့တွေ ဝေ့လူလူရှိနေသည့် မြင်ကွင်းကြားမှတစ်ဆင့် ဗန်ဒါလင်ပြောလာမည့်စကားတို့ကို နားစွင့်နေခဲ့သည်။

"အမှန်အတိုင်းပြောရရင်"ဟု စကားအစချီလာရာက "အခုလို လှုပ်လှုပ်ရှားရှားပြုရမယ့်အကြောင်းက ငါ့ရဲ့"ခွင်"ထဲမှာဝင်နေရင် ငါမင်းဆီကို ရောက်လာစရာမရှိဘူး။ ငါ့ဘာသာလှုပ်ရှားမယ်ပေါ့ကွာ။ ဒါပေမဲ့ ငါမလှုပ်ရှားနိုင်လည်း ဒီကိစ္စကို လှုပ်ရှားနိုင်မယ့်လူကို အခွင့်အရေးပေးချင်တဲ့ စိတ်စေတနာကြောင့် မင်းဆီကို ရောက်လာရတာပါပဲ အလွန်ဖိုး။ ဒီအလုပ်မျိုးဆိုတာ မင်းနဲ့ပဲကိုက်မယ်လို့ ငါ့ရဲ့အတွေ့အကြုံအရ သိမြင်ခဲ့တယ်ဆိုရင် မမှားပါဘူး"

"ဆိုစမ်းပါဦး ဖောက်ခွဲရေးသမား ကျိုးကြီးရဲ့။ အိမ်တစ်အိမ်ကိုဖောက်ဖို့ကိစ္စအကြောင်းမှာ ခင်ဗျားပစ္စည်းတွေနဲ့ အဝင်ခွင်ကျမရှိသောက်အောင် ဒီအိမ်က ဘာမို့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အသံမြည်အောင်ဖောက်လို့ မဖြစ်နိုင်တဲ့ အိမ်ဖြစ်နေလို့ပေါ့ကွာ။ အိမ်အနေအထားက အသံကိုအုန်းခနဲမြည်ဟိန်းသွားအောင် ထစ်ချုန်းသွားနိုင်လောက်တဲ့ အနေအထားရှိနေတာကလားရယ်။ မီးခံသေတ္တာသော့ကို ဒိုင်းနမိုက်နဲ့ ဖျက်ဆီးဖို့ကြံနေတုန်း ငါ့ကိုဝိုင်းလာတဲ့ ရဲတွေကြောင့် ငါ့ရဲ့ကံကြမ္မာက ဘယ်အချုပ်ခန်းကို နဖူးစာရွာလည်သွားမယ်ရယ်တောင် သိလိုက်ရမှာ မဟုတ်ဘူး။ အခုဝင်ကြံစည်ရမယ့် သေတ္တာကတော့ "ဘရစ်ဂ်"လို့ နာမည်ကြီးနေတဲ့ ဖောက်ထွင်းမှုကို ကြံ့ကြံ့ခံ အာမခံသေတ္တာကြီး ဆိုပါတော့ကွာ။ အဲဒီလို အကြမ်းခံသေတ္တာရဲ့ သော့အမျိုးအစားကို ဖွင့်နိုင်တဲ့လူမျိုးဆိုလို့ ငါ့တစ်သက်နဲ့တစ်ကိုယ်မှာ တစ်ယောက်ပဲတွေ့ဖူးတယ်။ အဲဒီလူဟာ ပါးနပ်တဲ့နေရာမှာ လူစ်ခနဲရှိပြီး မျက်လုံးပေါ်ကနေ မျက်မှန်ကိုလည်း မချွတ်စတမ်း တပ်ထားတတ်တဲ့၊ အလွန်ဗိုဆိုတဲ့ မင်းပဲပေါ့လေ"

"ချီးကျူးသံကိုတော့ ကျေးဇူးတင်မိပါရဲ့။ ဒီပုံအတိုင်းဆိုရင် ခင်ဗျားဟာ ကျွန်တော့်ကိုအလုပ်အပ်ဖို့ ရောက်လာတဲ့သဘောပေါ့နော်။ ရမယ့်ဝေစုကကောဗျာ"

"အလုပ်အောင်မြင်သွားလို့ကတော့ မင်းအတွက် တစ်ဝက်အချိုးကျရစေမှာပေါ့ ကိုယ့်လူ။ အခုလုပ်ရမယ့်အလုပ်က ဖြည်းဖြည်းနဲ့ အေးအေးဆေးဆေးလုပ်ချင်တဲ့ မင်းရဲ့သဘာဝနဲ့လည်း အံကိုက်ပဲလေ။ ပစ္စည်းကတော့ တခြားမဟုတ်ဘူး ကိုယ့်လူ။ ဇာရီနာဘုရင်ရဲ့ သရဖူဦးသျှောင်ကနေ ဖြုတ်ယူထားတဲ့ အဖိုးတန်ရတနာပစ္စည်းတွေ ဆိုပါတော့ကွာ။ မင်းလည်း ကြားဖူးကောင်းကြားဖူးလိမ့်မယ်။ တော်လှန်ရေးကြီး ရုရှားနိုင်ငံမှာ ပေါ်ပေါက်ပြီးနောက်ပိုင်းမှာ ဘောလ်ရှီးတွေဟာ သရဖူဦးသျှောင်ကြီးကို ပျက်စီးစေအောင် ရတနာပစ္စည်းတွေကို သရဖူကနေခွာယူကြတယ်ဆိုတာလေ။ သရဖူလည်းပျက်စီး၊ ရတနာတွေလည်း နယ်မြေ





အနှံ့အပြားကို အရောင်းချခံရ၊ အဲဒီရုရှားအစိုးရဆီက ဆုံးရှုံးသွားတဲ့ ရတနာပစ္စည်းအချို့ဟာ ဆိုင်းလပ်စ်မာလင်ရဲ့ လက်ထဲကိုလည်း တိတ်တိတ်ပုန်းရောက်နေခဲ့တယ်တဲ့။ အကယ်၍ ဒီငတိဟာ သူ့ဆီက အဲဒီရတနာတွေ သူ့လက်ကပြန်လုသွားဦးတော့ ရဲကိုတိုင်ဝံ့လိမ့်မယ် မဟုတ်ဘူး…။ ဘာကြောင့်လဲဆိုတော့ အဲဒီပစ္စည်းတွေဟာ သူ့လက်ထဲရောက်နေတာကိုက ခိုးရာပါပစ္စည်းသဘောကို ဆိုက်နေခဲ့တာ မဟုတ်လား…"

"အဲဒီပစ္စည်းတွေထားတဲ့အိမ်ထဲကို မင်းဝင်လို့လွယ်အောင် ငါအစီအစဉ်ချပေးပါ့မယ်…။ ပထမထပ်ရဲ့ ပြတင်းပေါက်တစ်ခုကနေ အလွယ်တကူဝင်သွားနိုင်တာနဲ့ အိမ်ရဲ့နောက်ဖေးဘက်က စကြံတစ်ခုဆီ ရောက်သွားနိုင်မယ့် ညာဘက်ကိုကျတဲ့ အခန်းတွေအနက်က တတိယတံခါးချပ်အခန်းဟာ အဲဒီရတနာတွေ ထိန်းသိမ်းထားတဲ့ မီးခံသေတ္တာရှိတဲ့ အခန်းပဲဆိုပါတော့ကွာ။ ငါ့စိတ်ထဲ မင်းအနေနဲ့ မီးခံသေတ္တာဖွင့်အောင် ကြံစည်ဖို့အတွက် မိနစ်နှစ်ဆယ်သာသာလောက်ပဲ အချိန်ပေးရလိမ့်မယ် ထင်တယ်…။ မင်းအောင်မြင်သွားပြီးဆိုတာနဲ့ အထဲကရှိသမျှတွေကို အေးအေးဆေးဆေး သယ်ယူသွားရုံပဲပေါ့… အလွန်ဗို။ ဒီပစ္စည်းတွေကို ဝယ်နိုင်မယ့် ဝက်လက်လည်း အမ်စတာဒမ်မြို့မှာ တွေ့ထားပြီးပြီလေ…။ ဈေးလာငါးသောင်းပေးချေဖို့ သဘောတူထားပြီးပြီဆိုပါတော့ကွာ…။ တကယ်လို့ အောင်မြင်သွားလို့ကတော့ မင်းနှစ်သောင်းခွဲ… ငါနှစ်သောင်းခွဲပဲ…။ ဘယ့်နှယ့်လဲ လုပ်ပေးဖို့သဘောတူနိုင်မလား"

ဗန်ဒါလင်၏ ကမ်းလှမ်းလာချက်ကို အလွန်ဗို၏မျက်နှာသွင်ပြင်က နက်ရှိုင်းလေးနက်စွာ တွေးတောနေသော အမူအရာဆောင်သွားသည်။ သို့တစေ ထိုအမူအရာနှင့် တစ်ပြိုင်တည်းလက်ချောင်းလေးတစ်ခုကတော့မူ ထိုင်ခုံလက်တင်တန်းအောက်မှ လျှို့ဝှက်ခလုတ်နှိပ်သီးလေးတစ်ခုကို တစ်ချက်ပြီးတစ်ချက် ဖိနှိပ်ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူလှုနေထိုင်ရာ အောက်ထပ်အခန်းဆီသို့ အဆက်အသွယ် ခေါင်းလောင်းသံမြည်သွားသည်။ ခေါင်းလောင်းသံအဆုံးမှာ စာလုံးများ ထင်ပေါ်လာသည့် မက်ဆေ့ချ်စနစ် သတင်းလှမ်းပို့ချက်ကို ဖတ်ရှုလိုက်သည်။

"ဗန်ဒါ…လင်…ဒီ…အခန်း…က…နေ…ထွက်…သွား… တာ…နဲ့…နောက်…ယောင်…ခံ…လိုက်…"

အလွန်နိုသည် ဆေးလိပ်တစ်လိပ်ကို ဘူးထဲမှ ထပ်မံထုတ်လိုက် ဖြစ်သည်။ မွှာရှိုက်လိုက်ရာမှ…

"ခင်ဗျားအနေနဲ့ ကျွန်တော့်ကို ဘယ်တော့လောက်မှ လွှတ်ရှား စေချင်သလဲ" ဟူ၍ ဗန်ဒါလင်အားမေးသည်။

"မနက်ဖြန်ညသန်းခေါင်ကျော်ဆို မကောင်းဘူးလား…။ဒီတော့ ဆိုင်းလပ်စ်မာလင်က ည ၁၂ နာရီ မထိုးခင်အချိန်ဆို အိပ်ရာဝင်နေကျ ဝဲတဲ့ကွ။ အောက်ထပ်က သူ့အစေခံတွေ နိုးသွားမှာလည်း မင်းဘာမှ ပူစရာမရှိဘူး။ အားလုံးအိပ်ပျော်နေပြီဆိုတာနဲ့ မင်းကိုတားလာမယ့်၊ ဟန့် လာမယ့် အန္တရာယ်အနှောင့်အယှက်လည်း ရှိတော့မှမဟုတ်ဘူးပေါ့။ ငါစောစောကပြောခဲ့တဲ့ ပထမထပ်ရဲ့ နောက်ဆေးပြတင်းပေါက်တစ်ခုကတော့ အမြဲလိုလိုပွင့်နေလေ့ရှိတယ်။ တိုက်နံရံရဲ့အနေအထားဆိုလည်း တွယ်ဖက် တက်တတ်တဲ့လူအတွက်ဆို လေှကားလိုအဆင်ပြေမယ့် သဘောမျိုးရှိတယ်"

"အင်း…ကောင်းပြီ မနက်ဖြန် ညသန်းခေါင်ကျော်ပဲ လုပ်ရှားကြည့် လိုက်တော့ပေါ့လေ။ အစီအစဉ်ကတော့ အကျဉ်းချုပ် တစ်ဝက်စီပဲပေါ့နော်"

"ဟာ…စိတ်ချ။ အဲဒီအစီအစဉ်အတိုင်းပဲ ဖြစ်စေရမယ်။ မင်း ဘက်ကသာ ပိုင်အောင်လုပ်၊ ငါ့ဘက်ခြမ်း မင်းဆီအရောက်လာခဲ့မယ်"

အလွန်နိုက လက်ဆွဲနှုတ်ဆက်သည်။ ဗန်ဒါလင် ပြန်နှုတ်ဆက် လာရာက…





"မင်းကံကောင်းပါစေလို့ မျှော်လင့်ဆုတောင်းနေပါ့မယ်"

ဗန်ဒါလင်အခန်းထဲမှ ထွက်ခွာသွားသည်။ အလွန်နိုသည် အိမ်ထဲတွင် စကြိုလျှောက်နေရင်း အတွေးကိုအလုပ်ပေးထားသည်။ ဗန်ဒါလင်လို အမေရိကန် နေ့သားတစ်ဦး၏စကားသည် ယုံနိုင်စရာမရှိ။ ဒဏ္ဍာရီ ပုံပြင်ဆန်လွန်းသည်။ ဖောက်ခွဲရေးသမားကျိုးဟူသော ဘွဲ့သညာ ဂုဏ်ပုဒ်နှင့်အညီ ဗန်ဒါလင်လို လူမျိုးအဖို့ မပွင့်နိုင်သော မီးခံသေတ္တာ ဟူသည် မရှိခဲ့ပြီ။

သို့မို့အသံမြည်၍ မဖြစ်နိုင်သောအိမ်၏ အခြေအနေအကြောင်း အရာကို အကြောင်းပြလာသည်။ သူပြောသည့်အထဲမှာ တစ်ခုတော့ မှန်သည်။ နောက်ဆုံးပေါ် သိပ္ပံစနစ်များဖြင့် စီစဉ်ထားသော ဘရစ်ဂ်လို အကြမ်းပတမ်းခံမီးခံသေတ္တာကြီးသည် တော်ရုံသူခိုးဖောက်ထွင်းသမားတို့ အဖို့ ပွင့်အောင်စွမ်းဆောင်နိုင်ရန် မလွယ်ကူပြီ။ သည်လိုသေတ္တာမျိုးကို နိုင်နင်းကျွမ်းကျင်သူမှာ အလွန်နိုမိုက်သဘတ်တစ်ဦးတည်းသာ ရှိသည်ဟု ယူဆရမည်မို့။ ကျွမ်းကျင်သည်မှ ထူးထူးခြားခြားကျွမ်းကျင်ပါလေသည်။

ဗန်ဒါလင်နောက်သို့ ရှဲဒိုးလိုက်သွားသော သူလှု လွန်ဖာရာ သည် ရှစ်နာရီမထိုးမီ ပြန်ရောက်လာသည်။

"ခင်ဗျားအကြံမဆိုးဘူး… အလွန်နို" လွန်ဖာရာက စကားစ သည်" ခင်ဗျား ဗန်ဒါလင်ဆိုတဲ့ပုဂ္ဂိုလ်ကို သင်္ကာယနမကင်းဖြစ်ပြီး ကျွန်တော့်ကို နောက်ယောင်ခံလိုက်ခိုင်းတာ မှန်သွားတယ်။ ဒီနေရာကနေ ထွက်သွားတယ်ဆိုရင်ပဲ အဲဒီပုဂ္ဂိုလ်က ချာလီရဲ့အတ်တိုက်ကလေးကို တန်းတန်းမတ်မတ် ဝင်သွားတာကလားရယ်ဗျ…။ အဲဒီမှာ တော်တော်လေး ကြာသွားတယ်။ ချာလီဆိုတဲ့လူနဲ့ အကြာကြီးလေကြောကျနေခဲ့တယ် လေ…။ ဗန်ဒါလင်ပြန်ထွက်သွားတာနဲ့ ကျွန်တော် ချာလီဆီဝင်တွေ့ပြီး စူးစမ်းကြည့်မိတယ်…။ ဒီတော့ ခင်ဗျားနဲ့ပတ်သက်ပြီး လာစုံစမ်းသွား



www.burmeseclassic.com

www.burmeseclassic.com



တာကို သိလိုက်ရတယ်။ ခင်ဗျားလှုပ်ရှားတဲ့အခါမှာ ဘယ်လိုသေနတ်မျိုးကိုသုံးတတ်သလဲဆိုတာပေါ့…။ ချာလီက ပွိုင့်၃၈ဘို့လ်အော်တိုမစ်တစ်ကို သုံးတတ်တဲ့အကြောင်း ပြောပြလိုက်တယ်တဲ့လေ…"

"ကျွန်တော် ဗန်ဒါလင်နောက် ကမန်းကတန်းအလိုက်မှာ ကားတစ်စီးငှားပြီးတက်စီးတယ်။ အဲဒီကားဟာ ဆေးဗစ်စ်လမ်းဘက်ကို ရှေးရှုလာရင်းနဲ့ ဘရွတ်လမ်းအရောက်မှာကွေ့ခိုင်းပြီး အိမ်အမှတ် ၁၇ ရှေ့မှာရပ်နိုင်းတယ်။ ပြီးတော့ အဲဒီအိမ်ရဲ့ နောက်ဖေးပေါက်ကနေ ဝင်သွားခဲ့တယ်လေ"

ထိုစကားကို ကြားရသည့်တခဏ အလှန်နီပြုံးသွားသည်။

"ရတနာမိုးခံသေတ္တာ ရှိနေတဲ့အိမ်ဆိုတာ အဲဒီအမှတ် ၁၇ အိမ်ပဲပေါ့ လှန်ဖာရာ…။ မနက်ဖြန် ညသန်းခေါင်ကျော်ရင် ငါ အဲဒီအိမ်မှာ ဝင်ဖောက်ထွင်းရလိမ့်မယ်ထင်ပါရဲ့…။ အင်း… ဆိုင်းလပ်စ်မာလင်ရဲ့ အိမ်ကိုဝင်သွားပုံထောက်တော့ ဒီလူ ဗန်ဒါလင်နဲ့မာလင်တို့တစ်တွေဟာ ငါနဲ့ပတ်သက်ပြီး လက်ဝါးချင်းရိုက်ထားတဲ့ကိစ္စ ရှိနေကြပုံပဲ"

အလှန်နီ တွေးတွေးဆဆ အမူအရာဖြင့် ဆက်လျှောက်နေသည်။ ပြန်ရပ်တန့်လိုက်ရင်းမှ လှန်ဖာရာအား…

"သူတို့ကစားကွက် တစ်မျိုးမျိုးတော့ ထွင်နေကြပြီ…။ ဒီအတွက် မင်းလည်း ပင်ပန်းခံရဦးမှာပဲ လှန်ဖာရာ…။ ပထမ မင်းလုပ်ရမှာကတော့ ဆိုင်းလပ်စ်မာလင်ရဲ့ အခြေအနေကို လေ့လာပေးဖို့ပဲ…။ အထူးသဖြင့် သူ့အိပ်ရာကို ဘယ်နေရာမှာထားတယ်။ ပြီးတော့ ဘယ်အချိန် ညစာစားတတ်တယ်ဆိုတာတွေ ငါ့အတွက်စုံစမ်းခဲ့။ အင်း နောက်တစ်နေ့ မလှုပ်ရှားသေးခင် အဲ့ဒီအိမ်ကို ငါအရင်ကြည့်ပြီး ကင်းထောက်ကြည့်လို့တော့ ဖြစ်နိုင်သေးတယ်။ ငါ့အတွေးမမှားဘူးဆိုရင် ဆိုင်းလပ်စ်မာလင်ဟာ ငါတို့ရဲ့ကျောင်းတော်က မိတ်ဆွေဟောင်းကြီး မာနီလိုပဲ အကြံရှိနေမှာမလွဲဘူး…။ ဘယ်လိုအကြံမျိုးလဲဆိုတာ မင်း သိမှာပါ"





လှန်ဖာရာက လေတစ်ချက်ချွန်လိုက်ရာမှ…

"အင်း… မာနီလို အကြံမျိုးရှိရင်တော့ ခင်ဗျား သူ့တိုက်သတိထားရတော့မှာပေါ့နော်…။ မာနီက ခင်ဗျားကို သူတစ်နေ့နေ့ မှတ်လောက်သားလောက်အောင် ဆုံးမပြရဦးမယ်လို့ ကြိမ်းဝါးခဲ့ဖူးတယ် မဟုတ်လား"

အလှန်နီ ကိုယ်သိမ့်သိမ့်ခါအောင် ရယ်လိုက်ပြီး…

"ဒါပေမဲ့… ဒီကောင်ကြီးက ငါ့ကို ဘာမှမလုပ်နိုင်ခဲ့ဘူးလားကွ…ဟော့"

* * * * *

နောက်တစ်နေ့ ညရှစ်နာရီလောက် ကတည်းက အလှန်နီသည် ဆိုင်းလပ်စ်မာလင်၏ ခြံနောက်သို့ရောက်သွားသည်။ သည်အချိန်ဆိုမာလင် ညစာအပြင်ထွက်စားတတ်သည်ကို လှန်ဖာရာ၏ စုံစမ်းထားချက်အရ သိထားခဲ့ပြစ်သည်။ နောက်ဖေးဂိတ်တံခါးကို သော့တူဖြင့်ဖွင့်သည်။

သော့တစ်ချောင်းတည်းနှင့်ပင် အံကိုက်ရှိခဲ့ရ၍ ခြံတံခါးပွင့်သည်။ အထဲတွင်ပန်းခြံရှိသည်။ မှောင်ရိပ်များဆိုင်းထားသည်။ အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီးနောက် တိုက်ကိုတွယ်ဖက်ကာတက်ခဲ့သည်။ ပွင့်နေသော တံခါးပေါက်မှတစ်ဆင့် ဝင်သည်။ လှန်ဖာရာ စုံစမ်းထားသော မာလင်၏အိပ်ခန်းထဲသို့ ခြေသံလုံလုံထား၍ဝင်သည်။

ဗီရိုတစ်ခုစီမှ အံဆွဲကိုဖွင့်သည်။ ဟော…စိတ်ထဲက အထင်ရှိသည့်အတိုင်းပင် အထဲတွင် သေနတ်နှစ်လက်တွေ့ရသည်။ လက်ထဲမှ လျှပ်စစ်ဓာတ်မီးရောင်အောက်တွင် သေနတ်တစ်လက်မှာ ပွိုင့် ၃၈ ဘိုလ်အော်တိုမစ်တစ်…။ နောက်တစ်လက်မှာ စမစ်အင်ဝက်ဆန် ဖြစ်နေသည်။ စမစ်အင်ဝက်ဆန်သေနတ်ထဲမှ ကျည်ကပ်ထဲတွင် ခြောက်တောင့်အပြည့်ရှိသည်။ ပွိုင့်၃၈ဘိုလ်၏ကျည်ကပ်တွင် ကိုးတောင့်တည်းသာရှိ၍ ကျန်တောင့်



www.burmeseclassic.com

www.burmeseclassic.com



လျှောနေသည့် သဘောရှိသည်။ လျှောနေသည့်တစ်တောင့်မှာလည်း ပစ်ခတ်ပြီးသား ပေါက်ကွဲကျည်ဆန်ခွံနှင့်ရယ်။

အလွန်ဇို ပြုံးသည်။ သူ့အိတ်ထဲက သေနတ်များကို ထုတ်ယူလိုက်ပြီး ထိုသေနတ်နှစ်လက်နှင့် လဲလှယ်လိုက်သည်။ သုံးမိနစ်ခန့်အကြာတွင် ထိုအခန်းထဲမှထွက်လာခဲ့ပြီး ငါးမိနစ်ခန့်အကြာမှာတော့ ဓာတ်လှေကားပေါ်တွင် သူလျှောက်နေလျှက်သား။ သူ့မျက်နှာမှာအပြစ်ကင်းသော အပြုံးတစ်ခု။

* * * * *

ညဥ့်သန်းခေါင်ယံကျော် ၁၂နာရီခွဲ ဆိုင်းလပ်စ်မာလင်၏ခြံ အနောက်ဘက်သို့ သူရောက်သွားသည်။ ခြံတံခါးကို သော့တူဖြင့်ဖွင့်သည်။ အတွင်းသို့ဝင်၍ တိုက်နောက်ဘက်နံရံကို ဖက်တွယ်တက်သည်။ ပထမထပ်၏ ပွင့်နေသောတံခါးမှတစ်ဖန် အထဲသို့ဆင်းလိုက်လျှက်ညာဘက်ကျကျမှ တတိယတံခါးကိုဖွင့်သည်။

အထဲအဝင်တွင် လျှပ်စစ်ဓာတ်မီးလေးကို ကိုင်ထွန်း၍ဖြစ်သည်။ ခန်းဆီးလိုက်ကာတွေကို အသာအယာတွန်းဖယ်ပြီး သတိနှင့်နားစွင့်သည်။ သူ့ကိုယ်ပေါ်က ကုတ်အင်္ကျီကိုချွတ်သည်။သူ၏ခါးဝယ်ပတ်ထားသည့် ခါးပတ်ပြားပြားကြီးဝယ် ဖောက်တွင်းကိရိယာ တန်ဆာပလာအမျိုးမျိုးတို့ကို တွယ်ချိတ်ယူလာ၏။ ခါးပတ်ပြားကြီးကြီးကိုချွတ်ပြီး မီးအာမခံသေတ္တာနှင့် အံဝင်ခွင်ကျဖြစ်လေမည့် သော့တစ်ခုချင်းထုတ်ရှာသည်။

ဘရစ်ဂ်အာမခံသေတ္တာကြီး ပွင့်လာဖို့မှာ အချိန်နာရီဝက်သာသာခန့် ကုန်ဆုံးခံလိုက်ရသည်။ စကြဲအပြင်ဘက်မှာ တိုးတိတ်ညှင်သာစွာ လှုပ်ရှားလာသည့် အသံလိုလို၊ သူ့အကြားအာရုံက နားစွင့်မိသွားသည်။

သူက ဖောက်ထွင်းခါးပတ်ပြားကြီးကြီးကို ကမန်းကတန်း ခါးမှာပြန်ပတ်၏။ အပေါ်မှကုတ်အင်္ကျီကို အမြန်အဆန်ပြန်ဝတ်သည်။ သည်စဉ်နိုက် တံခါးပွင့်လာပြီး သေနတ်ကိုင်၍ ချိန်ရွယ်ဝင်လာခဲ့သော ရဲ့သူ





တော်ပြောင်း ဆိုင်းလပ်စ်မာနီအား မြင်တွေ့လိုက်ရပါ၏။

"ဩော်… ဆိုင်းလပ်စ်မာလင်ဆိုတာ ဆိုင်းလပ်စ်မာနီဆိုတဲ့ ကိုယ်ရင်ပဲကိုး တွေ့ရတာမင်္ဂလာပါပဲ" အလွန်ဇိုက သရော်ထေ့ငေါ့ နှုတ်ဆက်သည်။

မာနီ မချိသွားပြုံးပြုံးသည်။ "အေးပေါ့ကွာ… ငါ့အတွက်တော့ မင်္ဂလာပဲပေါ့…။ နောက်ဆုံးတော့လည်း ငါ တစ်ချိန်ကကြိမ်းခဲ့သလို မင်း တစ်နေ့တော့ ငါထောင်ထားတဲ့ မြှုံးထဲဆင်းရတော့တာပဲ မဟုတ်လား အလွန်ဇိုမိုက်သဘစ်ရဲ့။ ခုအချိန်ကတော့ မင်းအဖို့ ဘဝကူးကောင်းရေးအတွက် ဆုတောင်းရတော့မယ့်အချိန်ပဲ…။ နောက်မိနစ် အနည်းငယ်လောက်ကျရင် မင်းက တမလွန်ကို မျက်စေ့နောက်ပြသွားရမယ့် ကောင်မဟုတ်လားကွ…။ ကိုယ့်လူပဲ…။ ငါကြံလိုက်တဲ့အကြံအစည်ကို မင်းတော့ သဘောပေါက်မှပေါက်ပါ့မလား မသိဘူး"

"ဗန်ဒါလင်လိုလူမျိုးကို သရဖူဦးသျှောင်ကနေ ဖြုတ်ထားတဲ့ ရတနာတွေရဲ့ ဓာတ်လမ်းခင်းခိုင်းပြီး မင်းကိုဆွယ်ယူဖို့ လွှတ်လိုက်တာ ငါပဲကွ…" အလွန်ဇို။ မင်းဟာ ရတနာဆိုရင် စိတ်ဝင်စားတတ်သေမယ့် တော်ရုံနဲ့ မှုားယူဖို့မလွယ်နိုင်ဘူးဆိုတာ ငါသိတယ်။ အေး… နောက်ဆုံးတော့လည်း ငါ့ရဲ့လှည့်ကွက်ထဲကို မင်းပါလာရတော့တာပဲ မဟုတ်လား…။ ဒီတစ်ခါတော့ မင်းကိုအလွှတ်ပေးလို့ မဖြစ်တော့ဘူး…။ နောက်တစ်ခါဆို ငါလက်တုံ့ပြန်ခံရလိမ့်မယ်။ခုနှစ်နှစ်လုံးလုံး ထောင်ဆိုင်းခဲ့ရတဲ့ ဒီအခွင့်အရေးကို ငါလက်လွှတ်ပြီး အဆုံးအရှုံးခံလိုက်ရပြီဆိုတာနဲ့ နောက် ဒါမျိုးဘယ်တော့မှ ငါ့အဖို့ ရလာတော့မှာ မဟုတ်ဘူး…။ မင်းကြောင့် ငါ ငါးနှစ်လုံးလုံး ထောင်ထဲမှာ ပေးဆပ်ရခဲ့တဲ့ ဒုစရိုက်ကြွေးအတွက် ဒီတစ်ခါ မင်းဆီက ပြန်ဆပ်နိုင်းရတော့မယ်…။ ဘာပဲပြောပြော ငါသတ်လိုက်လို့ မင်းသေသွားလည်း ငါဟာ ကိုယ့်ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ထောကွယ်မှုဆိုတဲ့ အကာအကွယ်တစ်ခုကို ရနိုင်ပြီးသားပဲ"

"ဗန်ဒါလင်က ကိုယ့်လူဟာ ပွိုင့် ၃၈ ဘိုလ်အမေ့တိုမက်တစ် သေနတ်ကို စွဲစွဲမြဲမြဲကိုင်တတ်တယ်ဆိုတာ လေ့လာခဲ့တယ်လေ။ မောင်ရင့်ကို ကျူပ်ပစ်သတ်ပြီးတာနဲ့ ကျည်ဆန်တစ်တောင့်လျော့နေတဲ့ အဲဒီသေနတ် အမျိုးအစားကို မောင်ရင့်လက်ထဲထည့်ပေးလိုက်ရုံပဲပေါ့။ မောင်ရင်က ကျူပ်ကိုလှမ်းအပစ် ကျူပ်ကလည်း မောင်ရင့်ကို ပြန်ခုခံကာကွယ်ရင်း ထိမှန်သွားရတယ်ပေါ့။ ဘယ်နှယ့်လဲမပိုင်ဘူးလားကွ။ ဟင်း… ဟင်း"

မာနီသည် အလွန်မိုတို့ထံ သေသေချာချာ ချိန်ရွယ်လာခဲ့ရာမှ မောင်းကွင်းခလုတ်ကို ညှစ်ချသည်။

ဒိုင်းခနဲဟူသော ပေါက်ကွဲမြည်ဟည်းသံအဆုံး အလွန်မိုသည် ကားခနဲဖြစ်ကာ ကြမ်းပြင်ပေါ်တုံးခနဲ ပစ်လဲကျသွား၏။ သူကိုယ်သည် ပြင်းထန်သောဝေဒနာကို တွန့်တွန့်လူးခံစားနေရသယောင် တွန့်လိမ်ရှုပ်ရှားနေခဲ့၏။ သူ့ဦးခေါင်းမှတစ်ဆင့် ဖြာဆင်းလာသောသွေးများသည် အရောင်မှောင်တောက်ရှိနေသော ကော်ဇောခင်းကို အနီရောင်လွှမ်းကြက်သွားစေသည်။

သည်တာဒင်္ဂမှာပဲ ဗန်ဒါလင်သည် အခန်းအကွယ်တစ်ခုဆီမှ ထွက်ပေါ်လာခဲ့သည်။

"နောက်ဆုံးတော့ တို့လက်ထဲမှာ သားကောင်ဘဝရောက်ရတော့တာပဲ မဟုတ်လား"မာနီကရေရွတ်ရင်း "ကဲ…ကဲ…ပွိုင့် ၃၈ သေနတ်ကို အလွန်မိုလက်ထဲအမြန်ထည့်လိုက်…။ ပြီးတော့ အနီးအနားက ရဲစခန်းဆီကိုပြေး"ဟု ညွှန်ကြား၏။

ဗန်ဒါလင်သည် မာနီစေခိုင်းသကဲ့သို့ လုပ်ရှားဖြစ်ခဲ့သည်။ အလွန်မိုမိုက်သဘာစ်၏ ဖရိုဖရဲ ကားကားရားရားကြီးရှိနေသော လက်ထဲသို့ ပွိုင့် ၃၈ သေနတ်ကိုထည့်ပေးသည်။ ပြီးတော့ မာနီအနီးသို့သွားရပ်ပြီး နှစ်ယောက်သား အလွန်မိုဆီကြည့်နေသည်။





"ဒုစရိုက်လောကမှာ သူ့ကိုယ်သူ ဖုံးကွယ်ပြီး လည်လွန်းပါတယ်ဆိုတဲ့ အလွန်မိုရဲ့ဘဝဟာ ဇာတ်သိမ်းမလှမပ လှပါလားနော်"

မာနီက သရော်သလိုပုံစံဖြင့် ရေရွတ်သည်။

သည်နှယ် ရေရွတ်နေစဉ်မှာပင် အလွန်မိုမိုက်သဘာစ်သည် လဲလျောင်းနေရာမှ ထလာသည်ကို နှစ်ယောက်သားတွေ့မြင်ပြီး အံ့အားသင့်သွားကြသည်။ အလွန်မိုက လက်ထဲမှ ပွိုင့် ၃၈ ဘိုလ်သေနတ်ဖြင့် သူတို့နှစ်ယောက်ထံလှမ်းချိန်သည်။

"တစ်လက်မလေးတောင်မှ မရွေ့မိကြနဲ့နော်…။ ဒီအထဲမှာ ကျည်ဆန်ကိုးတောင့်ပဲ ထားခဲ့တာကို မင်းတို့တွေ သတိရမှာပေါ့နော်…။ မင်းတို့အတွက်ကွဲ ဒီတစ်ကြိမ်လည်း ကုသိုလ်ကံက မျက်နှာသာပေးတော့မှာ မဟုတ်ဘူးဆိုတာ မင်းတို့နားလည်နိုင်လောက်ပြီးပေါ့…။ အေး… မင်းတို့သိထားဖို့က မင်းတို့အိမ်ထဲကို ဒီကနေ့ညဘက်က ငါတစ်ခေါက် ရောက်ခဲ့သေးတယ်လေ…။ မင်းတို့ရဲ့အိပ်ခန်းထဲမှာ သေနတ်နှစ်လက်တို့ အံဆွဲထဲထည့်ပြီး ပြင်ဆင်ထားတာဟာ အစီအမံမှာယ်သိပ်မရှိးသားဘူးလို့ ငါတွေးမိခဲ့တယ်။ ဒါကြောင့် ငါနဂိုကတည်းက အသင့်ယူလာခဲ့တဲ့ ဗလာကျည်ဆန်သေနတ်ကို မင်းရဲ့ကျည်ဆန်အစစ်နဲ့ ကြိုတင်လဲလှယ်ထားခဲ့လိုက်တယ်ဆိုပါတော့။ မင်းတို့ဟာ ငါသေသွားတာနဲ့ ကျည်ဆန် တစ်တောင့်လျော့နေတဲ့ ပွိုင့် ၃၈ ဘိုလ်သေနတ်ကို မင်းတို့ အကြံအစည် အတိုင်း လက်ထဲမှာထည့်ပေးတော့မယ်ဆိုတာ ငါ သိနေတယ်လေ"

"အင်း… ပိုင်ပါပေ့ကွာ…။ ငါတို့ကတော့ မင်းတကယ်ပဲ ဒီတစ်ကြိမ်သေပြီလို့ အောက်မေ့လိုက်တာ… သွေးတွေတောင် ခေါင်းကနေ ထွက်ပြခဲ့တယ်မဟုတ်လား"

"ဒါကတော့ကွာ…။ တစ်သျှိုလင်လောက်ပေးလိုက်တာနဲ့ ရုပ်ရှင်ရိုက်သမားတွေဝယ်တဲ့ဆိုင်က သွေးအတုတွေ ဝယ်လို့ရတာပဲဥစ္စာ



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ ခွလိုကြံစည်လာမယ်ဆိုတာသိလို့ ကြိုတင်ပြင်ဆင်ခဲ့ရတာပေါ့…"

ထို့နောက် အလှန်ဇို က ဆက်၏။

""မီးခံသေတ္တာထဲက အဖိုးတန်ရတနာတွေကိုတော့ ငါ့ကို မင်းတို့ဆင်ခဲ့တဲ့အကြောင်းတွေကြောင့် လျော်ကြေးအဖြစ် သိမ်းသွားရတော့မယ်။ အဲ… နှစ်ယောက်စလုံး လက်ကိုမြှောက်ပြီး ဟိုဘက်အခန်းကို သွားနေကြ…။ ယီးတီးယားတားလုပ်ဖို့တော့ စိတ်မကူးကြနဲ့ …။ ဒီသေနတ်ထဲက ကျည်ဆန်တွေကတော့ အစစ်တွေဆိုတာ မင်းတို့ သိကြပါရဲ့နော်"


မာနီ၏မျက်နှာသည် ဒေါသကြောင့်နီမြန်းလျက် ရှုံ့မဲ့မဲ့ကြီး ဖြစ်သွားရသည်။ ဗန်ဒါလင်မှာ သူ၏ပေါ့လျှော့သွားမိသည့် လုပ်ကွက်များကြောင့် ရှက်လည်းရှက်၊ ဒေါသလည်းထွက်နေ၏။ အလှန်ဇိုမိုက်သဘစ်အဖို့မူ သူတို့ဆင်ထောင်ထားသော ရတနာများကို စိမ်ပြေနပြေပင် သိမ်းပိုက်ခွင့်ရလာဖြစ်သည် ဆိုပါတော့။

"ကဲ… သွားတော့မယ်… ဟေ့…။ မီးခံသေတ္တာသော့ကိုလည်း သေသေချာချာ ပြန်ပြီးပိတ်ထားပေးခဲ့တယ်။ အင်း… အဲဒီသေတ္တာကို မင်းတို့ပြန်ဖွင့်ဖို့ ကြိုးစားနေချိန်မှာ ငါလည်း ဟိုအဝေးတစ်နေရာဆီကို ရောက်သွားပြီဆိုပါတော့။ ဒီနေ့ညတော့ ငါ့မိတ်ဆွေတွေနဲ့ စုပေါင်းပြီး အောင်ပွဲခံရတော့မယ့်နေ့ပဲဟေ့။ သူတို့တစ်တွေလည်း ဘယ်လောက်ပျော်လိုက်ကြမယ်ဖြစ်ခြင်း။ သူတို့ကို ငါ ဒီကနေ့ညကျရင် အလှန်ဇိုမိုက်သဘစ်ဆိုတဲ့ ငါတစ်ယောက် ဘယ်လိုအသတ်ခံလိုက်ရတယ်ဆိုတာ ပုံပြင်ဆန်ဆန် ပြောပြရတော့မယ်ဟေ့…။ ဟား… ဟား… ဟား"

ထို့နောက် အလှန်ဇိုသည် ထိုသူနှစ်ယောက်အား အထဲသို့သွင်းလိုက်ပြီး အပြင်မှ သော့ပါခတ်သွားခဲ့ပေသတည်း။ ။

ဖြင်တွင်းစုံမဂ္ဂဇင်း။





# ကြိုပြက်မှေ့တဲ့စိန်ကြီး

"စင်စစ်စိန်သည် ကောင်းကျိုးထက်ဆိုးကျိုးကိုသာ ပို၍ပေးသည့် ပစ္စည်းဖြစ်သည်။ ရွှေထက်သော်လည်းကောင်း၊ အခြားရတနာများထက် သော်လည်းကောင်း ပို၍အကုသိုလ်တရားကို ဖန်ဆင်းလေ့ရှိသည်။ စိန်နှင့်ပတ်သက်၍ စိတ်ပျက်ခြင်းနှင့်ရင်းရခြင်း…၊ ရင်နာခြင်းနှင့်ရင်းရခြင်းဆိုသည့် ဂန္ထဝင်မြောက် အဖြစ်အပျက်များက…



www.burmeseclassic.com

www.burmeseclassic.com



တောင်ပိုင်းအမေရိက တောအုံချုံကြား ရေလမ်းခရီးမှတစ်ဆင့် နေပူကျဲကျဲတောက်ပူပြင်းသည့် အနောက်အာဖရိကသို့သွားကြသူများ၊ ဗီလာဒယ်ပီးယားမှနေ၍ ပဲရစ်သို့ ကုန်းကြောင်းခြေလျင်ခရီး နှင်ခဲ့ကြသူများ၊ စထရင်းကတစ်ဆင့် စင်ကာပူ…။ ဘာလင်မှနေ၍ဘာဆာ… သည်ဖြင့် စွန့်စားကြိုးပမ်းသွားလာလျက်ရှိသော လူအချို့အချို့တို့သည် တစ်ရာသီတွင် ရုတ်တရက်မယုံနိုင်စွာ ချမ်းသာခြင်းကြီးမားလာကြသလို… ရုတ်တရက်အသေဆိုးနှင့် ဘဝပြောင်းသွားရသည်လည်း ရှိခဲ့သည်။ ထိုသို့ ဘဝပြောင်းသွားကြသည့် လူအချို့အချို့တို့၏ နှုတ်များမှာ ကြားရလေမည့် ထူးဆန်းသောစကားတစ်ခုမှာ 'စိန်'…။

စိန်သည် အလိုလောဘကြီးသူတို့၏ စိတ်ဝင်စားမှုကို ခံလာရရုံသာမက ဘဲ…ရိုးရိုးကြီးပွားချမ်းသာသူတို့၏ တပ်မက်မှုကိုပါ ခံရသည့် အရာဝတ္ထုတစ်ခုဖြစ်ခဲ့သည်။ စိန်ကို အကဲဖြတ်ကျွမ်းကျင်၍ အရောင်းအဝယ်တစ်ခုလုံးကို လက်ဝါးကြီးအုပ်ဖို့ ကြိုးစားသောအဖွဲ့အစည်းမှာ ဒီဘီးရားစ်ကော်ပိုရေးရှင်း De Beers Corporation လုပ်ငန်းစုကြီးဖြစ်ပါတော့သည်။ ထိုကုမ္ပဏီကြီးသည် မဲသမာသူလူတန်းစား အမျိုးစုံ

www.burmeseclassic.com



နှင့် ရင်ဆိုင်ခဲ့ရသလို…တရားဥပဒေ၏ ပိုက်ကွန်အကြားမှလည်း အလွတ်ရုန်းနိုင်သည့် အကွက်များဖြင့် ကြုံကြုံခဲ။ အတိမ်းနှင့်အရှောင်များဖြင့် ကံကိုညာဏ်ကစားမှု ပြုခဲ့ကြသည်။

စိန်ကို နေ့စဉ်နှင့်အမျှ သိပ္ပံနည်း၊ ဓာတုဗေဒနည်းလမ်းများဖြင့် မြေကြီးအောက်မှ ဖော်ထုတ်ယူဖို့ အပွန်းကြီးနေကြသူများ ရှိနေခဲ့သလိုပင်… သတင်းစာများတွင် မကြာမကြာ ပါရှိခဲ့သည့်နှယ် အကောက်ခွန်လက်မှ မလွတ်နိုင်ခဲ့ကြသည့် အဖြစ်ဆိုးများနှင့် ရင်ဆိုင်ရသည်များလည်း ရှိခဲ့ကြသည်။ တစ်ဖက်က စွန့်စားထိုးဖောက်ဖြတ်သန်းဖို့ အားထုတ်ကြသူများ၊ အခြားတစ်ဖက်မှ ကယ်ပေါက်ပိတ်လျက် ထောင်ချောက်ဆင်ဖမ်းသူများနှင့် 'ပြေးသူနှင့်လိုက်သူ' အကြားတွင် 'စိန်' သည် ထာဝရ ရပ်တည်ခဲ့ရသည်မှာ အမှန်။

မကြာလှသော ကာလတစ်ခုက ပထမဦး စိန်အရောင်းအဝယ်သမားတစ်ဦး တရားမဝင်သောစိန်ကြောင့် ထောင်နန်းစံသွားရသည်။ သူ နှစ်စဉ်ဝယ်ယူနေသော ကာလပေါက်ဈေး ဒေါ်လာသုံးသန်း တန်ဖိုးရှိ စိန်မှာ ကန့်သတ်တားမြစ်ထားသော ကုန်ပစ္စည်းများဖြစ်နေသည်။ သူ့အဖို့ ထိုမျှလောက်သောပစ္စည်းမှာ အသေးအဖွဲ။

စင်စစ် စိန်သည် ကောင်းကျိုးထက်ဆိုးကျိုးကိုသာ ပို၍ပေးသည့် ပစ္စည်းဖြစ်သည်။ ရွှေထက်သော်လည်းကောင်း၊ အခြားရတနာများထက် သော်လည်းကောင်း ပို၍အကုသိုလ်တရားကို ဖန်ဆင်းလေ့ရှိသည်။ စိန်နှင့် ပတ်သတ်၍ စိတ်ပျက်ခြင်းနှင့်ရင်းရခြင်း…၊ ရင်ခုန်ခြင်းနှင့်ရင်းရခြင်း ဆိုသည့် ဂန္ထဝင်မြောက် အဖြစ်အပျက်များက ဒုနှင့်ဒေးပါပင်။ ၁၈၇၀ ပြည့်နှစ်လောက်တွင် ဂျာဂါး (စ်)ဖောင်တိန်ဆိုသော နယ်မြေ၌ ကမ္ဘာ့အကြီးမားဆုံးဆိုသည့် စိန်တွင်းများရှိခဲ့သည်ဆို၏၊ တစ်နေ့၊ ထိုအရပ်ဒေ





အာဖရိကတိုင်းရင်းသား ဂျင်းမ်ဖလောဝါဒ်ဆိုသူအား အီလယာဇ်စထ ရောင်းဆိုသည့် စကော့တ်လူမျိုးက စိန်ခိုးယူပေးဖို့ လာရောက်မြူဆွယ် ခြင်းပြုသည်။ ထိုသို့ရရှိသည့်စိန်ကို တစ်ယောက်တစ်ဝက်ခွဲယူမည်ဟု ကတိစကားပါ ဆိုခဲ့သည်။

စထရောင်းသည် တိုင်းရှန်းဘဲလ်ဆိုသူ ပိုင်ဆိုင်သည့် 'မိုင်း' တွင် အလုပ်သမားတစ်ယောက်။ ဂျင်းမ်ဖလောဝါဒ်က ယုံစားလွယ်ခဲ့ရာကတစ်ဆင့် ၃ ကရက်ခန့်ရှိမည့်စိန်ကြီးကို တိတ်တဆိတ် ခိုးယူဖွက်ပေးလာခဲ့သည်။ စထရောင်းက ထိုစိန်ကိုသိမ်းပိုက်လိုက်လျက် မနက်ဖြန်ကျလျှင် ဒူရဲဘန်ကတစ်ဆင့် ဟော်လန်သို့ သွားရောက်ဖို့နှင့် ဟိုကျမှပင် ပစ္စည်းကို ခွဲဝေကြမည့်အကြောင်း အစီအစဉ်များချပြခဲ့သည်။

ထိုအစီအစဉ်အတိုင်း ခရီးထွက်လာကြရာမှ တစ်ညတာကို လွန်မြောက်၍ နံနက်မိုးအလင်း စထရောင်း ပျောက်ချင်းမလှပျောက်နေသည်ကို ဖလောဝါဒ်သိလိုက်ရတော့သည်။ စထရောင်း သံစွာဖောက်၍ တစ်ပြေးသွားလေပြီမှန်း သူ ချက်ချင်းနားလည်ဖြစ်ခဲ့သည်။ ထိုနယ်သား အာဖရိကဖြစ်သည့် ဖလောဝါဒ်သည် ဒူရဲဘန်သို့တစ်ခေါက် ပြန်လှည့် ရှာဖွေခဲ့သော်လည်း အကြံအစည်သမားစထရောင်းကို ပြန်မတွေ့နိုင်ဘဲ ဖြစ်ခဲ့ရသည်။ သူသည် ကျေးပ်တောင်းသို့ ခြေလျင်နှင့်ပင် ခရီးနှင်လာခဲ့ပါ၏။ မိုင် ၃၀၀၀ထက်ကျော်လွန်သော ခရီးတစ်ခုကို မရောက်ရောက်အောင် လျှောက်လှမ်းမည်ဟု ကြံရွယ်ခိုက်မှာပင် မမျှော်လင့်ဘဲ အတိမ်းအရှောင်သမား စထရောင်းအား ဒတ်ချ်လူမျိုးပိုင် 'ဘီတန်ဆော့' သင်္ဘောကြီးပေါ်တွင် သွားတွေ့လိုက်ရသည်။ သူသည် တိမ်းရှောင်သမား စထရောင်းအား သူရောက်လာသည်ကို အသိမခံဘဲ… စိန်များပြန်ယူဖို့ ရည်ရွယ်ချက်နှင့်အတူ သင်္ဘောမှာ အလုပ်တစ်ခုခုရဖို့ လမ်းရှာဖွေခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ များမကြာမီ…သင်္ဘော ရေလမ်းခရီးမှ ဖြတ်သန်းလာစဉ် သူသည် စထရောင်း၏ ကောင်အခန်းတွင်းသို့ ခြေသံလုံလုံဖြင့် ဝင်ရောက်ခဲ့၍ ချွန်မြသောဓားဖြင့် ဝမ်းပိုက်ကိုထိုးခဲ့ရာမှ သစ္စာဖောက်တို့ သွားရာလမ်းသို့ မြန်းနိုင်းလိုက်ပါသည်။ ထို့နောက် သူ့စိန်တုံးကြီးကို ကောက်သိမ်းဖြစ်ခဲ့သည်။

သူသည် လူသတ်မှုနှင့် အဖမ်းခံလို့မဖြစ်သည်မို့ အဝိဇ္ဇာဏကမဲ့ ခန္ဓာကိုယ်ကြီးအား ကောင်ခန်းထဲက သေတ္တာကြီးတစ်လုံးတွင် ထိုးသိပ်ထားခဲ့သည်။ ဒတ်ချ်လူမျိုး သင်္ဘောသားဝီလမ်ဘူလ်တာက သူ့အတွက် နေစာညစာကို နှစ်ရက်ခန့် လာရောက်ပို့ဆက်သည်။ သင်္ဘောကြီး၏ ခရီးသည် အမ်စတာဒမ်တွင် ဆုံးမည်ဖြစ်သည်။ သူက လက်ဝယ်မှ စိန်တုံးကြီးအား ဒတ်ချ်သင်္ဘောသားကို ပြမိသွားသည်။

“ဒီပစ္စည်းကို ကာကွယ်ဖို့ အကူအညီပေးနိုင်မလား။ မင်းကိုလည်း တစ်ဝက်ဝေစုပေးမယ်လေ”

ဘူလ်တာက ထိုအပေးအယူကို လျှင်မြန်စွာပဲ သဘောတူသွားသည်။ ကမ်းခြေနှင့်နီးလာသည့် ထိုနေ့ ညဘက်မှာပင် ဒတ်ချ်သင်္ဘောသားက ကြမ်းအောက်မှတစ်ဆင့် ရေထဲဆင်းနိုင်သည့် ကြမ်းတံခါးကို သူ့အတွက်ဖွင့်ပေးခဲ့သည်။ ပြီးတော့ သူကိုယ်တိုင်ပါ ရေထဲခုန်ချလိုက်သည်။ ဖလောဝါဒ်သည် အာဖရိကတိုင်းရင်းသားပီပီ ရေကူးရာတွင် ကျွမ်းကျင်ခြင်းရှိသည်။ ဒတ်ချ်သင်္ဘောသားထက် ရှေ့သို့အပြန်ကွာအောင် ကျော်ရောက်ခဲ့သည်။ ဒတ်ချ်သင်္ဘောသား ဘူလ်တာသည် စိန်တုံးကြီး ထည့်ထားသော ရှုံ့အိတ်ကြီးကို လည်ပင်းတွင်သိုင်းလွယ်ခဲ့သည်။

ဖလောဝါဒ်သည် ကမ်းထိပ်မှရပ်၍ ထိုသင်္ဘောသားအရောက်ကို စောင့်ကြိုနေလိုက်သည်။ သို့သော် သင်္ဘောသား ကမ်းထိပ်သို့ ရေ





ထဲမှတစ်ဆင့် အားပြုတက်လာစဉ်တွင် ဖလောဝါဒ်၏ ဓားရှည်သည် လည်ပင်းထဲသို့ နစ်မြုပ်စိုက်ဝင်ခဲ့တော့သည်။

သင်္ဘောပေါ်က မာလိန်မှူးသည် အမ်စတာဒမ်ဆိပ်ကမ်းသို့ အဆိုက် လူစစ်၍ရေတွက်ခဲ့သည်။ လူနှစ်ယောက်လျော့နေကြောင်း တွေ့ရသည်။ သူ၏ သင်္ဘောသားဘူလ်တာအား ပုပ်ပွနေသောအလောင်း အဖြစ် နောက်ထပ်ခြောက်ရက်ကြာတော့မှပင် ရေစီးမြောင်းတစ်ခုတွင်မှ သွားတွေ့ဖြစ်ခဲ့သည်။

ဖလောဝါဒ်က စိန်တုံးကြီးကို စိန်သမားတစ်ဦးထံ ကြေးမြင့်မြင့်နှင့်ရောင်း၏။ ထိုစိန်သမားကတစ်ဖန် အခြားသူတစ်ဦးဆီ ဒေါ်လာ ၄၀၀၀နှင့် ဖလှယ်လိုက်ပြန်သည်။

ထိုသတင်းက စိန်၏တွင်းပိုင် တိုင်းရှန်းဘဲလ်၏ နားတွင်းသို့ ပေါက်ကြားခဲ့ရ၍ အချိန်မဆိုင်းဘဲ ဟော်လန်သို့ လိုက်လာရသည့်အဖြစ် ကိုရောက်သည်။ ထိုစိန်တို့ပိုင်ဆိုင်သူအဖြစ် ကြွေးကြော်၍ တောင်းယူဖို့ ဝင်ဖြစ်သည်။ စိန်ကြီးသည် လူငါးဦး၏လက်သို့ပင် ပြောင်းလာခဲ့လေသည်။ နောက်ဆုံးပိုင်ဆိုင်သူ စိန်ပွဲစားမှာ ‘ဒီဂျန်’ ဆိုသူဖြစ်၍ သူသည်လည်း မကြာမီ မရဏလမ်းသို့ မလတ်ဆတ်သောအဖြစ်နှင့် ကြွမြန်းသွားရရှာပြန်ခဲ့သည်။ အလားတူ နောက်ထပ်လက်ဝယ်သိမ်းပိုက်ခဲ့ရသော စိန်တုံးဝယ်လက် ‘ဝိရှုတ်’ အား လည်ပင်းကို လှီးဖြတ်ထားခဲ့သော အခြေအနေဆိုးတစ်ရပ်နှင့်အတူ…။

ကြိုးလ်မွှေသောစိန်သည် သတ္တာမခြောက်ဝယ်သား ဂျန်ဗဲ့လ်ကင့်၏ လက်ထဲသို့ အရှည်၅၁ကရက်ရှိသည့် စိန်အဖြစ်ရောက်ရှိဖြစ်သည်။ မွှေထုတ်ချေပေးသူ ‘ရှိဆူး’ နှင့်အတူ အရောင်းနယ်မြေသို့ အတူတကွ ထွက်အလာ လမ်းတွင်အတိုက်အခိုက်ခံခဲ့ရပြန်သည်။ သို့သော် ရှိဆူး



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးလျက် ဂျန်မှဲ့လ်ကင့်တဘော့ ဒဏ်ရာနိုင်းချင်းဖြင့် ထွက်ပြေးခဲ့သည့်အဖြစ်မျိုး····။

ကံကောင်းသည်မှာ စိန်တုံးကြီးက ရန်သူ့လက်ထဲ ပါမသွားဘဲ ဂျန်မှဲ့လ်ကင့်က ထိုဂြိုလ်မွှေသည့်စိန်တုံးကြီးကို အခြားဝယ်လက်ဖြစ်သည့် စီတီလပ်စကီးအား ဒေါ်လာနှစ်သောင်းငါးထောင်နှင့် ပြန်ထုခဲ့သည်။ ထိုအချိန်မှာပင် မူလပိုင်ရှင်ဖြစ်သော တိုင်းရွှန်းဘဲလ်သည် နယူးယောက်တရားရုံးတော်ကြီးသို့ သူပိုင်စိန်တုံးဖြစ်သည့်အကြောင်း တင်ပြလျှောက်ထား တရားစွဲဆိုဖို့ စိုင်းပြင်းခဲ့တော့သည်။ ထိုအမှုအား ၁၉၅၃ ခုနှစ်မှာပင် နယူးယောက်မြို့၌ စတင်စစ်ဆေးခြင်းပြုဖြစ်ခဲ့သည်။

စီတီလပ်စကီးက အထောက်အထား လုံလောက်မှုမရှိသော မူလပိုင်ရှင်တိုင်းရွှန်းဘဲလ်အား ပြန်လည်ထုချေလျှာတင်လာခဲ့သည်။ သို့သော် တိုင်းရွှန်းဘဲလ်သည် လူညံ့တစ်ဦးကား မဟုတ်ခဲ့ပြီ။ တောင်အာဖရိကမှ တစ်ဆင့် အယောက်၁၂၀သော မျက်မြင်သက်သေ···၊ ဥရောပနှင့် ယူနိုက်တက်စတိတ်မှ အခြားအားကောင်း ရှေ့နေများပါမကျန် သူ့ဘက်မှအနိုင်ရဖို့ စစ်ကူယူလာခဲ့သည်။ ထိုအမှုသည် ရှေ့နေအယောက်လေးဆယ်တို့နှင့်အတူ နှစ်ဆယ့်သုံးနှစ်တိုင်တိုင် စစ်ဆေးယူရသော မှုခင်းကြီးအဖြစ်သို့ ကမ္ဘာ့တစ်ခွင်တွင် ရာဇဝင်တွင်ခဲ့ရတော့သည်။

တိုင်းရွှန်းဘဲလ်သည် သူ့ဘက်မှအနိုင်ရယူနိုင်ဖို့ ဒေါ်လာနှစ်သိန်းထက်မက အကုန်အကျခံခဲ့၏။ ဝယ်လက် စီတီလပ်စကီးကလည်း ကုန်ကျငွေတစ်ဝက်လောက် ရင်းနှီးလိုက်ရပြန်ခဲ့သည်။ တိုင်းရွှန်းဘဲလ်ဘက်က ကံဆိုးမှုတစ်ခုမှာ ဖလောဝါဒ်နှင့်ဂျန်မှဲ့လ်ကင့်တို့ကို ကွင်းဆက်မရသည့် အမှားပင်ဖြစ်ခဲ့ပါသည်။ ထိုစိန်ကြီးအား သိမ်းပိုက်ခွင့်ရသူမှာ စီတီလပ်စကီးဖြစ်သွားရသည်။





စိန်သည် လူတွေ၏ မြတ်နိုးမှုနှင့်အလိုရမ္မက်ကြောင့် "ထိမိုက်မှု" များဖြစ်ခဲ့ရလေသလား····။ သို့မှမဟုတ်··· ဂြိုလ်မွှေသည့် အလေ့အထကြောင့် အန္တရာယ်များဖြစ်ပွားရလေသလား···· ဧည့်သူ၌ တစ်ခုခုသေချာ မပြောနိုင်ခဲ့ပြီ။

* * * * *

ယခုအခါ လှပသော မိန်းကလေးများသည် စိန်များကူးသန်းတတ်သည့် အလေ့အထများရှိလာခဲ့ပြီ။ သူတို့၏ လှပခြင်းကိုအကြောင်းပြု၍ အစောင့်အကြပ်များအပေါ် မျက်စိလှည့်၊ မျက်လှည့်ပြတတ်သည်ဟု ပြောစမှတ်ဖြစ်နေသည်။ အထူးသဖြင့် ဆားကုန်သည်ဟန်ဆောင်လျက် ဆားများအောက်မှ စိန်တုံးများကို မြှုပ်ဝှက်ယူသွားတတ်ခြင်းဖြစ်သည်။

မည်သို့ပင်လှစေကာမူ··· အခိုက်မသင့်က အမိခံရကြသည်သာ။ လွန်ခဲ့သည့်နှစ်နှစ်လောက်က····၊ အမျိုးသမီးလှလှတစ်ဦးသည် ဂျိုဟန်နက်စ်ဘက်မြို့ ပါလ်မီယုတ်ဖွန်တိန် နိုင်ငံတကာလေဆိပ်ကြီးသို့ အရှေ့အာဖရိက၊ ပေါ်တူဂီနိုင်ငံမှတစ်ဆင့် ဆိုက်ရောက်လာခဲ့သည်။

ထိုမှတစ်ဖန် မီးရထားဖြင့် လိုရင်ကိုမားကတ်စ်သို့ ခရီးဆက်သည်။ ပြီးနောက်···ဒူရဲရ်ဘန်သို့ ရေကြောင်းဖြင့်ခရီးထွက်ပြန်၏။ ထိုအမျိုးသမီးသည် လေယာဉ်၊ မီးရထား၊ သင်္ဘောတို့ဖြင့် ယာဉ်အမျိုးမျိုး ပြောင်းစီးရင်း သွားလာမှုပြုနေသည်။

ထိုအမျိုးသမီးသည် ထိုနည်းနှင်နှင် တစ်နှစ်ခန့် ခရီးစုံထွက်နေသည်ကို အစောင့်အကြပ်တို့က သတိချပ်လာခဲ့ကြသည်။ သို့သော်··· မြင်တွေ့မှတ်မိနေဟန်မပြ···။ အမှတ်တမဲ့သော စောင့်ကြည့်ခြင်းဖြင့်သာ နေခဲ့သည်။ ထို့နောက် မှုခင်းထောက်လှမ်းရေးအဖွဲ့ရုံးသို့ ထိုအမျိုးသမီး၏သတင်းကို လျှို့ဝှက်စွာပေးပို့လိုက်တော့သည်။ အစောင့်အကြပ်တို့



www.burmeseclassic.com

www.burmeseclassic.com



မသင်္ကာဂိသည်က ထိုအမျိုးသမီးလှလှသည် မှုးယစ်ရောင်းဝယ်မှုအဖွဲ့ အစည်းအချို့နှင့် အဆက်အသွယ် လုပ်နေသည်ပင်ဖြစ်မည်ဟု။

မျှားမကြာမီ ထိုအမျိုးသမီး သွားလေရာနောက်သို့ အရိပ်တစ်ရိပ် ကပ်ပြီးလိုက်ပါနေခဲ့သည်။ နောက်ဆုံး ထိုအမျိုးသမီးသည် လိုရင်ကိုမား ကတ်စ်သို့ တက္ကစီတစ်စီးနှင့်ထွက်လာခဲ့ပြီး အရောင်းအဝယ်လုပ်ဖို့ တစ်နေရာကို ဝင်ခဲ့ဟန်ရှိသည်။ ကိစ္စဝိစ္စပြီးစီးသွားဟန်ဖြင့် လေဆိပ် လေယာဉ်ပစ္စည်း ရှာဖွေခန်းသို့အဝင် ထောက်လှမ်းရေးရဲမေများ၏ ရှာဖွေ စစ်ဆေးမှုကို ကြုံလိုက်ရသည်။ ထိုအခါ ထိုအမျိုးသမီးလှလှထံမှ မူးယစ် ဆေးဝါးများမတွေ့ရဘဲ ကာလပေါက်ဈေး ဒေါ်လာငါးသောင်းခန့် တန်ဖိုး ရှိမည့် 'စိန်' များကိုသာ လက်ဝယ်ရရှိဖြစ်လိုက်တော့သည်။ ထိုအမျိုးသမီး လှလှခမျာ ပေါ့လျော့မှုပါသော အလိုရမ္မက်စိတ်ကြောင့် ထောင်ဒဏ် တစ်နှစ်ကျခံမှုနှင့်အတူ ဒေါ်လာ ၅၀၀ပါ ဒဏ်ငွေတပ်ခံလိုက်ရပါ၏။

ရှေးခေတ်ဟောင်း နည်းလမ်းတစ်ခုဖြစ်သည့် 'စိန်' တုံးကို အမျိုး မျိုးပုံးအုပ်၍ ဗိုက်ထဲမျိုကာ ဝှက်ယူသွားခြင်းမျိုးသည် ဤမှာဘက် ခေတ်ကာလတွင်မူ အရာမရောက်တော့ပြီ။ အချို့တို့သည် ခြေမှအသားတို့ ကို အနာခံကာခွဲ၍ အပေါက်ထဲတွင် စိန်တုံးကိုမြှုပ်ပြီး အပေါ်မှဒဏ်ရာ ကို ပြန်ချုပ်သွားတတ်သည်။ ထိုစနစ်တို့သည် ယခင်က မြှုပ်ဝှက်ရာတွင် အောင်မြင်ကောင်းအောင်မြင်မည်ဖြစ်သော်မည့် ယခု သိပ္ပံထွန်းကားနေ သည့်ခေတ်တွင်မူ… အထမမြောက်သည့်အဖြစ်သို့ ဆိုက်ရောက်ခဲ့ရပြီမှာ အမှန်ပင်။ ။

***Ref : The Wide World Magazine***

*လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်း၊ ဖေဖော်ဝါရီလ၊ ၂၀၀၂။*





# ပုံထောက်ရှားလော့ဟုမ်း ဝင်စားလေသလား

***Sherlock Holmes lives Again***
***by James Slewast Gordon.***

"ကမ္ဘာပေါ်မှာရှိတဲ့ ကွန်ပျူတာတွေအားလုံးထဲက စက်ခလုတ် ခေါင်းလောင်းတွေအားလုံး သူ့ကိုယ်မှာ တပ်ဆင် ထားလိုက်သလိုပဲ၊ သူတစ်ခုခုကို အာရုံစူးစိုက်ပြီး စဉ်းစားလိုက် တာနဲ့ ဒက်ခနဲ အဖြေချက်ချင်းပေါ်သွားတာချည်းပဲ၊ ဒေါက်တာ ဆင့်ဆန်ဆိုတဲ့ပုဂ္ဂိုလ်ဟာ အမြဲတမ်းခေါင်းလောင်း အဆက်မပြတ် မြည်နေတဲ့ လူတစ်မျိုးပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှနိုင်ငံမှ ပါမောက္ခဒေါက်တာကျေသ်ဆင့်ပ်ဆန်သည် အာရုံစူးရှသော သတ္တိတန်ခိုး ပိုင်ဆိုင်သူအဖြစ် ဒဏ္ဍာရီဆန်အောင်ဝင် သတင်းမွှေးခဲ့ပူး၏။

"မစ္စဂျူရုန့်ဒယ်ကွန်ဟာ နောက်ဆုံးတော့ ကျူပ်လက်ထဲက လွတ်နိုင်ပါရိုးတဲ့လား။ ငရဲမီးတွေရဲ့ တိုက်စားမှုအောက်မှာ အခုမှုန်မှုန့်ကြေသွားရတော့တာပဲ မဟုတ်လား"

အဆိုပါ စကားလုံးများနှင့် စကော့တလန်ယာဒ် စုံထောက်အဖွဲ့အား သရော်ပြောင်လှောင်၍ စိန်ခေါ်လာသူသည် လူဖလံလေးတစ်ယောက်သာ ဖြစ်ပါ၏။ အမည်နာမအားဖြင့်တော့ ဂျွန်ဟေး။

သူက ပြောင်ပြောင်တင်းတင်းပင် သူကျူးလွန်ထားသော အမှုအား ကမ္ဘာကျော်စုံထောက်အဖွဲ့သို့ ဖြောင့်ချက်ပေးလာလေပြီ။ သူ့သားကောင်မှာ မုဆိုးမဖြစ်နေသော ငွေကြေးချမ်းသာသူ မစ္စဂျူရုန့်ဒယ်ကွန်ပင်။ အင်္ဂလန်နိုင်ငံ၊ ကရော်လီမြို့မှ စတိုခန်းတစ်ခုအား ငှားရမ်း၍ နေထိုင်နေသူတစ်ဦးဆိုက မှားမည်မဟုတ်။ လူသူတ်တရားခံ ဂျွန်ဟေး၏



www.burmeseclassic.com

www.burmeseclassic.com



ကျည်ဆန်က နောက်စေ့မှဖောက်ဝင်လျက် အသက်ထုတ်နုတ်ခံလိုက်ရ သည့်အဖြစ်ရယ်။ အသက်ဝိညာဉ်ကင်းမဲ့သွားရသော ခန္ဓာကိုယ်ကို တစ်ဖန် သံမဏိသားစည်ကြီးထဲသို့သွင်း၍ ဆာလ်ဖြူရစ်အက်ဆစ် အမျိုးအစား ဇရဲမီးဖြင့် လူ၏ရုပ်အကောင်အထည်မှသည် အမှုန့်ဖြစ်အောင် ဖန်တီး၍ လက်စဖျောက်ရန် ကြိုးစားအားထုတ်လာခြင်းပါပဲ။ ထို့နောက် သူတ အကြွင်းအကျန်များအား မြေကြီးအမှုန့်ဖြစ်သည့်အထိ စောင့်ကြည့် နေပြီးမှ ထိုအရာများကို စတိုခန်းခြံဝင်းအတွင်းမှာပင် စည်ထဲမှသွန်ပစ် ထားခဲ့တော့သည်။

ဂျွန်ဟေးက သည်နှယ်လက်စဖျောက်လိုက်ရုံနှင့် ရုပ်အကောင် အထည် သက်သေတင်ပြမလာနိုင်သည့်အတွက် ဥပဒေဘက်မှ ဘာမျှပင် တတ်နိုင်လိမ့်မည်မဟုတ်ဟူ၍ ထင်မှတ်နေရှာ၏။ ထိုသို့နှယ် ဂျွန်ဟေး... တော့တလန်ယာဒ်ကြီးအပေါ် စိန်ခေါ်ပြီး သိပ်မကြာမင် ဆေးပညာရပ် ဆိုင်ရာ တရားရုံးရောက်မှုခင်းများနှင့် အတော်ကျော်ကြားနေသော လန်ဒန် မြို့တော်ဘက္ကသိုလ်ကြီးမှ ပါမောက္ခဒေါက်တာကေ့သ်ဆင့်ပ်ဆန်သည် ထို အမှုကို ဖော်ထုတ်ဖြေရှင်းရန် အဆိုပါနေရာဆီသို့ ဆိုက်ရောက်လာ ရတော့သည်။ သူ့ထီးချွန်ထိပ်ထိသည့်နေရာတွင် သဲလွန်စ ပစ်မလွဲနိုင် အောင် ရှိနေစမြဲဟူ၍။ ဒေါက်တာကေ့သ်ဆင့်ပ်ဆန်သည် အမြန်အဆန်ပင် ထုန်းတိုင်လိုက်ရင်း ထိုသေးသေးအရာနှစ်ခုကို ကောက်ယူ၍ သူ့မှန်ဘီလူး ပိုင်းကြီးဖြင့် လက်ဝါးပေါ်မှ ရုပ်အကောင်အထည်ကို ချုံကြည့်လိုက်ရ-

“အလိုလေး... ဒါဟာ လူ့ရဲ့သည်းခြေထဲက ထွက်လာတဲ့ ကျောက်မှုန်လေးတွေပါပဲလား။ ဒီမြေတစ်ပိုက်ကိုပဲ လှန်ရှာရတော့မယ်”

ထိုသို့ သဲလွန်စရရှိသည့် နေရာတစ်ပိုက်ကို ရဲသားများ မွှေနှောက် ရှာဖွေခြင်း၏ နောက်ထပ်ရလာသော အကျိုးရလဒ်ကတော့ အနီရောင်





လက်ကိုင်အိတ်ကလေးအတွင်း ရောက်ရှိနေသည့် သွားအံပုံအတုက လေးပင် ဖြစ်နေတော့သည်။ ထိုအံဖုံးသွားအတုကလေး ပိုင်ဆိုင်သူမှာ အခြားမဟုတ် သားကောင်ဖြစ်ရရှာသော မစ္စဂျူရန်ဒယ်ကွန်သာပါဝင် တည်း။ သို့နှင့်ဓခြား တရားခံဂျွန်ဟေး၏ စတိုခန်းတွင်းမှာပါ ကျည်ဆန် တစ်တောင့်ဖြန့်းထားသော ပွိုင့်(၃၈)ကာလီဘာ အမျိုးအစား ခဲ့တို သေနတ်တစ်လက်ကိုပါ ရှာတွေ့လာရသည်။ မရှေးမနှောင်းဆိုသလို ရတနာကုန်သည်တစ်ဦးထံကပါ သေသူထံမှ ပျောက်ဆုံးနေသော ရတနာ အချို့ကို လက်ခံရရှိလိုက်သည်။ ထိုရတနာအချို့ကို လာရောက်ရောင်း သွားသူမှာလည်း တရားခံဂျွန်ဟေးကိုယ်တိုင်သာ ဖြစ်နေပါသည်ကော။ ထို့ပြင် သက်သေထူပြလာနိုင်ရုံနှင့်ပင် ဂျွန်ဟေးကျူးလွန်ထားချက်ကို့မှာ လုံလောက်သော အထောက်အထားများ ဖြစ်သွားရတော့သည်။ နောက်ဆုံး တော့ စုံထောက်များအားစိန်ခေါ်လေသူ ဂျွန်ဟေးခမျာ ရာဇဝတ်ဘေးမှ လွတ်မြောက်ခွင့်မရသည့် အဖြစ်မျိုးသို့သာ ဆိုက်ရောက်သွားရလျက် ကြိုးမိန့်ပြစ်ဒဏ်နှင့်အတူ ပြစ်မှုကြွေးကို ပေးဆပ်လိုက်ရပါ၏။

နောက်ပိုင်းတွင်...

ဒေါက်တာကေ့သ်ဆင့်ပ်ဆန်၏ ဖော်ထုတ်နိုင်မှု အားထုတ်ချက် များနှင့် မရင်းနှီးသေးသော စုံထောက်အရာရှိဘက်မှ မေးစရာမေးခွန်း တစ်ခုကား “သည်းခြေကျောက်စလေးတွေရလို့ ဒီအမှုကို ချည်တုပ်နိုင် ပြီး ကံကောင်းတဲ့အခွင့်အလမ်း ရှိလာတာတော့ မှန်ပါရဲ့။ ဒါပေမဲ့ အဲဒီ ကျောက်စလေးတွေဟာ မိန်းမတစ်ယောက်ဆီက ဖြစ်ရမယ်လို့ ခင်ဗျား ဘယ်လိုပြောနိုင်ခဲ့တာလဲ ဒေါက်တာ”ဟုပင် ဖြစ်နေသည်။

ထိုမေးလာမှုကြောင့် ဒေါက်တာကေ့သ်ဆင့်ပ်ဆန်သည် သူ၏ ရွှေဝါရောင်မျက်ခုံးတန်းများကို အထက်သို့ အတန်ငယ်ပင့်ချီလိုက်ပြီးမှပဲ



www.burmeseclassic.com

www.burmeseclassic.com



အဖြေကို ဤသို့နှယ်ပေးလေသည်။

"အဖြစ်က ဒီလိုပါ။ ဒီသည်းခြေကျောက်ဆိုတာကတော့ ကျုပ်လို ဆရာဝန်တစ်ယောက်နဲ့ ရင်းနှီးပြီးသားပဲလေ။ ဒါပေမဲ့ မိန်းမတစ်ယောက်ရဲ့ ကိုယ်ထဲကအရာအဖြစ် ယူဆနိုင်တာကတော့ သေသူမစ္စဂျူရှန့်ဒယ်ကွန်လို အမျိုးသမီးတစ်ဦးရဲ့ အသက်အရွယ်အရ ချမ်းသာတဲ့ အခြေအနေအတိုင်း ကိုယ်ထဲမှာ အဆီတွေစုဝေးနေတဲ့ သည်းခြေကျောက်စလေးကို ငရဲမီးက တိုက်စားနိုင်ခွင့် မရလိုက်တဲ့အတွက်သာ အခုလို ကျန်နေခဲ့တာဖြစ်မယ်လို့ တွက်ဆမိလိုက်လို့ပါပဲ။ ခင်ဗျား အဲ့ ကျောက်စလေးတွေကို အသေအချာထားပြီး ကောင်းကောင်းအုံခြ လောက်စရာတွေ ထပ်ပြီးတွေ့ရဦးမှာ အမှန်ပဲ" ဟူ၍ စကားကိုနိဂုံးချုပ်လိုက်သည်။

## မျော်ကဲ့သို့စွမ်းလေသလား

စကော့တလန်ယာဒ်ဟူသော ကမ္ဘာကျော်စုံထောက် အဖွဲ့အစည်းကြီးအတွက်ရည်ရွယ်၍ မှုခင်းဆေးပညာစာအုပ် ခုနစ်အုပ်တိတိရေးသားပြုစုခဲ့ဖူးသူ ဂိုင်း(Guy)ဆေးရုံကြီးရှိ လန်ဒန်တက္ကသိုလ်နှင့်ပတ်သက်ရေ သော တရားရုံးဆိုင်ရာ မှုခင်းဆေးပညာဌာနတွင် ပါဝင်ပတ်သက်ဖူးသူ လည်းဖြစ်၍ အောက်စဖို့ဒ်တက္ကသိုလ်ကြီးတွင် သင်ကြားပြသနေသူ တစ် ဦးပါဖြစ်နေသူ ဒေါက်တာကေ့သ်ဆင့်ပ်ဆန်(Dr. Keith Simpson) သည် နှစ်ဆယ့်တစ်ရာစု၏ စုံထောက်ရှားလော့ဟုမ်း(စုံထောက်ဦးစံရှား ဆိုက မှားမည်မဟုတ်ပြီ။ သူသည် စုံထောက်မှုအတတ်ပညာတွင် အာရုံ စားမှုသာ ကြီးမားနေရုံမျှမဟုတ်၊ သေသူတစ်ဦးတစ်ယောက်၏ ကိုယ် ပေါက ဒဏ်ရာဒဏ်ချက်၊ အပေါက်အရာ၊ အကြီးအသေးစသည်တို့ပေါ် စစ်ဆေးလေ့လာ၍ ဒီလူ ဘာကြောင့်ဓာတ်သိမ်းရသည်၊ သေသွားရသည်





အနက်အဓိပ္ပာယ်မှာ ဘယ်လိုသဘောရှိသည် စသည်ဖြင့် အတိုးအကြွင်း နှင့်အညီ တင်ပြနိုင်၍ တရားရုံးနှင့်ပတ်သက်သော ဆေးဘက်မှုခင်း အကြောင်းတို့တွင် ကျွမ်းကျင်နှံ့စပ်သူ ပညာရှင်တစ်ဦးပဲ ဖြစ်ပါလေ၏။ သူက စုံထောက်ရှားလော့ဟုမ်းကဲ့သို့ပင် လောင်းကုတ်အင်္ကျီကို အသေ ထပ်ဝတ်ထားပါ၏။ ကိစ္စတစ်ခုခုကို အာရုံစူးစိုက်၍အဖြေရှာရာတွင် အင်မတန်စိတ်လက်ရှည်သူတစ်ယောက်။ ပြီးတော့ သူ့တွင်အရာရာသာ ပြည့်ချလောက်ရအောင် မကုန်နိုင်မခန်းနိုင်သော ပညာဗဟုသုတများတော့ အပြည့်အဝ။ သူသည် ဆာရ်အာသာကိုနင်ဒွိုင်းလ် ရေးသားဖန်တီးလိုက် သော စုံထောက်ကြီးရှားလော့ဟုမ်းသေလို့ ဝင်စားလာသူပေလားဟူ၍ပင် ထင်မှတ်လောက်အောင် တော်လွန်း၊ စွမ်းလွန်းနေတော့သည်။

နယူးယောက်မြို့မှ ဆေးဘက်ဆိုင်ရာ စစ်ဆေးအုပ်ချုပ်ရေးမှူးကြီး ဒေါက်တာမီလ်တန်ဟယ်လ်ပန် တစ်ခါတုန်းက စာရေးသူအားပြောလာ ပုံမှာ "ကမ္ဘာပေါ်မှာရှိတဲ့ ကွန်ပျူတာတွေအားလုံးထဲက စက်ခလုတ် ခေါင်းလောင်းတွေအားလုံး သူ့ကိုယ်မှာ တပ်ဆင်ထားလိုက်သလိုပဲ။ သူ တစ်ခုခုကို အာရုံစူးစိုက်ပြီး စဉ်းစားလိုက်တာနဲ့ ဒက်ခနဲအဖြေချက်ချင်း ပေါ်သွားတာချည်းပဲ။ ဒေါက်တာဆင့်ပ်ဆန်ဆိုတဲ့ပုဂ္ဂိုလ်ဟာ အမြဲတမ်း ခေါင်းလောင်း အဆက်မပြတ်မြည်နေတဲ့ လူတစ်မျိုးပဲဗျ" ဟူ၍ပင် ဖြစ်သည်။

တစ်ခါတွင် ဒေါက်တာကေ့သ်ဆင့်ပ်ဆန်သည် ပင်လယ်အရပ် မြို့တစ်မြို့ဆီမှ ရေထဲကပေါ်လာသော ကြိုးတုပ်ထားသည့် သေသူတစ် ယောက်၏ အမှုနှင့်ပတ်သက်၍ အဖိတ်အခေါ်ခံရလျက် အဖြေ ဖော်ထုတ် ဖို့ ရောက်သွားခဲ့လေသည်။ သူရောက်မသွားမီတုန်းက ဖုန်းထဲမှ ရဲ၏ စကားသံက "ကြည့်ရတာတော့ တစ်ယောက်ယောက်က သတ်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ကြိုးတုပ် ရေထဲနှစ်မြှုပ်ချထားလိုက်ပုံပဲဗျ" ထင်မြင်ချက်ပေးခဲ့သေးသည်။ ဒေါက်တာဆင့်ပ်ဆန် ထိုမြို့သို့အရောက် မဆုတ်မဆိုင်းပင်အလောင်းရှိရာသို့ရောက်သွားရလျက် စစ်ဆေးရာက သူ၏စက္ကူရီတော်ရီ (အတွင်းရေးမှူး) အား တစ်ခုချင်းလိုက်မှတ်ခိုင်းနေသည်။

"သေသူယောကျ်ားဟာ အသက်၄၀ဝန်းကျင် ရှိရမယ်။ အားကောင်းမောင်းသန်ပုံစံ။ သူ့ကိုယ်မှာ တခြားထုနှက်ရိုက်ပုတ်ထားတာခံစားရတဲ့ ဒဏ်ရာချက်မှမရှိဘူး။ ကိုယ်ပေါ်မှာ ဆေးမင်ကြောင်တွေထိုးထားတယ်။ သူဟာ ရေလမ်းခရီးမှာ ကျင်လည်မှုရှိတဲ့ သင်္ဘောသားဖြစ်ရမယ်။ ဒါတော့ နောက်မှခွဲစိတ်စစ်ဆေးပြီး အဖြေအတိအကျရမယ်။ ကျုပ်ထင်တာ လုံးဝမလွဲဘူးဆိုရင်တော့ ဒီလူဟာ အသတ်ခံရတာမဟုတ်ဘဲ ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်ပြီး ဆုံးသွားရတဲ့ပုံစံပဲ"

ထိုအဖြေ ဒေါက်တာဆင့်ပ်ဆန် နှုတ်မှထွက်အသွား ထိုအမှုကို တာဝန်ယူနေသူ စုံထောက်က-

"အို... မဟုတ်တာဘဲဗျာ။ သေချင်တဲ့သူက သူ့ကိုယ်သူ ဒယ်အိုးထဲ ဆင်းရတော့မယ့်ကြက်လို ကြိုးအချည်ခံနေဦးမှာတဲ့လား" ဟု အကြောက်အကန်ပုံစံဆောင်ရင်း ငြင်းသည်။

ဒေါက်တာဆင့်ပ်ဆန်က "အဲဒါ ခင်ဗျား သေသေချာချာမကြည့်ဘဲ ယေဘုယျအမြင်နဲ့ အဖြေရှာလိုက်တာပါ" ဟုဆို၍ တစ်ဆက်တည်း "သူ့ကိုယ်ပေါ်က ကြိုးတွေချည်ထားတဲ့ပုံစံကို ခင်ဗျားတစ်ခုချင်း သေသေချာချာကြည့်လေ။ ကြိုးတွေသွားနေတဲ့ပုံစံဟာ အပေါ်ဘက်ကိုချည်ပြီး တက်သွားတဲ့အနေအထားမျိုးပဲ။ ဒါကိုကြည့်ရရင် ဒီလူဟာ သူကိုယ်တိုင်ပဲ သူ့လက်နဲ့၊ သူ့သွားတွေနဲ့ သူကိုယ်ပေါ်ကို ကြိုးတွေကိုအပတ်တကုတ်





နဲ့အားယုတ်ပြီး ချည်ခဲ့တယ်ဆိုတာ ထင်ရှားနေတယ်လေဗျာ"

တစ်ပြိုင်နက်မှာပင် သူက လက်နိပ်ဓာတ်မီးဖြင့် သေသူ၏ပါးစပ်ကို ဖွင့်ဟဖြဲ၍ မီးထိုးပြလိုက်လေသည်။

"ခင်ဗျား ဂရုစိုက်ပြီးကြည့်လိုက်။ သူ့ရှေ့ဘက် သွားနှစ်ခုရဲ့ အက်ကြောင်းကြားမှာ ကိုက်ထားလို့ ကျန်ခဲ့တဲ့ကြိုးမျှင်စလေးတွေ ညပ်နေတာမြင်ရလိမ့်မယ်"

သို့နှင့် စုံထောက်ဘက်မှအရာရှိက ပြောသည့်အတိုင်း ဟုတ်မဟုတ် စစ်ဆေးကြည့်လိုက်ရာ မှန်ကန်နေသည်ကို တွေ့လာရတော့သည်။ မရှေးမနှောင်းမှာပင် သေသူသည် သင်္ဘောသားဖြစ်လျက် ရေကူးလည်း ကျွမ်းကျင်နေသည်မို့ အကယ်၍ ခုန်ချမိပြီးမှ စိတ်လည်၍ ပြန်ရှင်ချင်လာလျှင် ကုန်းပေါ်ပြန်တက်မိနိုင်သောကြောင့် သူ့ကိုယ်သူ စိတ်ချလက်ချရှိစေရန် ယခုကဲ့သို့ ကြိုးတုပ်လိုက်ခြင်းဖြစ်နိုင်ကြောင်း အနီးစပ်ဆုံး တွက်ဆနိုင်လာဖြစ်သည်။

လွှဲခဲ့ပါဘိ

ဒေါက်တာကေ့သ်ဆင့်ပ်ဆန်အား ၁၉၀၇ခုနှစ်၌ ခဲပ်စ်ဆတ်ဖြိုဆိုသောအရပ်တွင် ဖွားမြင်ခဲ့ပါ၏။ သူသည် ၁၉၂၄ခုနှစ်တွင် နိုင်းဆေးရုံနှင့် ဆေးသင်တန်းကျောင်းကြီးသို့ ရောက်သွားရာမှ သေဆုံးသည့်တိုင်အောင် ထိုဌာနတွင်ပင် မြဲနေခဲ့သည်။ သူသည် ကျောင်းသင်တန်းသားဘဝတုန်းကပင် ဆုများချီးမြှင့်ခံခဲ့ရသည်။ ၁၉၃၁ခုနှစ်တွင် ရဲဘက်ဆိုင်ရာ ဆေးမှူးခင်းပိုင်း၌ တာဝန်အပ်နှင်းခြင်းခံရလျက် သူစစ်ဆေးရသော အလောင်းများမှာ တစ်သိန်းထက်ပင်မကဝင် ရှိလိမ့်မည်ဟုခန့်



www.burmeseclassic.com

www.burmeseclassic.com



သူ၏ ခပ်စောစောပိုင်းက ဖြေရှင်းဖော်ထုတ်ခွင့်ရလိုက်သော 'ဗွန်ဘာလေကွန်း လူသတ်မှု'၌ သူ့သတင်းများက ကျော်ကြားရခြင်း အဖြစ်သို့…။

မိန်းမသားတစ်ဦးပိုင်ဆိုင်သော စားသောက်ဆိုင်နှင့် တည်းခိုခန်းတွင် ဖြစ်ပွားလာရသော လူသတ်မှုပါပင်။ ထိုအမှုအခင်းကြီးအား သီတင်းပတ်အတော်ကြာ ဖြေရှင်းဖော်ထုတ်မရနိုင်ဘဲ ရှိနေသည်။ ကျွမ်းကျင်သော လူသတ်သမားတစ်ဦး၏ လက်ချက်ပုံစံမျိုး။ ဗွန်ဘာလေကွန်း စားသောက်ဆိုင်ထဲသို့ ဖောက်ထွင်းဝင်ရောက်ရာမှ ဆိုင်ပိုင်ရှင်အမျိုး သမီးအား လည်မျိုကိုညှစ်သတ်၍ လုပ်ကြံသွားသည့်သဖွယ်။ ဟာရီလူး ဂန်းဆိုသူက "ကျုပ် လူမသတ်ခဲ့ပါဘူးဗျာ။ မိန်းမတစ်ယောက် ကြောက် လန့်ပြီးအော်လိုက်ရင် ဘယ်လောက်ကြောက်စရာကောင်းသလဲဆိုတာ ခင်ဗျားတို့လည်း သိမှာပါပဲ"

ရဲဘက်မှ ဒေါက်တာကေ့သ်ဆင့်ပ်ဆန် ဖော်ထုတ်နိုင်ခဲ့သည့် အစီရင်ခံစာမှုရင်းတွင် သတ်ဖြတ်သူ၏ လက်ပုံစံကို သေသူ၏လည်မျို ပေါ်က တွေ့ရှိချက်အရ ပုံပန်းမလှမပသည့် အသွင်ရှိနေတာ ဖတ်ရှုဖြစ် လိုက်ရသည်။ ဟာရီလူးဂန်း၏ ညာဘက်လက်က သေသူ၏လည်တိုင် ပေါ်မှ လက်ရာနှင့်တထေရာတည်း၊ တစ်ပုံစံတည်း။

ထိုအမှုဖြင့် တရားခွင်ပေါ် ရောက်လာရသော ဟာရီလူးဂန်းက သည်အမှုတွင် သူအပြစ်ကင်းစင်ကြောင်း အကြောက်အကန်ငြင်းချက် ပြုသည်။ ဖြောင့်ချက်အမှန်အတိုင်း မပေး။ နိုင်ငံတကာ ဆေးဘက်ဆိုင် ရာ ဆေးမှုးဆာရ်ဘားနက်စပီးလ်ဗွရီသည် တရားခံအား မခိုင်လုံဘဲနှင့် အပြစ်မသက်ရောက်စေချင်။ သို့မို့ကြောင့် လက်ကို အမျိုးမျိုးဆွဲလှုပ် နှုတ်ဆက်ပုံနှင့် စစ်ဆေးခြင်းများ ပြုလုပ်လေသည်။ တရားခံမှာ လက်





အင်အား သိပ်ပြောင်းနဲ့လွန်းလှ၍ လည်ပင်းညှစ်နိုင်အား ခရှိလောက်ဟု ကောက်ချက်ချလိုက်ရာ အမှုမှ ကွင်းလုံးကျွတ်လွတ်ဆေးလိုက်ပါသော အမှုကိုပါ ထိုအနေအထားနှင့်ပင် ရပ်တန့်ထားလိုက်သည်။

မည်သို့ဆိုစေ…

နှစ်အားဖြင့် နှစ်နှစ်ဆယ်ကြာလာသော အမှုတစ်ခုအား ဥပဒေ ဘက်ကလည်း ပြန်လည်ရုံးတင်စစ်ဆေးခြင်းများ ရှိမနေသည့်အလျှောက် တစ်ခါတုန်းက ကံကောင်းထောက်မစွာ လွတ်မြောက်ခွင့်ကြုံသွားရသော တရားခံဟာရီလူးဂန်းသည် ထိုအခါကျတော့မှပင် အမှန်အတိုင်း ဖြောင့် ချက်ပေးခြင်း ပြုလာပါတော့သည်ကော။

"ဟုတ်ပါတယ်။ ကျုပ် အဲဒီမိန်းမကို သတ်လိုက်တာပါ"

ဘာပဲပြောပြော ဒေါက်တာကေ့သ်ဆင့်ပ်ဆန် ဖော်ထုတ်သမျှတိုင်း သည် လွဲရန်ခဲယဉ်းလှကြောင်း ခိုင်မာလှသော သာဓကများပင် ဖြစ်နေ ပါသတည်း။

## ချယ်ရီလို ပန်းနုရောင်

အသက် ၆၃နှစ်သို့ ရောက်ရှိလာသော ပရော်ဖက်ဆာ ဒေါက် တာ ကေ့သ်ဆင့်ပ်ဆန်သည် ခွဲစိတ်ခုံပေါ်ရောက် လူသေအလောင်းခြောက် လောင်းခန့်ကို နေ့စဉ်ရက်ဆက် မပြတ်စတမ်း စစ်ဆေးနေရဆဲ ရှိနေသေး ၏။ ပြီးတော့ တရားရုံးခွင်အတွက် ဆေးရှုထောင့်ပိုင်းမှ တွေ့ရှိသမျှထွေ ပေးနေရဆဲပင်။ ကလောင်နာမည်တစ်ခုသုံး၍ သူကြုံလာသမျှ မှုခင်း တိုင်းကို စာအုပ်များအဖြစ် ရေးသားပြုစုနေလျှက်။ သူ့စာအုပ်တိုင်းသ တရားရုံးခွင်နှင့်ပတ်သက်နေသော ဆေးမှုခင်းပညာပေးများသော ဖြစ် လျှက် ဆရာဝန်တို့၏လက်စွဲပါ ဖြစ်ခဲ့ရသည်။-



www.burmeseclassic.com

www.burmeseclassic.com



ထိုအနက်က ကျော်ကြားလှသိများလာသော မှုခင်းကတော့ "ပေါ်တူဂီ ကဏန်းအမှု" ကြီးပင် ဖြစ်ပါတော့သည်။

၁၉၅၉ခုနှစ်ပိုင်းက သွားစိုက်ဆရာဝန်မိသားစုသည် ဗြိတိသျှနိုင်ငံသို့ အလည်အပတ်ရောက်ရှိ၏။ လိစ်တွန်းအနီးမှ မိုတယ်တည်းခိုဆောင်သို့ သွားရောက်တည်းခိုပြီး မကြာခင် သူတို့မိသားစုသည် ကဏန်းဟင်းလျာနှင့် အမဲသားဟင်းလျာများကို ညစာအဖြစ် စားသုံးကြသည်။ နောက်တစ်နေ့နံနက် အမေတော၊ အဖေပါ တည်းခိုခန်းအတွင်း အသက်ပျောက်နေရသည့် အဖြစ်သို့။ ထိုအချိန် ရင်သွေးငယ်နှစ်ယောက်ကတော့ အခြားသောအခန်းထဲတွင် တဟင့်ဟင့် ငိုရှိုက်နေသည့်အဖြစ်များနှင့် အန်ထားသော အန်ဖတ်များအရ ပေါ်တူဂီရဲအရာရှိများက အစာအဆိပ်သင့်ရခြင်းအကြောင်းပင် ဖြစ်ရလိမ့်မည်ဟူ၍ ကောက်ချက်ချလိုက်ကြသည်။

သို့သော် သွားစိုက်ဆရာဝန်သည် သေခြင်းနှင့်ပတ်သက်၍ ရှေးမဆွကတည်းကပင် သူ့အသက်ကို မတော်တဆမှုအာမခံဌာနကြီးတွင် ဒေါ်လာတစ်သောင်းနှင့် အပေါင်ခံလက်မှတ် ရယူထားပြီးသားဖြစ်၍ အန်ထားသော အန်ဖတ်များပေါ်မှတစ်ဆင့် နေမကောင်းမှုအဖြစ်နှင့်သာ အမှုကို စာတ်သိမ်းလိုက်ခြင်းအား စကော့တလန်ယာဒ်စုံထောက်ဘက်မှ မကျေနပ်နိုင်ဘဲ ပေါ်တူဂီအာဏာပိုင်များအား ထိုသို့ နိဂုံးမချုပ်သင့်ကြောင်း အကြောင်းကြားလိုက်သည်။ ထို့နောက် သေသူတို့၏ အတွင်း ကိုယ်ထဲက ကလီစာများကို အင်္ဂလန်နိုင်ငံသို့ သယ်ဆောင်ယူလျက် စစ်ဆေးခြင်းများ ပြုလုပ်သည်။

တစ်ပြိုင်နက်တည်းမှာပင် ဒေါက်တာကျော်ဆင့်ပ်ဆန်က သေသူတို့၏ခြေထောက်ဆီမှ အရည်များကိုခံယူ၍ နမူနာအဖြစ် စစ်ဆေးခြင်းများ ပြုလုပ်၏။ ထိုရောအခါ ထိုအရည်များထဲတွင် မသင်္ကာဖွယ်ကောင်းသော ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့များကို သွားရောက်တွေ့ရှိလိုက်ရသည်။

ထိုအခါ သူက ထောက်လှမ်းရေးဘက်မှ သူများအား မေးကြည့်ဖြစ်သည်။

"သေသူတွေတည်းကြတဲ့နေရာက ရေချိုးခန်းမှာ ရေနွေးလွှတ်တဲ့အပူစက်ကော တပ်ထားသေးလား"

စုံစမ်းထောက်လှမ်းရေးမှူးများက တွေ့ခဲ့ကြောင်းဖြေ၏။

ဒေါက်တာဆင့်ပ်ဆန်သည် အမှုကို ကွင်းဆက်ချိတ်ကြည့်သည်။ သွားစိုက်ဆရာဝန်နှင့်ဇနီးသည် အိပ်ဖို့ရာ အိပ်ရာကိုပြင်ဆင်လိမ့်မည်။ မအိပ်မီ ရေချိုးဖို့ပြင်မည်။ ရေနွေးအပူစက်ကိုဖွင့်ချေမည်။ သို့သော် အပူစက်တွင် တစ်စုံတစ်ရာသော အပြစ်အနာအဆာဖြင့် ချို့ယွင်းနေပုံ၊ ထိုအခါ သေစေလောက်သော ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့များက အိပ်ခန်းထဲသို့တိုင် ပျံ့နှံ့လာပုံရသည်။ မိဘများက စက်ထဲမှပျံ့လွင့်လာသည့် ဓာတ်ငွေ့ဦးတည်ရာအခန်းနှင့် နီးကပ်နေသည်ဖြစ်၍ ပိုမိုမွန်းသွားရဟန်ရှိသည်။ ထို့ကြောင့် သေခဲ့ရသည်။ ကလေးများကတော့ အခန်းကျော်၍ အသက်ရှင်ခွင့် ရသွားခြင်းပါပင်။

ဒေါက်တာဆင့်ပ်ဆန်ဘက်မှ ခြေခြေမြစ်မြစ်နှင့် အထောက်အထား ပြနိုင်လာသည့်အလျောက် အသက်အာမခံ အပေါင်ဌာနကြီးက အလျော်အစားငွေကို ထုတ်ပေးဖို့ ဘယ်လိုမှမငြင်းဆန်သာတော့ပြီ။ ဒေါက်တာဆင့်ပ်ဆန်က ဘာ့ကြောင့် အစာအဆိပ်သင့်ခြင်း မဟုတ်တော့ဘဲ ဓာတ်ငွေ့ရှူမိခြင်းဟု တပ်အပ်ပြောနိုင်ခဲ့သနည်း။

"ချယ်ရီပန်းလို ပန်းနုရောင်ပုံစံရဲ့ ကိုယ်ခန္ဓာတွေကို တွေ့လာရ







www.burmeseclassic.com

www.burmeseclassic.com



လို့ပါပဲ။ အန့်ဖတ်ဆိုတာ အစာအဆိပ်သင့်တာကြောင့် ထွက်လာနိုင်သလို ဓာတ်ငွေ့အဆိပ်သင့်ရတဲ့အခါလည်း အန့်သွားမိတတ်တာပါပဲ။ ဒီကနေ့အထိ ကထာန်းစားမိပြီး အန့်သေရတဲ့မသာကို မတွေ့မိဖူးပါဘူး။ ဒီရာသီလည်း သိပ်ဆိုးဆိုးရွားရွား မဖြစ်စေနိုင်တဲ့ ရာသီတစ်ခုပါ"

## မိန်းမတစ်ယောက်ကို ဖော်ထုတ်ခြင်း

အမှုအခင်းတစ်ခုတွင်း၌ ဖော်ထုတ်ဖို့ခက်လှသော ဖြစ်ရပ်များမှာ လူ၏ကိုယ်အစိတ်အပိုင်းများအား တစ်စစီတွေ့ရှိရာမှတစ်ဆင့် ရုပ်လုံးပေါ်အောင် ရှာကြံရခြင်းပင်ဖြစ်သည်။ ၁၉၄၂ ခုနှစ်၊ ဇူလိုင်လတစ်နံနက်။ လန်ဒန်မြို့ရှိ တစ်ခုသောမြေသားအတွင်းမှ ဖော်ထုတ်ရရှိသော အပုပ်နံ့ဟပ်အရိုးများ၊ ပုပ်သိုးပျက်ယွင်းနေသည့် အသားတစ်များအား ပါဆယ်ထုတ်လျက် ဒေါက်တာကေ့သ်ဆင့်ပ်ဆန်ထံသို့ အမှန်ကိုဖော်ထုတ်ပေးဖို့ ပေးပို့လာကြသည်။ တောင်ပိုင်း၊ လန်ဒန်ဘက်ပ်တစ်ရှာချ်ကျောင်း၏ အောက်ဘက်မြေတိုက်ရှိ မြေသားအတွင်းမှ တွေ့လာရခြင်းပါပင်။

"အလောင်းကိုကြည့်ရတာတော့ ဗုံးဆန်မှန်ထားတဲ့ပုံပ" ဟု စုံထောက်ဘက်မှကောက်ချက်က ဤမျှသာ။

ဒေါက်တာဆင့်ပ်ဆန်က အစိတ်အပိုင်းတွေအပေါ် စစ်ဆေးသုံးသပ်ရာမှ "မိန်းမတစ်ယောက်ရဲ့ အလောင်းဆိုတာတော့ သေချာနေပြီ။ ဘာကြောင့်လဲဆိုတော့ အလောင်းကိုယ်အစိတ်အပိုင်းမှာ သားအိမ်ပုံစံကို တွေ့မြင်ရလို့ပဲ။ သေနေတာတော့ ၁၂လကနေ ၁၈လအကြား။ ပိုသေချာသွားအောင် ဓာတ်ခွဲခန်းကို ယူကြည့်လိုက်မယ်"

ရှိင်းဆေးရုံကြီးအရောက် အရိုးတွေကို ဆေးကြောလိုက်လျက် စတင်၍ အသေအချာပင် စစ်ဆေးနေတော့သည်။





"လေကြောင်းကပစ်ခတ်တဲ့ ဗုံးဆန်ကြောင့် ကိုယ်တွေတစ်စချင်းဖြတ်ထွက်သွားရတာတော့ မဖြစ်နိုင်ဘူး"

ဒေါက်တာကေ့သ်ဆင့်ပ်ဆန်သည် ကျစ်ရစ်နေသော ရှည်လျားသည့်အရိုးကို တိုင်းတာနေပြန်၏။ ၄၀ စင်တီမီတာ အတိုင်းအတာအရ ထိုသေသူအမျိုးသမီးမှာ အရပ်ငါးပေတစ်လက်မ အမြင့်ရှိနိုင်ရမည်မလွဲ။ ဦးခေါင်းခွံကို မှန်ဘီလူးဝိုင်းနှင့် စေ့စေ့စပ်စပ် ကြည့်ရှုလိုက်သည့်တွင် အသက်လေးဆယ်နှင့်ငါးဆယ်အကြား ရှိနေနိုင်သည်ကိုပါ ခန့်မှန်းလာနိုင်ခဲ့သည်။ ထို့အတူ ဝမ်းဗိုက်ထဲတွင် အကျိတ်အဖုလုံးတစ်ခုပါ ရှာတွေ့လာ၏။

စကော့တလန်ယာဒ်ဌာနကြီးမှ လူပျောက်မှတ်တမ်းဖိုင်တွင် စုံထောက်တစ်ယောက်က ရူးစမ်းခြင်းပြုသည်။ ထိုပျောက်သည့်အနက်က မိန်းမတစ်ဦး၏ အမည်နာမနှင့်များ သွား၍ကိုက်ညီနေမည်လားမသိ။ ရာချယ်ဒေါ်ဗ်ကင်၊ အသက်လေးဆယ့်ကိုးနှစ်။ လန်ဒန်ဆေးရုံကြီးသို့ ဘက်ရောက်၍ ဗိုက်ထဲမှအကျိတ်ကို ကုသခံဖူး၏။ သူပျောက်နေသည်မှာ တစ်ဆယ့်ငါးလပင် ရှိတော့သည်။ သူ့အား နာကြည်းနေသော ခင်ပွန်းသည် ဟယ်ရီအား ချာ့ချ်ကျောင်းအနီးရှိ ကင်းတဲမှ သွားဖမ်းမိခဲ့တော့သည်။

ခင်ပွန်းလုပ်သူသည် ငွေအတွက် ဇနီးအားသတ်ခြင်းပင် ဖြစ်နိုင်ကြောင်း ညီမဘက်က သက်သေထူလာခြင်းပင်။

"အဲဒါ စာအုပ်ထဲက ကိုနင်ဒွိုင်းလ်ရဲ့ဇာတ်လိုက်ကြီး ရှားလော့ဟုမ်းရဲ့ဝိညာဉ် ဒေါက်တာကေ့သ်ဆင့်ပ်ဆန်ကိုယ်ပေါ် ဝင်ပူးခဲ့လို့သာ အခုလို စွမ်းစွမ်းတမံနဲ့ အမှုတွေကို ဖော်ထုတ်နေနိုင်တာ ဖြစ်လိမ့်မယ်။ ဒါမှမဟုတ် သေသွားတဲ့စုံထောက်ကြီး ရှားလော့ဟုမ်းများ ပြန်ဝင်စားလာရောသလား"



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါစကားကို ရင်ဖွင့်လာသူကတော့ လူငယ်သတင်းထောက်တစ်ဦးပင်ဖြစ်၏။ မည်သို့ဆိုစေ… ဒေါက်တာကျော်သဆင့်ပ်ဆန်ကတော့မှ အမှုတစ်မှုတိုင်းကို ဖော်ထုတ်ရာတွင် ပဥ္စလက်အလား စွမ်းစွမ်းတမံရှိလွန်းလှသော ဂမ္ဘီရပညာရှင်တစ်ဦး အလားပါပင်တည်း။ ॥

*ဂမ္ဘီရမဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၂၀၀၂။*



www.burmeseclassic.com